www.burmeseclassic.com

သိုက်ဖွား

# တစ္ဆေညည်းသံနှင့် မကောင်းဆိုးဝါးသုံးကောင်



www.burmeseclassic.com

သိုက်ဖွား
ထွက်ရှိပြီး ချောက်ချောက်ချားချားလုံးချင်းဝတ္ထုသစ်


၁။ ကိုးသင်္ချိုင်းအမိဗွာန်ရှင်
၂။ အဆောင်မှာခြောက်တဲ့ သရဲကြီး
၃။ တစ္ဆေဖိုင် နံပါတ် ၁၃
၄။ သရဲလိုက်ဂူ
၅။ သေရွာပြန်တမလွန်ခရီး
၆။ တတိယမြောက် သေရွာပြန်တမလွန်ခရီး
၇။ တစ္ဆေ ရှိ၊ မရှိ
၈။ မောရဂြိုဟ်မှ ကြမ္မာရိုင်း
၉။ တစ္ဆေညည်းသံ
၁၀။ မကောင်းဆိုးဝါး


ယခုလထွက်ရှိ


၁၁။ မြေအောက်ဂူနန်း


# သိုက်ဖွား

တစ္ဆေညည်းသံနှင့်မကောင်းဆိုးဝါးသုံးကောင် ‹

## အခန်း (၁)
## ဆင်သေချောင်းနံ့ဘေးက ကြစ်ကွင်းကြီး

တစ်ခါတစ်ရံ၌ မမျှော်လင့်သော အကြောင်းအရာများသည် လူသားတို့၏ ကံကြမ္မာကို အမျိုးမျိုးပြောင်းလဲသွားစေသည်။ မုဆိုးအလုပ်ကို လွန်စွာဝါသနာပါလှသည့် ကျွန်ုပ်သည် မုဆိုးကျော်များနှင့်အတူ တောလိုက်ရမည်ဟုဆိုသဖြင့် လွန်စွာပျော်ရွှင်နေမိသည်။

ဖခင်ကြီး ပေးထားသည့် ၀.၃၇၅ မက်နမ်အမဲပစ်ရိုင်ဖယ်ကြီးကိုလွယ်လျက် ကိုယ်ဟန်က ခပ်ကြွားကြွား။ သွေးနားထင်ရောက်မျှ စိတ်ကြီးဝင်ကာ ပြုံးပျော်သော ပီတိအဟုန်ဖြင့် ဟိုလျှောက် သည်လျှောက်လုပ်နေခဲ့သည်။ ကျွန်ုပ်၏စိတ်တွင် ယခု သားကောင်ကြီးကြီးရရှိမည့် မုဆိုးကျော်ကြီးလိုလို၊ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုထဲက မုဆိုးကျော်ကြီး အလန်ကွာတာမိန်းလိုလို စိတ်ကြီးဝင်ခဲ့သည်။

သို့သော် တကယ်တမ်း တောတွင်းသို့ဝင်ကာ မုဆိုးလုပ်ခဲ့ရာမှ မမျှော်လင့်သော အဖြစ်အပျက်များ…

ထူးခြားဆန်းကြယ်လှသည့် တောတောင်တို့၏ သဘာဝတရားများ…

ကြောက်လန့်စိုးထိတ်ဖွယ်ကောင်းသည့် အဖြစ်အပျက်များ…

တောခြောက်သည့်ဖြစ်ရပ်များ…

တောသို့အတက် တောသို့အဝင် တောတောင်၏မာယာများ…

သားကောင်များ၏ ထူးဆန်းသောဖြစ်ရပ်များ…

ကြောက်မက်ဖွယ် ညည်းညူသံကြီးများ ပေါ်ထွက်လာသည့် တောနက်ကြီး…

မကောင်းဆိုးဝါး ညည်းသံကြားပါက မည်းနက်သောကြမ္မာဆိုးနှင့် တိုးခဲ့ကြသူများ စသည့် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များကို မျက်ဝါးထင်ထင်ကြုံရသောအခါ ဤအဖြစ်အပျက်ကို မရေးဘဲမနေနိုင်အောင် ဖြစ်မိသည်။

အမှန်တကယ်တော့ ဤဖြစ်ရပ်ဆန်းများနှင့် တိုက်တိုက်-





ဆိုင်ဆိုင် တွေ့ကြုံစေရန် ဖန်တီးသူမှာ မဲလန်ရွာသား 'ဖိုးနီ' ဆိုသည့် ကောင်ကလေးပင် ဖြစ်သည်။

အကယ်၍သာ ဖိုးနီဟူသော ကောင်ကလေးသည် တောတွင်းတစ်နေရာ၌ လွှန်စွာကြီးမားသန်မာလှသည့် ဆတ်နီညိုအုပ်နှင့်သာ မတွေ့ကြုံခဲ့လျှင် ဤမျှ ထူးခြားသောအဖြစ်အပျက်တို့နှင့် တွေ့ကြုံမည်မဟုတ်ပေ။

ကျွန်ုပ် နေထိုင်ရာအရပ်မှာ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသရှိ မဲလန်ဟုခေါ်သည့် ရှမ်းရွာကလေးဖြစ်သည်။ ထိုရွာကလေးတွင် မြန်မာတောင်သူ၊ ပအို့ အစရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေပြီး အများစုမှာ ရှမ်းလူမျိုးများဖြစ်သည်။ ကျွန်ုပ်မှာ ဖခင်က မြန်မာလူမျိုးဖြစ်ပြီး မိခင်မှာ ရှမ်းအမျိုးသမီးဖြစ်၍ ရှမ်း-မြန်မာ ကပြားတစ်ဦးဖြစ်သည်။ ကျွန်ုပ်၏အမည်မှာ နိုင်းဆမ်တစ်ဖြစ်ပြီး မဲလန်ရွာတွင် မွေးဖွားခဲ့သူတစ်ဦးဖြစ်သည်။

မဲလုန်ရွာကလေးကား လွယ်ဆန်တောင်တန်းကြီးအနီး၌ရှိသော တောင်ခြေရှိ ရှမ်းရွာကလေးဖြစ်ပြီး ပတ်ဝန်းကျင်တွင် တောင်များဝန်းရံထားပြီး အမြဲစိမ်းသစ်တောများ၊ ထင်းရှူးတောများ ထူထပ်စွာပေါက်ရောက်နေသည်။ ထို့အပြင် အင်တိုင်းပင်များပေါက်သည့် အင်တိုင်းတောများ၊ ရွက်ပြတ်တောများနှင့် တစ်ဆက်တစ်စပ်တည်းရှိရာ ပတ်ဝန်းကျင်တစ်ခွင်လုံး၌ တောင်

www.burmeseclassic.com



များ၊ ချိုင့်ဝှမ်းများ၊ မြေပြန့်လွင်ပြင်များ၊ စမ်းချောင်းငယ်များနှင့် သာယာလှပေသည်။

တောအုပ်များ ထူထပ်ခြင်း၊ စမ်းချောင်းငယ်များရှိခြင်း၊ ရေမြေတောတောင်သဘာဝမှာ သားရဲတိရစ္ဆာန်များ ခိုအောင်းရန် ကောင်းမွန်လှသည့်အတွက် တောရိုင်းတိရစ္ဆာန်မျိုးစုံ ပေါများလှပေသည်။

ကျွန်ုပ်တို့ရွာသားများမှာ အများအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး အချို့မှာ မုဆိုးလုပ်ငန်းဖြင့်/ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။

ကျွန်ုပ်တို့အုပ်စုမှာ စိုက်ပျိုးရေးလုပ်ငန်းကို ဝါသနာမပါသော်လည်း မိဘများ၏ လက်ငုပ်လက်ရင်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးခဲ့ကြသည်။ သို့သော် တကယ်ဝါသနာပါသည့်အလုပ်မှာ တောပစ်ထွက်ရသည့် မုဆိုးအလုပ်ပင်ဖြစ်သည်။

ကျွန်ုပ်တို့အုပ်စုတွင် ကျွန်ုပ် စိုင်းဆမ်တစ်၊ အေးမောင်၊ ဆန်းဝင်း၊ ခွန်ဝင်းနိုင်၊ ပေါက်စ ဟူသော သူငယ်ချင်းငါးယောက်ရှိပြီး အပျော်တမ်း တောလိုက်မုဆိုးများဖြစ်သည်။ ကျွန်ုပ်တို့ရွာတွင် အတွေ့အကြုံရင့်ကျက်သည့် မုဆိုးကျော်ကြီးနှစ်ဦးရှိသည်။ သူတို့မှာ ဦးကြီးစိုင်းဘမောင်နှင့် ဘဒွေးယန်းအောင်တို့ဖြစ်ပြီး





တောလိုက်ရာတွင် လွန်စွာကျွမ်းကျင်လှသည်။

ကျွန်ုပ်တို့မှာ မုဆိုးကြီးနှစ်ဦးနှင့်အတူ တောလိုက်ခဲ့ကြသည်။

ကျွန်ုပ်မှာ တောထဲသို့ မျှစ်ချိုးသွားသည့် ဖိုးနီထံမှ လွန်စွာအဖိုးမဖြတ်နိုင်သည့် သတင်းတစ်ခုရရှိခဲ့သည်။

၎င်းသည်ကား...

'အစ်ကိုစိုင်း တောနက်ထဲက ဆင်သေချောင်းနားမှာ ဆတ်အုပ်တစ်အုပ် တွေ့တယ်'

ဟုဆိုသော စကားကို ဖိုးနီက ကသောကမျော ပြောလိုက်သည်။

'ဟေ့ကောင် ဖိုးနီ၊ မင်း တွေ့တာ သေချာလို့လား'

'သိပ်သေချာတာပေါ့ အစ်ကိုစိုင်းရယ်၊ ဆတ်အုပ်က ဆယ့်ငါးကောင်လောက်ရှိတယ်၊ ဆတ်နီညိုကြီးဗျ'

ဆတ်နီညိုကြီးဟု ပြောသဖြင့် ကျွန်တော် ပို၍စိတ်ဝင်စားသွားသည်။

ဆတ်နီညိုဆိုသည်မှာ အသက်သိပ်မကြီးသေးသည့် ဆတ်ပျိုများပင် ဖြစ်သည်။ ဆတ်တို့သဘောမှာ အသက်ကြီးလာသည်နှင့်အမျှ အရောင်မှာ ညိုမည်းမည်းအရောင်ဖြစ်သွားပြီး အမွေးများလည်း ကြမ်းလာသည်။ ဆတ်များမှာ အတာနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်း တောင်တန်းများပေါ်တွင် နေထိုင်သည့်အတွက် ဆင်သေချောင်းအနီးတစ်ဝိုက်ရှိ တောင်တန်းကြီးတွင် ဆတ်များစွာ နေလေ့ရှိသည်။

ဆတ်များမှာ မိတ်လိုက်ချိန်တွင်သာ အထီးအမတွဲနေပြီး ကျန်အချိန်များတွင် သီးခြားနေလေ့ရှိသည်။ တစ်ခါတစ်ရံမှသာလျှင် အုပ်စုနှင့်တွေ့ရတတ်သည်။

ဆင်သေချောင်းဆိုသည်မှာ ကျွန်ုပ်တို့ရွာမှ ငါးမိုင်နီးပါးသွားရသည်။ ထိုချောင်းကြီးမှာ လွယ်ဆန်တောင်တန်းကြီးအတွင်း၌ရှိပြီး ချောင်းနံဘေးတွင် တောဝွေးပင်များ၊ ရေသဖန်းပင်များ ပေါက်ရောက်နေသည်။

ထို့နောက် မြေပြန့်နှင့်ဆက်စပ်နေပြီး ဆင်သေချောင်းသည် ကွေ့ပတ်စီးဆင်းနေသည်။ ဆင်သေချောင်းမှာ တောင်ပေါ်မှစီးလာသည့် ရေများပေါင်းစုံပြီး မြေပြန့်အရပ်တွင် ချောင်းအဖြစ်စီးဆင်းခဲ့သည်။

ရှေးယခင်က ရေများ အလုံးလိုက်စီးဆင်းရာတွင် ဆင်ကြီးများ မျောပါလာပြီး တောင်အောက်သို့အရောက်၌ ဆင်ကြီးသေသွားသဖြင့် ထိုချောင်းကို ဆင်သေချောင်းဟု ခေါ်ဝေါ်ခဲ့သည်။

ထိုချောင်းအနီးတွင် သစ်ပင်ချုံပုတ်များ၊ မြက်ပင်များ၊





အပင်ပုကလေးများ ပေါက်ရောက်သဖြင့် ဆတ်များအတွက် စားကျက်တစ်ခု ဖြစ်ခဲ့သည်။

ထိုအပင်ပုကလေးများမှ အရွက်ကိုစားလိုက်၊ ရေသောက်လိုက်နှင့် လွန်စွာအဆင်ပြေလှပေသည်။

ထို့ကြောင့် ဖိုးနီပြောစကားမှာ မှန်မည်ဟု ကောက်ချက်ချလိုက်သည်။

ထိုသတင်းသာ မှန်မည်ဆိုပါက ကျွန်ုပ်အတွက် လက်ဖျားငွေသီးမည့်ကိန်း ဆိုက်ပေတော့မည်။

ကျွန်ုပ်သည် ချက်ချင်းဆိုသလိုပင် ဘဒွေးပန်းအောင်နှင့် ဦးကြီးစိုင်းဘမောင်ကို သတိရလိုက်မိသည်။ ကျွန်ုပ်သည် အိမ်နှင့်နီးသော ဦးကြီးတော်စပ်သည့် စိုင်းဘမောင်အိမ်သို့သွားရန် စိတ်ကူးကာ အိမ်မှထွက်လာခဲ့သည်။

ဦးကြီးစိုင်းဘမောင်၏ အိမ်ရှေ့သို့ရောက်သောအခါ အိမ်ရှေ့ရှိ စားပွဲနံဘေးတွင် ကုလားထိုင်နှင့်ထိုင်ကာ ရေနွေးကြမ်းသောက်နေသော ဦးကြီးစိုင်းဘမောင်ကို အခန့်သင့်တွေ့လိုက်ရသည်။

ဦးကြီး စိုင်းဘမောင်က ကျွန်ုပ်အား...

'ဟေ့ကောင် မောင်စိုင်း၊ လာလေကွာ... အကြမ်းရည်သောက်ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဦးကြီး'

ဟုပြောပြီး ကျွန်ုပ်က ဦးကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံ၌ ဝင်ထိုင်လိုက်သည်။

ထိုစဉ် နံနက်စောစောလမ်းလျှောက်ပြန်လာသည့် ဘဒ္ဒေးပန်းအောင်ကလည်း အိမ်ရှေ့မှ ဖြတ်လျှောက်လာသည်ကို တွေ့သဖြင့် ကျွန်ုပ်က...

'ဘဒ္ဒေး ခဏကြွပါဦး'

'ဟော... မောင်စိုင်းတောင် ရောက်နေမှကိုး'

'ဟုတ်တယ်၊ ဘဒ္ဒေးကို တွေ့တာနဲ့ အတော်ပဲ၊ နို့မို့ရင် အိမ်ကို လာခဲ့မလို့'

'အကြောင်းထူးရှိလို့လား မောင်စိုင်း'

'ဟုတ်ကဲ့... သတင်းတစ်ခုရလို့ ဦးကြီးရော ဘဒ္ဒေးပါ ပြောမလို့ လာခဲ့တာပဲ'

'ဒါဆို ပြောလေကွာ'

ဦးကြီးစိုင်းဘမောင်က ဤသို့ပြောလိုက်ရာ ကျွန်ုပ်က...

'ဦးကြီး စောစောက တောထဲကို မျှစ်သွားချိုးတဲ့ ဖိုးနီနဲ့ တွေ့တယ်၊ ဆင်သေချောင်းနားမှာ ဆတ်တစ်အုပ်ကို တွေ့တယ်တဲ့'

'ဟုတ်ပါ့မလား'





'သူကပြောတော့ ဆတ်တွေ ဆယ့်ငါးကောင်လောက် ရှိတယ်၊ ဆတ်တွေက နီညိုရောင်တွေလို့ ပြောတယ်'

'ဟော...'

'ဒါဆိုရင် ဖိုးနီပြောတာ မှန်လောက်တယ်၊ လူတွေက ဆတ်မည်းမည်းကြီးတွေသာ တွေ့ဖူးတာ၊ နီညိုရောင်ဆိုတော့ သိပ်အသက်မကြီးသေးဘူး၊ အရွယ်ကောင်းတဲ့ ဆတ်ပျိုတွေပဲ၊ ဘယ်နေရာမှာ တွေ့တာတဲ့လဲ'

'ဆင်သေချောင်းနားမှာတဲ့'

'ဖြစ်နိုင်တယ်၊ တကယ်လို့ ဆတ်မတွေ့လည်း အခြားတိရစ္ဆာန် တွေ့နိုင်တယ်၊ တောဝက်တို့ ချေတို့လည်း တွေ့နိုင်တယ်'

'ဟုတ်တယ် ဦးကြီးရ၊ ဆတ်အုပ်တွေ့တယ်ဆိုတော့ ကျွန်တော်တို့ဘက်ကလည်း လူအင်အားများမှဖြစ်မှာ'

'ဟုတ်တယ်ကွယ့်'

ဘဒ္ဒေးပန်းအောင်က ဝင်ပြောလိုက်သည်။

'ဘဒ္ဒေးပန်းအောင် ကျွန်တော်တော့ ကျွန်တော်တို့အဖွဲ့သားအားလုံးကို ပြောလိုက်မယ်၊ လိုက်ချင်တဲ့လူ လိုက်လို့ရအောင်'

'အေး... အဲဒီအစီအစဉ် ကောင်းတယ်၊ ဒါဆိုရင် အေးမောင်တို့ ဆန်းဝင်းတို့ပါ ခေါ်လိုက်လေ'

'ဟုတ်ကဲ့ ဦးကြီး'



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ကျွန်ုပ်၏ အဖွဲ့သားလေးဦးကို သွားခေါ်ခဲ့သည်။

ထို့နောက် ဦးကြီး၏ စားပွဲတွင် ကျွန်ုပ်အပါအဝင် စုစုပေါင်း ခုနစ်ယောက်တိတိ ဆွေးနွေးခဲ့ကြသည်။ ကျွန်ုပ်တို့ အပျော်တမ်းလှူငယ်မှုဆိုးအဖွဲ့မှာ ဆတ်အုပ်ဆိုကတည်းက ပစ်ချင်လွန်းလှသဖြင့် လက်ယားနေသည်။

'ဦးကြီး ကျွန်တော်တို့က ရစ်လောက်သာ ပစ်ဖူးတာ၊ ဆတ်တို့ တောဝက်တို့ကို တစ်ခါမှမပစ်ဖူးဘူး'

'ဒါပေါ့ကွာ… ဦးကြီးတို့လည်း တောလိုက်ကာစတုန်းက မင်းတို့လိုပေါ့၊ တောလိုက်ရင်းနဲ့ တောကျွမ်းသွားတာပဲ'

'ဟုတ်တယ်၊ ကျွန်တော်တို့လည်း တောကျွမ်းသွားအောင် ဦးကြီးတို့နဲ့ အတူတူ တောလိုက်မှဖြစ်မယ်'

'အေး… ဒါဆို အချိန်ဆွဲမနေနဲ့၊ မနက်ဖြန် မနက်စောစော တောလိုက်မယ်'

'ကောင်းတယ် ဦးကြီး'

ထိုစဉ် ဘဒွေးပန်းအောင်က…

'တောသွားရင် အနည်းဆုံး သုံးလေးရက်လောက် ကြာလိမ့်မယ်၊ တောထဲမှာစားဖို့ ရိက္ခာခြောက်နဲ့ ဆန် ဆီ ဆား စတာတွေ ယူသွားရမယ်၊ ပြီးတော့ ဆေးဝါးလေး ဘာလေးလည်း





ယူခဲ့ဦးမှ' ဟု ထပ်ပြောလိုက်ရာ ကျွန်ုပ်အပါအဝင် လူငယ်တစ်စုက…

'ကျွန်တော်က ဆန် ဆီ ဆား ယူခဲ့မယ်'

'ကျွန်တော်က ရိက္ခာခြောက်ယူခဲ့မယ်'

'ကျွန်တော်က ဆေးဝါးယူခဲ့မယ်'

ဟု ဝိုင်းပြောရာ အားလုံးအဆင်ပြေသွားခဲ့သည်။

နောက်တစ်နေ့ နံနက်တွင်…

စုရပ်အဖြစ် ဦးကြီးစိုင်းဘမောင်အိမ်၌ တွေ့ဆုံခဲ့ကြသည်။

ဦးကြီးစိုင်းဘမောင်က ကောက်ညှင်းပေါင်းနှင့်ငါးခြောက်ရေနွေးကြမ်းဖြင့် ဧည့်ခံရာ လွန်စွာစားလို့ကောင်းကြသည်။ ကောက်ညှင်းပေါင်းစားအပြီးတွင် ပစ္စည်းထုပ်များကို ထမ်းသူကထမ်း၊ လွယ်သူက လွယ်နှင့် ဦးကြီးအိမ်မှ စတင်ထွက်ခွာလာခဲ့သည်။

အားလုံးမှာ ရေဘူးကိုယ်စီလွယ်လျက်…

ကျွန်ုပ်မှာမူကား ဖခင်ကြီး ပေးထားသည့် ၃၇၅ မက်နမ်အမဲပစ်ရိုင်ဖယ်ကြီးကို လွယ်လျက် ဟန်က ခပ်ကြွားကြွား။

ဦးကြီးက ၃၄ လက်မရှိ ဂျာမန် ဖေးဗရိတ် စပါယ်ရှယ်နှစ်လုံးပြူးသေနတ်ကို ယူဆောင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘခွေးပန်းအောင်မှာ သူ၏ လက်စွဲတော် ၁၂ ဗို့နှစ်လုံးပြူးတစ်လက်နှင့် ကျန်လူငယ်တစ်စုမှာ ဘီအက်(စ်)အေ အမျိုးအစား ဆုံလည်နံပါတ်(၁) ပြောင်းရှည် လေသနတ်များကို လွယ်ကာ ဝင့်ကြွားသော ခြေလှမ်းများဖြင့် စတင်ခရီးထွက်ခဲ့ကြသည်။

ခရီးမထွက်မီ ဦးကြီးက ကောက်ညှင်းပေါင်းထုပ်များကို တစ်ယောက်တစ်ထုပ်စီပေးကာ…

'မနက်စာကတော့ ဒီကောက်ညှင်းပေါင်းတစ်ထုပ်ပဲနော်၊ ဒါပဲရမယ်'

'ရပါတယ် ဦးကြီးရဲ့'

ထိုသို့ဖြင့် ကျွန်ုပ်တို့ မုဆိုးကျော်ခုနစ်ဦးတို့မှာ သေနတ်ကိုယ်စီလွယ်လျက် တောင်ပေါ်ခရီးလမ်းကို စတင်ခဲ့ကြသည်။ ပတ်ဝန်းကျင်တွင် ကုန်းမို့မို့ သစ်ပင်ကြီးများ မစိပ်မကျဲဖုံးအုပ်နေရာမှ တဖြည်းဖြည်း တောင်ကုန်းများ တောအုပ်များကို ဖြတ်သန်းလာခဲ့ကြသည်။

အရှေ့ဘက်တွင် ညိုမှိုင်းဝေသီသော တောင်စွယ်တောင်တန်းကြီးများကို ခပ်ဝါးဝါးတွေ့ရှိရသည်။ တောင်ကုန်းဒေသမှ တဖြည်းဖြည်း ဆင်ခြေလျှောလွင်ပြင်ကြီးဆီသို့ ဆက်လျှောက်လာခဲ့သည်။

နေ့လယ်တစ်နာရီခန့်ရှိပြီဖြစ်၍ ဝမ်းဗိုက်မှာ အတော်ပင်





ဆာလောင်လာခဲ့ကြသည်။ တောကလည်း တဖြည်းဖြည်း နက်လာချေပြီ။

သည့်တွင် ဘခွေးပန်းအောင်က…

'မောင်စိုင်း ဆာပြီလားကွ' ဟု လှမ်းမေးလိုက်ရာ လွန်စွာဆာလောင်နေသော ကျွန်ုပ်က…

'တခြားလူတွေ မေးကြည့်ပါဦး' ဟု ပြန်ပြောလိုက်သည်။

ဤတွင် ဘခွေးက…

'မေးစရာမလိုပါဘူး၊ ဆာလောက်ပါပြီ၊ ဟိုရှေ့နားက သစ်ပင်မှာ စခန်းချမယ်'

ဟု ပြောလိုက်ရာ အားလုံးက ဝမ်းသာအားရဖြင့် ထိုသစ်ပင်ကြီးဆီသို့ အလျှင်အမြန် သွားခဲ့ကြသည်။ ထို့နောက် ဦးကြီး ပေးလိုက်သည့် ကောက်ညှင်းပေါင်းကိုစားပြီး ရေသောက်ကာ နံနက်စာအတွက် ဤသို့ ဝမ်းစာဖြည့်ခဲ့ကြသည်။

ထိုသစ်ပင်ကြီးအောက်တွင် ခေတ္တနားပြီးနောက် ကျွန်ုပ်တို့အုပ်စု ဆက်လက်ခရီးဆက်ခဲ့ကြသည်။ ကျွန်ုပ်တို့အုပ်စုမှ ဆင်သေချောင်း စတင်စီးဆင်းရာ တောင်ကြီးများဆီသို့ ရောက်ရှိလာခဲ့သည်။

'ဒါဟာ ဆင်သေချောင်း စပြီးမြစ်ဖျားခံတဲ့ အရပ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကမှ အရှေ့ဘက် မြေပြန့်ဆီကို စီးဆင်းသွားတာ'

'တောင်ပေါ်အရပ်က စီးလာတဲ့ရေက အရှိန်များတယ် နော်'

'ဟုတ်တယ်… ရေစီးအားကောင်းတော့ ဒီနေရာမှာ တိရစ္ဆာန်တွေက ရေဆင်းမသောက်ဘူး၊ လွင်ပြင်ဘက်ရောက်မှ ရေသောက်ဆင်းကြတာ'

'ဒါဆို မြေပြန့်လွင်ပြင်ဘက်ကို ဆက်သွားဦးမှာပေါ့'

'ဟုတ်တယ်၊ ဒီကနေ နှစ်မိုင်လောက်သွားရဦးမယ်၊ ဒီဆင်သေချောင်းနဲ့ ပန်းမချောင်းတို့ဆုံပြီး ဆက်စီးသွားမှ မြေပြန့် အရပ်ကို ရောက်မှာ'

ဤတောဤတောင်ကြီးအတွင်း သွားလာဖူးသည့် ဦးကြီး က ဤသို့ရှင်းပြခဲ့သည်။

ဘဒွေးပန်းအောင်သည် မည်သည့် စကားမျှမဆိုဘဲ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

ထိုသို့ဖြင့် ကွေ့ကောက်စီးဆင်းနေသော ချောင်းရိုးအတိုင်း လိုက်လာခဲ့ရာ ရစ်တစ်အုပ်ကို တွေ့ရှိခဲ့သည်။ သည်တွင် တစ် လမ်းလုံး မည်သည့်စကားမျှ မဆိုသည့် ဘဒွေးပန်းအောင်က ဦးကြီးစိုင်းအား…

'ကိုကြီးစိုင်း ဟိုမှာ ရစ်တွေ၊ ပစ်ဦးမလား'





ဟု လှမ်းမေးလိုက်သည်။

ဦးကြီးစိုင်းက…

'ကျုပ်တို့ ဆတ်တွေကိုပဲ အဓိကထားပြီး ပစ်မှာဆိုတော့ အပြန်မှပဲ ပစ်မယ်'

'ကောင်းပြီလေ'

ဝါးရုံပေါ်တွင် ဆူညံစွာ အော်ဟစ်နေသော ရစ်အုပ်များ ကို ကျောခိုင်းထွက်ခွာလာစဉ်…

'ဂစ်…'

'ဂစ်…'

'ဂစ်…'

'ဖျန်း…'

ဟူသော အသံနှင့်အတူ နိ၏အရောင်ကဲ့သို့ အရောင် ခပ်မွဲမွဲရှိသော ငှက်ဆိုးတစ်ကောင်သည် ဘဒွေး၏မျက်နှာကို သူ၏ အတောင်ပံနှင့် ရိုက်ခတ်လိုက်သည်။

ဘဒွေးကလည်း အမှတ်တမဲ့မို့ ဦးခေါင်းကို ငုံ့ပြီး ရှောင် လိုက်နိုင်သော်လည်း မမီလိုက်တော့ချေ။ အတောင်ပံနှင့်ရိုက်ပြီး ပျံသွားသည့်ငှက်ကို သေနတ်နှင့်ချိန်ပြီး လိုက်ပစ်ကြသည်။

'ဒိုင်း…'

'ဒိုင်း…'



www.burmeseclassic.com

www.burmeseclassic.com



'နိုင်နဲ့…'

သေနတ်သံများ ဟိန်းထွက်သွားသည်။ သို့သော် ဤမျှအတင့်ရဲသည့် ငှက်ဆိုးကို မထိချေ။

ကြည့်နေရင်းပင် ထိုငှက်ဆိုးမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသည်။

ဦးကြီးစိုင်းဘမောင်က…

'ဖွတ်ဟဲ့… ဖွတ်ဟဲ့… မကောင်းတဲ့ နိမိတ်တွေ ပပျောက်ပါစေ'

ဟူ၍ ပြောပြီး မြေကြီးကို ဖနောင့်နှင့်ပေါက်လိုက်သည်။

ဤတွင် ဘဒွေးပန်းအောင်က ဦးကြီးစိုင်းဘမောင်အား…

'ကိုကြီးစိုင်းရာ ဘာမှမစိုးရိမ်ပါနဲ့၊ ငှက်တွေ သားပေါက်ရင် လာတဲ့လူကို ရန်မူတတ်တယ်၊ ဒီငှက်လည်း သားပေါက်နေလို့ သူ့သားပေါက်ကို အန္တရာယ်ပေးမှာစိုးလို့ ဒီလိုလုပ်တာပါ'

ဟု မျက်နှာက ပြုံးပြီး ဤသို့ပြောလိုက်သည်။

ဦးကြီးစိုင်းက…

'အေးဗျာ… ခင်ဗျား ပြောတာ ဖြစ်နိုင်ပါတယ်'

ဦးကြီးစိုင်းက ဤသို့သာ ပြောလိုက်သော်လည်း အတိတ်





နိမိတ်များကို အမြဲသတိထားနေသူ ဦးကြီးစိုင်းမှာ မျက်နှာမကောင်းဘဲ…

'ကိုပန်းအောင် ဒီနားမှာ ခဏနားရင် ကောင်းမယ်ထင်တယ်'

ဟု ပြောလိုက်သည်။ ၎င်းတို့၏ အယူအဆမှာ မကောင်းသော အတိတ်နိမိတ်ကို တွေ့ရှိပါက ဆက်မသွားဘဲ ခေတ္တခန့် ရောက်သည့်နေရာ၌ ရပ်နားလျှင် မကောင်းသော အတိတ်နိမိတ်ဆိုးများ ပပျောက်သည်ဟု အယူရှိသဖြင့် ဤသို့ ပြောခြင်းဖြစ်သည်။

သို့သော် ဘဒွေးပန်းအောင်မှာ ဆင်သေချောင်း၏ မြေပြန့်နေရာသို့ရောက်ရန် စိတ်စောနေသည့်အတွက်…

'ကိစ္စမရှိပါဘူးဗျာ၊ ဆက်သွားပါ'

ဟု ပြောပြီး သူက ရှေ့မှ ဆက်လက်ထွက်ခွာသွားသဖြင့် အားလုံးမှာ မရပ်ဘဲ ဆက်လက်လျှောက်လှမ်းခဲ့ကြသည်။

ထိုသို့ဖြင့် တစ်နာရီကျော် နှစ်နာရီနီးပါး ဆက်လျှောက်ခဲ့ရာ ကုန်းကြောရှည်ရှည်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ ထိုနေရာ၌ ဆင်သေချောင်းနှင့် ပန်းမချောင်းတို့ ပေါင်းဆုံရာနေရာဖြစ်သည်။

'ချောင်းဆုံအရပ်ကိုတော့ ရောက်ပြီ၊ နာရီဝက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်ရင် မြေပြန့်လွင်ပြင်ကို ရောက်တော့မယ်'

ဦးကြီးစိုင်းက လှမ်းပြောသဖြင့် အားလုံး အားတက်သွားခဲ့ကြသည်။

ခြေလှမ်းများက ပိုသွက်လာသည်။ ချောင်းဆုံသို့ ရောက်လာသဖြင့် ခရီးမှာ ပြီးဆုံးခါနီးနေပြီဖြစ်၍ ရေဘူးမော့သောက်သူက သောက်နှင့် ဝမ်းသာနေကြသည်။ ချောင်းနံဘေးအတိုင်း လျှောက်လှမ်းလာရာ ကမ်းစပ်တွင် အသီးများ တွဲရွဲကျနေသော ရေသဖန်းပင်ကြီးများကို တွေ့ရှိရသည်။ ရေသဖန်းပင်သီးများမှာ သစ်ပင်ကြီး၏ ပင်စည်တွင် အပြွတ်လိုက် အတွဲလိုက်သီးနေပြီး တချို့မှာ ဟိုတချို့ သည်တချို့ မြေပြန့်တွင် ပြန့်ကျဲစွာ ကြွေကျနေသည်ကို တွေ့ရှိရသည်။

မုဆိုးပါးဝလှသော ဦးကြီးစိုင်းနှင့် ဘဒွေးပန်းအောင်တို့ နှစ်ဦးမှာ ရှေ့သို့ဆက်မသွားတော့ဘဲ ရေသဖန်းပင်တန်းကြီးဆီသို့ သွားပြီး မြေပြင်ကို လေ့လာကြည့်လိုက်သည်။

ဘဒွေးပန်းအောင်က ဦးကြီးစိုင်းကို ရေသဖန်းသီးများကြားမှ ဆတ်ခြေရာများကို ညွှန်ပြရင်း...

'မနေ့ညကနဲ့ ဒီနေ့ မနက်စောစောမှာ ဆတ်အုပ်စု ဒီကို လာသွားတယ်'

'ဟုတ်တယ်၊ ခြေရာတွေက ဒီမှာ ရှုပ်ထွေးနေပြီး ဟို





ဘက်မှာ အနောက်ဘက်တောအုပ်ထဲကို ဝင်သွားတဲ့ ခြေရာတွေပဲ၊ ဒါကြောင့် ဆတ်အုပ်စုဟာ ဟောဟိုက အနောက်ဘက်တောအုပ်ထဲမှာ ရှိလိမ့်မယ်'

တောကျွမ်းလှသည့် မုဆိုးကျော်နှစ်ဦးမှာ ခြေရာကိုကြည့်ရုံနှင့် မနေ့ညက လာသွားသည့်ခြေရာ သည်နေ့မနက်လာသွားသည့်ခြေရာတို့ကို အတပ်ပြောနိုင်သည်။

ကျွန်ုပ်မှာ ဤသို့ နေ့နှင့် ညနှင့်ခွဲပြီး ပြောနိုင်သည့် ခြေရာများမှာ အဘယ်သို့ကွာခြားသနည်းဆိုသည်ကို သိလိုလှသဖြင့် ဘဒွေးပန်းအောင်နားသို့သွားကာ...

'ဘဒွေးက ဆတ်တွေ မနေ့ညက လာသွားတယ်၊ ဒီနေ့မနက် လာသွားတယ်လို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ'

ဟု မေးမြန်းခဲ့သည်။

ထိုအခါ ဘဒွေးပန်းအောင်က ပြုံးလျက်...

'မောင်စိုင်း ဒီမှာကြည့်စမ်း၊ ခြေရာတွေက အတိမ်အနက် မတူဘူး၊ ဒီဘက်က ခြေရာတွေက အရမ်းထင်းနေတယ်၊ အဲဒါ မနက်ကလာသွားတဲ့အတွက် ခြေရာက ထင်းနေတုန်းပဲ၊ ဒီဘက်က ခြေရာက သိပ်မထင်းတော့ဘူး၊ ခပ်ပြေပြေဖြစ်နေတာ တွေ့ရတယ်၊ မြင်လား'

'ဟုတ်ကဲ့ ဘဒွေး'



www.burmeseclassic.com

www.burmeseclassic.com



'မြေကြီးရဲ့သဘောက ကြာလာတာနဲ့အမျှ ခြေရာဟာ ခပ်ပြေပြေဖြစ်ပြီး နှစ်ရက်လောက်ဆိုရင် ပျောက်သွားပြီး နဂိုသဲရဲ့အနေအထားအတိုင်း ပြန့်သွားပြီး ခြေရာမကျန်တော့ဘူး၊ ဒါကြောင့် ခပ်ပြေပြေဖြစ်နေတဲ့ ခြေရာက မနေ့ညက ခြေရာလို့ ပြောတာ'

'သြော်... မုဆိုးရဲ့ ပညာထဲမှာ မြေပြင်ကိုကြည့်ရတဲ့ ပညာလည်း တစ်ခုအပါအဝင်ပဲနော်'

'ဒါပေါ့ မောင်စိုင်းရယ်၊ မုဆိုးတစ်ယောက်ဟာ မျက်စိလျင်ရသလို ပတ်ဝန်းကျင်လှေ့လာမှုကိုလည်း ပြုရတယ်၊ ပြီးတော့ တောကောင်ရဲ့အနံ့ကိုလည်း ခံရတတ်တယ်၊ တောကောင်ရဲ့ လေတင်အရပ်မှာလည်း မနေရဘူးကွယ့်၊ လေနဲ့အတူ ကိုယ့်ရဲ့ အနံ့ကိုရတာနဲ့ လူစိမ်းရောက်နေတာ သိပြီး တိရစ္ဆာန်တွေက ပုန်းအောင်းနေတတ်တယ်၊ ဒါဆို တောကောင်ကို မရနိုင်တော့ဘူးကွယ့်'

'ဘခွေးမှာ မုဆိုးပညာတွေ အများကြီးရှိနေတယ်၊ အဲဒါကို ကျွန်တော် သင်ရဦးမယ်'

'မုဆိုးပညာဆိုတာ ကုန်တယ်လို့ မရှိပါဘူး၊ တစ်ခါတလေမှာ မုဆိုးလည်း သားကောင်ဖြစ်တတ်တယ်၊ အမြဲသတိရှိနေမှ'





'ဦးကြီး ဘယ်လို ဘယ်လိုဖြစ်ပြီး မုဆိုးက သားကောင်ဖြစ်ရတာလဲ'

'ပြောရရင်တော့ အများကြီးပေါ့ကွာ၊ စကားနဲ့ပြောတာက မလုံလောက်ဘူး၊ မင်းလည်း ငါတို့နဲ့ တောလိုက်ရင်း အတွေ့အကြုံတွေ အများကြီးရလာလိမ့်မယ်၊ ဒီအခါကျမှ မုဆိုးတွေ ဘယ်အချိန် ဘယ်လိုအခါမျိုးမှာ သားကောင်ဖြစ်မလဲဆိုတာ သိရလိမ့်မယ်'

ထိုသို့ပြောရင်း ကျွန်ုပ်တို့အုပ်စုသည် အရိပ်ကောင်းသည့် သစ်ပင်ကြီးများဆီသို့ ဆက်လျှောက်လာခဲ့သည်။ လေပြည်ကလေး တသွေးသွေး တိုက်ခတ်လာသဖြင့် တောပန်း တောင်ပန်းကလေးများ၏ ရနံ့များ လှိုင်ဝေပျံ့လာသည်။ တောပန်းကလေးများမှာလည်း ဖြူပြာနီဝါ ရောင်စုံပွင့်နေပြီး လိပ်ပြာကလေးများ ပျံဝဲနေသည်။

ချောင်းကမ်းပါးတစ်လျှောက်တွင် ရှမ်းပြည်နယ်၏သင်္ကေတအဖြစ် ခေါင်းလောင်းပန်းပွင့်ဖြူဖြူကလေးများ ခေါင်းငိုက်စိုက် တွဲလွဲခိုနေကြသည်။

ခေါင်းလောင်းပန်းပွင့်များမှာ တောတန်းဟုဆိုသော်လည်း အသွင်ဆန်းသည့် သဘာဝအလှမှာ မြို့ပန်းများပင် လိုက်မမီပေ။

စိန်တစ်ရစ်၊ မြတစ်ရစ်၊ သီဂီတစ်ရစ်နှယ် လှူအကန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ တောတန်း တောင်တန်းကြီးများကို သဘာဝအရောင်အသွေး ခြယ်ထားသည်မှာ ပန်းချီကျော်များပင် လက်မှိုင်ချရသည့် သဘာဝပန်းချီကားတစ်ချပ်နှယ်။

'ကဲ… ဒီနားမှာနားမယ်'

ဆတ်ခြေရာများနှင့် မနီးမဝေး သစ်ပင်ကြီးများရှိသည့် နေရာသို့အရောက်တွင် ဦးကြီးစိုင်းဘမောင်က ဤသို့ပြောလိုက်ရာ အားလုံးက…

'ဟုတ်ကဲ့ ဦးကြီး'

ဟု ပြောကာ ထိုနေရာ၌ ခေတ္တစခန်းချခဲ့ကြသည်။

စမ်းချောင်းအနီးတစ်ဝိုက်ရှိ မြေပြန့်လွင်ပြင်သို့ ကျွန်ုပ်နှင့် ဘဒွေးတို့ လျှောက်ကြည့်ခဲ့ရာ သဲပွင့်များပေါ်တွင် အဖြူရောင် ဆားပွင့်ကလေးများ ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရသည်။ ဤတွင် ဘဒွေး၏ မျက်နှာမှာ ပြုံးရွှင်သွားပြီး…

'မောင်စိုင်းရေ… ဒီနေရာက 'ကြစ်ကွင်း'ပဲ၊ ဒါကြောင့် သားကောင်တွေ လာတာကိုး'

'ကြစ်ကွင်းဆိုတာ ဘာလဲ ဘဒွေး'

'ကြစ်ကွင်းဆိုတာ သဘာဝအလိုက် ဖြစ်ပေါ်နေတဲ့ ဆားကွင်းကြီးပေါ့၊ တိရစ္ဆာန်တွေက ဆားဓာတ်လိုတယ်လေကွာ၊ ဒါကြောင့် ကြစ်ကွင်းမှာရှိတဲ့ဆားကို လာစားကြတယ်'





'ဒါဆို ဖိုးနီ ပြောတဲ့ ဆတ်ပျိုတွေဟာ ဒီဆားကို လာစားတာဖြစ်မှာပေါ့၊ ဒါဆို ဒီကောင်တွေ ညမှာ လာမှာ သေချာတယ်'

ဘဒွေး၏ စကားကြောင့် ကျွန်ုပ်လည်း လွန်စွာအားတက်သွားပါတော့သည်။

'ဟုတ်တယ်၊ ဒီကြစ်ကွင်းကြောင့် ဘဒွေးတို့ ဆတ်အုပ်ကြီး ရတော့မှာ'

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)
## တစ္ဆေသည်းသံကြီးနှင့် နတ်မြွေ

'ဒီသစ်ပင်ကြီးပေါ်မှာ လင့်စင်ထိုးမယ်'

ဦးကြီးစိုင်းဘမောင်က ချောင်းကမ်းနှင့် ခြားလွယ်ခုတ် လောက်၌ရှိသည့် သစ်ပင်ကြီးအား ညွှန်ပြရင်း ဤသို့ ပြောလိုက်သည်။ ဤသစ်ပင်ပေါ်မှ ကြည့်လျှင် စမ်းချောင်းတစ်လျှောက်ရှိ နေရာများကို အပေါ်စီးမှ ပြတ်သားရှင်းလင်းစွာ မြင်နိုင်သည့် လေတိုက်သည့်နှုန်းကို ကြည့်လျှင်လည်း လေအောက်အရပ်ဖြစ်၍ အနံ့လွတ်ပေမည်။

ဆတ်ဆိုသည့် သတ္တဝါကား အနံ့ခံရာတွင် အလွန်ကျွမ်းကျင်သည်။ ၄င်းတို့အား ပစ်ခတ်မည်ဆိုလျှင် လေနံ့လွတ်ရန် အရေးကြီးသည့် လေတင်အရပ်ကို မရွေးရပေ။ လေအောက်အရပ်ကိုသာ ရွေးချယ်ရပေမည်။





သည်လေတင် လေအောက်ကိစ္စကို ကျွန်ုပ် သိနှင့်ပြီးပြီ။ ကျွန်ုပ်သည် ဦးကြီးစိုင်းဘမောင်နှင့်အတူ တောလိုက်စဉ် လင့်စင်ထိုးနည်းကို ကောင်းစွာလေ့လာခဲ့သည်။

လင့်စင်လည်း ထိုးခဲ့ရသဖြင့် သစ်ပင်ပေါ်တွင် လင့်စင်ကို ကောင်းစွာထိုးတတ်သည်။

'ပေါက်စတို့ အေးမောင်တို့ရေ ဦးကြီး ပြောတဲ့ အပင်မှာ လင့်စင်ထိုးရအောင်'

'အေး... အေး...'

ကျွန်ုပ်တို့ လူငယ်ငါးဦးမှာ ရွာမှ လင့်စင်လုပ်ရန် ယူဆောင်လာခဲ့သည့် သစ်သားများဖြင့် သစ်ပင်ကြီးတွင် လင့်စင်ထိုးလိုက်သည်။ လင့်စင်ဆောက်ရာတွင် အမြင့်မှာ အနည်းဆုံး တစ်ဆယ့်ငါးပေခန့်အမြင့်တွင် ပြုလုပ်ရသည်။ ထိုထက်နိမ့်၍ မရပေ။

အကယ်၍ လင့်စင်အမြင့်မှာ တစ်ဆယ့်ငါးပေထက် နိမ့်ပါက အန္တရာယ်ရှိနိုင်သည်။ အချို့သော ကျား၊ ကျားသစ်၊ ခြသေ့တို့မှာ ဆယ်ပေလောက်ကို အသာကလေး ခုန်နိုင်သည်။ လင့်စင်နိမ့်နိမ့် လုပ်ထားပါက မုဆိုးများကို အလွယ်တကူ ခုန်ပြီး ဆွဲချသွားတတ်သည်။

ယခု လင့်စင်ထိုးထားသည့်နေရာမှာ ဆတ်ခြေရာများ



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ ချောင်းစပ်နှင့် ကိုက် ၃၀ မျှသာ ကွာဝေးပြီး အထက်စီးမှ ရှိခြင်း၊ လေလွတ်ခြင်း၊ မြင်ကွင်းကောင်းခြင်းတို့ကြောင့် လာသမျှ သားကောင်ကို မလွတ်တမ်း အပိုင်ပစ်နိုင်ပေမည်ဟု သေချာ ပေါက်တွက်ထားခဲ့သည်။

ထိုနေ့က ညနေစာစားပြီးကတည်းက ရေဘူး၊ ဓား၊ လက်နှိပ်ဓာတ်မီး၊ မီးတုတ် စသည်တို့ကို လင့်စင်ပေါ်၌ တင်ထား ခဲ့သည်။ ကျွန်ုပ်တို့အုပ်စုမှ ညနေ ၅ နာရီမှ ည ၉ နာရီအထိ သစ်ပင်ကြီးအောက်တွင် သားကောင်ကို စောင့်နေခဲ့ကြသည်။ ပုရစ်မြည်သံမှလွဲ၍ မည်သည့်အသံမျှ မကြားရပေ။

တဖြည်းဖြည်း ညအမှောင်ကြီးစိုးလာခဲ့သည်။

ရှစ်ရက်လကလေးက ခပ်ဖျော့ဖျော့ အလင်းကလေးကို ပေးထားသည့်အတွက် မှုန်ဝါးဝါး အလင်းရောင်ကလေး ရှိနေ သည်။ ကျွန်ုပ်သည် လင့်စင်ပေါ်မှ ကောင်းကင်ကို လှမ်းကြည့် လိုက်ရာ မိုတ်တုတ်မိုင်တုတ်နှင့် ကြယ်ကလေးများ လင်းလက် နေသည်။ ဟိုကြည့် သည်ကြည့်ဖြင့် တောင်တောင်အီအီကြည့် ရင်း အချိန်က တရွေ့ရွေ့ကုန်လာခဲ့သည်။ ညကလည်း တဖြည်း ဖြည်း နက်လာသည်။

'ဂျစ်...'

'ဂျစ်...'





'ဂျစ်...'

ဟူသော အသံကို စတင်ကြားလိုက်ရသည့်အတွက် ကျွန်ုပ် ခေါင်းထောင်ကြည့်လိုက်သည်။

'ဦးကြီး... ဂျစ်... ဂျစ်... ဂျစ်နဲ့ အသံတွေကြားနေရ တယ်'

ပေါက်စက ဦးကြီးစိုင်းဘမောင်အား တိုးတိုးလေး လှမ်း ပြောလိုက်ရာ ဦးကြီးစိုင်းဘမောင်က ပါးစပ်တွင် သူ၏ လက်ညှိုး ကလေးကို ကန့်လန့်လုပ်ကာ...

'ရှူး... တိုးတိုးကွယ့်၊ အဲဒါ ကြစ်ကွင်းထဲကို သား ကောင်တစ်ကောင်ကောင်ရောက်ပြီး ကြစ်စာတွေစားနေတာနဲ့ တူတယ်'

ခပ်တိုးတိုးကလေး ပြောလိုက်သည်။

ကြစ်ဆိုသည်ကို ပေါက်စ နားလည်လား နားမလည် လား မပြောတတ်ပါ။

ကျွန်ုပ်ကတော့ ဘခွေး ပြောပြထားသည့်အတွက် 'ကြစ်' ဆိုသည့်အကြောင်းကို နားလည်သဘောပေါက်ပါသည်။ ကြစ် ဆိုသည်မှာ ဆားကွင်းပစ်ဖြစ်သည်။ သဘာဝတရားကြောင့် စမ်းချောင်းနံ့ဘေးတွင် ဆားများဖြစ်ပေါ်ကာ ဆားကွင်းဖြစ်နေခြင်း ကို ကြစ်ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်များ၏ သဘာဝမှာ ဆားဓာတ်လိုအပ်သည်။ ထိုကြစ်ကွင်းခေါ် ဆားကွင်းသို့ တိရစ္ဆာန်များသည် လူခြေတိတ်ချိန်တွင် လာရောက်စားသောက်ကြသည်။ ယခုလည်း ကြစ်ကွင်းနေရာတွင် သားကောင်၏ ခြေရာများ ရှုပ်ထွေးနေသည်။

ကျွန်ုပ် ကြားရသည့်အသံမှာ ကြစ်တိုက်စားပင် ဖြမ်းသလောဟူ၍ ကျွန်ုပ် တွေးတောမိသည်။ ကြစ်ကွင်းတစ်လျှောက် မှုန်ဝါးဝါး အလင်းရောင်ဖြင့် လိုက်ကြည့်မိသည်။ ဘာဆိုဘာမှ မမြင်ရပေ။

'အင်း… လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ဦးမှပဲ'

ကျွန်ုပ်သည် လင့်စင်ပေါ်မှ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။ သို့သော်လည်း မည်သည့်အရာကိုမျှ မမြင်ရချေ။

မကြာမီ တောအုပ်ထဲမှ…

'အဟင်း… ဟင်း… ဟင်း…'

'အဟီး… ဟီး… ဟီး…'

ဟူသည့် မသဲမကွဲ တီးတိုးသံလိုလို။

လေတိုးသံလိုလို ကြားလိုက်ရသည်။

ထို့နောက် အသံမှာ တဖြည်းဖြည်း ပို၍ကျယ်လောင်လာသည်။





'အဟင်း… ဟင်း… ဟင်း…'

'အဟီး… ဟီး… ဟီး…'

ဆိုသည့်အသံများ ကြားလိုက်ရပြန်သည်။

'ဒွေးလေးပန်းအောင် ဘာသံကြီးလဲ'

'တောခြောက်တဲ့ အသံတွေပါ'

'ဒါဆိုရင် ရှေးလူကြီးတွေပြောတဲ့ တစ္ဆေသည်းသံကြီးလား'

'တောထဲ တောင်ထဲမှာ ညည်းသံလိုလို လေတိုးသံလိုလို ကြားရရင် ရှေးလူကြီးတွေက တစ္ဆေသည်းသံလို့ ပြောတတ်ကြတယ်'

'ဒွေးလေးပန်းအောင် တချို့က ပြောကြတယ်၊ ကြစ်ကွင်းမှာ ဆားလာစားတဲ့ တောတွင်းတိရစ္ဆာန်တွေကို မပစ်ရဘူးဆို၊ ပစ်ရင် ခြောက်လှန့်တတ်တယ်လို့ ပြောကြတယ်၊ အခုလည်း ကြစ်ကွင်နားမှာ လင့်စင်ထိုးလို့ တောစောင့်နတ်တွေ တောင်စောင့်နတ်တွေက မကျေနပ်လို့လား မသိဘူး'

'စွဲလမ်းမှုမထားပါနဲ့ မောင်စိုင်းရယ်၊ တောတောင်ထဲမှာ ညအချိန်ဆိုရင် အထင်မှား အမြင်မှား အသံကြားမှားတတ်တယ်၊ တောမှာလည်း တောရဲ့မာယာရှိတယ်၊ တောင်မှာလည်း တောင်ရဲ့မာယာရှိတယ်၊ ,ဒါဟာ မုဆိုးဘဝမှာ ကြုံတွေ့ရတဲ့သဘောရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် အနောက်ဘက်တောအုပ်ထဲမှ ခပ်မည်းမည်းသဏ္ဍာန်များ လှုပ်လှုပ်ရှုရှုဖြစ်လာသည်ကို တွေ့လိုက်ရသည်။

'ဒွေးလေး ဟိုမှာ'

ကျွန်ုပ်က ခပ်မည်းမည်းအရာများကို လှမ်းပြလိုက်ရာ ဒွေးလေးက…

'ရှူး… တိုးတိုး'

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း အသာငြိမ်နေလိုက်ရသည်။

မှုန့်ဝါးဝါးအလင်းရောင်အောက်တွင် မည်းမည်းသဏ္ဍာန်များ လှုပ်လှုပ် လှုပ်လှုပ်နှင့် ထွက်လာသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်မှာ အသာအယာငြိမ်သက်ကာ စောင့်ကြည့်နေလိုက်သည်။ ထိုမည်းမည်းသဏ္ဍာန်များအား တရွေ့ရွေ့နှင့် ကြစ်ကွင်းဆီသို့ သွားနေကြသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ဆတ်အုပ်များဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် ကျွန်ုပ်မှာ လွန်စွာပျော်သွားပြီး…

'ဘဒွေး ဆတ်အုပ်တွေ ဆင်းလာပြီဗျ'

ဟု ပြောလိုက်ရာ ဘဒွေးက…

'အသံမထွက်နဲ့'

ဟု ဟန့်တားလိုက်ပါသည်။





ဤတွင် ဦးကြီးမှာ ကျွန်ုပ်တို့အုပ်စုအား လက်မထောင်ပြရင်း…

'ဟော့ကောင်တွေ အသင့်ပြင်ထား'

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

ဆတ်အုပ်များမှာ ကြစ်ကွင်းဆီသို့ ရောက်ပြီး ကြစ်စာများကို စားနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်တို့လည်း လွန်စွာစောင့်စားခဲ့ရသည့် အခွင့်အရေးဖြစ်၍ လက်လွှတ်မခံနိုင်ဖြစ်ကာ သေနတ်ကို အသင့်ချိန်လိုက်ပါသည်။

ထိုစဉ် 'ဂျိုး… ဂျိုး… ကျွတ်… ကျွတ်…'

ဟူသော အသံများ ထပ်မံထွက်ပေါ်လာရာ ကြစ်တွင်းယက်နေသည့် ဆတ်များထဲမှ အချို့သော ဆတ်ကောင်များ ရပ်တန့်သွားကာ ဟိုဟိုသည်သည် လှမ်းကြည့်လိုက်သည်။

ထို့နောက် အသံများ တိတ်ဆိတ်သွားသည့်အတွက် ဆတ်များသည် ကြစ်ကွင်း၌ ဆားဓာတ်ပါသည့် ကြစ်များကို ရက်၍ စားနေကြသည်။

ကျွန်ုပ်တို့လည်း ဆတ်ကြီးများကို သေနတ်ဖြင့် ထပ်မံချိန်ကြပြန်သည်။ ဤတွင် မယုံကြည်နိုင်ဖွယ် အဖြစ်အပျက်တစ်ခုကို တွေ့လိုက်ရသည်။

'ဟာ… မြွေအကြီးကြီးပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး။ ရောမမြွေကြီးသည် ကျွန်ုပ်တို့၏ လင့်စင်ထိုးထားသည့် သစ်ပင်ကြီး ဘေးပတ်လည်မှ တိုးထွက်လာသည့် သစ်ပင်ကြီးပင် လှုပ်ခါသွားခဲ့ခြင်းဖြစ်သည်။

မြွေကြီး၏ ဦးခေါင်းကြီးမှာ ခပ်တုတ်တုတ်ဖြစ်နေပြီး ခန္ဓာကိုယ်မှာ ယောကျ်ားကြီးပေါင်လုံးခန့် ရှိပေမည်။ မြွေကြီး၏ ပုံသဏ္ဍာန်က တစ်မျိုးပင်။ တုတ်တုတ်ရှည်ရှည်နှင့်···

မည်သည့်မြွေအမျိုးအစားဖြစ်သည်ဟူ၍ပင် မပြောတတ်အောင်ပင် ဖြစ်သည်။ မြွေကြီး၏ ခန္ဓာကိုယ်မှာ သစ်ခေါင်းကွက်ကဲ့သို့ အကွက်အကွက် ထနေသည်။ ညာ၏ အလင်းရောင်မှုန်မွှားမွှားအောက်တွင်···

မည်သည့်အမျိုးအစားမှန်း မသိသော မြွေကြီးကို ကြည့်နေစဉ် မြွေကြီး၏ အရှိန်အဟုန်မှာ လွန်စွာလျင်မြန်လှစွာဖြင့် ကြစ်ကွင်းဆီသို့ လျှပ်တစ်ပြက်အတွင်း ရောက်သွားခဲ့သည်။

'ဟယ်··· မြွေကြီးသွားပုံကလည်း မြန်လိုက်တာ'

ဦးကြီးက ဤသို့ ပြောလိုက်သည်။ ဟုတ်ပေသည်။

မြွေကြီး၏အရှိန်မှာ လွန်စွာ လျင်မြန်လှသဖြင့် မနည်းပင် လိုက်ကြည့်မိသည်။

မြွေကြီးသည် ကြစ်ကွင်း၌ရှိသော နောက်ဆုံးမှ ဆတ်တစ်ကောင် ရုတ်တရက် ရစ်ပတ်လိုက်သည်။





'ဟာ··· ဆတ်ကို မြွေကြီးက ရစ်ပတ်လိုက်ပြီ'

ထိုသို့ ရစ်ပတ်လိုက်စဉ် အခြားဆတ်များမှာ ခြေဦးတည့်ရာ ကဆုန်ပေါက်ပြေးသွားသဖြင့် ကျွန်ုပ်တို့ ချိန်ထားသည့်အချက်မှာ လွဲချော်သွားခဲ့သည်။

ကျွန်ုပ်တို့အုပ်စုလည်း ကစဉ့်ကလျား ပြေးလွှားနေသော ဆတ်များ လှမ်းကြည့်နေစဉ် မြွေကြီးမှာ အလွန်လျင်မြန်သော အရှိန်ဖြင့် ဆတ်ကို ရစ်ပတ်ပြီး အနောက်ဘက်တောအုပ်ဆီသို့ ဆွဲသွားခဲ့သည်။

လှုပ်ရှားပုံများမှာ မြန်ဆန်လွန်းသဖြင့် ချက်ချင်းပင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည့်အတွက် ကိုယ့်မျက်စိကိုပင် မယုံချင်သလောက်အောင် ဖြစ်မိသည်။

'ဟော··· မြွေကြီး မရှိတော့ဘူး'

'မင်းတို့ မြင်လိုက်တယ် မဟုတ်လား'

'ဟုတ်တယ်၊ ခုမြင် ခုပျောက်ပဲ ဟုတ်မှဟုတ်ရဲ့လား မသိဘူး'

'ဟုတ်တယ်၊ ကြစ်ကွင်းက အထိကရကြီးတဲ့ မြွေကြမ်းတယ်လို့ ရှေးလူကြီးတွေက ပြောတာ'

'အခု ကြည့်ပါလား၊ ဆတ်အုပ်တွေ ထွက်လာလို့ ပစ်မယ်အလုပ်မှာ ဒီလောက်မြန်တဲ့ မြွေကြီးက ဘယ်ကပေါ်လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ··· မြွေကြီးရဲ့ လျှင်မြန်ပုံကတော့ အောချ ပါရဲ့ကွာ၊ ချက်ချင်းတွေ့ ချက်ချင်းပျောက်သွားတာပဲ'

'အဲဒါ နတ်မြွေများလားမှ မသိတာ'

'ဒါမှမဟုတ်ရင်လည်း တောစောင့်နတ် တောင်စောင့် နတ်များက မကြိုက်လို့ ဆတ်တွေ ဖရိုဖရဲဖြစ်အောင် လုပ်ပစ် သလားမှ မသိတာ'

ကျွန်ုပ်တို့မှာ ဆတ်တစ်ကောင်မှ မရှိတော့ဘဲ ဟိုဟို သည်သည် ပြေးကာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားသဖြင့် အားမလိုအားမရဖြစ်ကာ တစ်ယောက်တစ်ပေါက် ပြောဆိုနေခဲ့ ကြသည်။ ထိုစဉ် ကျွန်ုပ်က··

'မကောင်းဆိုးဝါး ရယ်သံလား တစ္ဆေညည်းသံလား မသိဘူး၊ အဲဒီအသံကြီး ကြားကတည်းက ကျွန်တော်တို့ ကံ မကောင်းတော့ဘူးလို့ ထင်တာ'

'ဟုတ်တယ်၊ ကျွန်တော့်အဖေတို့ တောလိုက်တုန်းက လည်း အဲဒီလို မကောင်းဆိုးဝါး ညည်းသံကြီးကို ကြားရပြီး တောခြောက်ခံရတယ်လို့ ပြောတယ်'

'အခုလည်း တောခြောက်တာပဲဖြစ်မယ်'

အေးမောင်ကလည်း ဤသို့ပြောလိုက်ရာ ဦးကြီးစိုင်း ဘမောင်က···





'ဟဲ့··· ကောင်လေးတွေ၊ တွေ့ကရာ လျှောက်ပြောမနေ ကြနဲ့၊ ဒီကိစ္စက ညဘက်ကြီးဆိုတော့ ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မကြောက်ပါနဲ့၊ တို့အဖွဲ့က လူအုပ်တောင့်ပါတယ်'

'ဟုတ်ကဲ့ပါ ဦးကြီး'

'အင်း··· ငါလည်း ဒီတော ဒီတောင်ထဲမှာ မုဆိုးလုပ် လာတာ ကြာပြီ၊ ဒါပေမဲ့ ဒီလို မကောင်းဆိုးဝါးညည်းသံကြီး ကို တစ်ခါမှ မကြားဖူးဘူး'

ဟူ၍ ကျွန်ုပ်တို့လူငယ်များ စိတ်သက်သာရာရစေရန် ဤသို့ပြောလိုက်သည်။

ထိုစဉ် တစ်ချိန်လုံး စကားသိပ်မပြောဘဲနေသူ ဘဒွေး ဖန်းအောင်က···

'ကိုကြီးစိုင်း ဒီတောထဲမှာ မုဆိုးလိုက်တုန်းက မကောင်း ဆိုးဝါးညည်းသံ မကြားခဲ့ဘူးဆိုတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ အဲဒီမကောင်းဆိုးဝါး ညည်းသံကြားရင် မုဆိုးတစ်ယောက်ယောက် အန္တရာယ်တွေ့တတ်တယ်လို့ ရှေးမုဆိုးကျော်ကြီးတွေ ပြောတဲ့ စကား ကြားဖူးတယ်မဟုတ်လား'

'အေး··· အဲဒီလို ပြောသံကြားဖူးတယ်၊ ဒါပေမဲ့ မင်း က ဒီအကြောင်းကို ခေတ်သစ်မုဆိုးလေးတွေရှေ့မှာ ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး၊ ကြောက်သွားလိမ့်မယ်၊ မင်း စကားပြောဆင်ခြင်သင့်တယ်'

ဦးကြီးစိုင်းဘမောင်က ဤစကားကို မပြောစေချင်၍ တမင်ဟန့်တားလိုက်သည်။

သည်တွင် ဘဒွေးပန်းအောင်က…

ကျွန်တော်က ကလေးတွေ ကြောက်အောင်လန့်အောင် ပြောတာ မဟုတ်ပါဘူး။ ဒီတောတောင်ထဲမှာ ခုနကလို မကောင်းဆိုးဝါးညည်းသံကြားရရင် မုဆိုးတစ်ယောက်ယောက် ဒုက္ခရောက်တယ်လို့ အယူရှိလို့ ဒီကလေးတွေ ဆင်ခြင်နိုင်အောင် သတိထားနိုင်အောင် ပြောပြတာပါ။ တကယ်လို့ အမှတ်တမဲ့နေလိုက်ရင် အန္တရာယ်ရှိမှာစိုးလို့ပါ'

ထိုသို့ ရှင်းပြလိုက်သည့်အတွက် ဦးကြီးက…

'အေးပါ ကိုပန်းအောင်ရယ်၊ ကိုကြီး မှားပါတယ်၊ မင်းရဲ့ စေတနာကို စော်ကားသလိုဖြစ်သွားပြီ'

'ရပါတယ် ကိုကြီးစိုင်းရယ်၊ အခုအချိန်ကစပြီး ကျွန်တော်တို့ သတိကြီးစွာထားဖို့ လိုအပ်လာပြီ'

'ဟုတ်ပါတယ် ကိုပန်းအောင်ရယ်၊ အခုလို မင်း သတိပေးတာ ကျေးဇူးတင်ပါတယ်'

'မဟုတ်တာ ကိုကြီးစိုင်းရယ်'





သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် အချီအချပြောနေကြသည်။

သို့အတွက် စောစောက ပျော်နေသောကြောင့် အပျော်ကလေးများမှာ မြွေကြီးကို လျှပ်တစ်ပြက်တွေ့လိုက်ရသည့် အံ့သြမှုများကြောင့် အပျော်ကလေးများ ပျောက်ကွယ်ကာ မကြာမီရောက်ရှိလာတော့မည်ဟုဆိုသည့် အန္တရာယ်ကို တွေးလန့်ကာ ချက်ချင်း မျက်နှာညှိုးသွားခဲ့ပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)
## တောခြောက်တဲ့မြိုင်

ထိုအချိန်မှစ၍ ကျွန်ုပ်တို့အုပ်စုမှာ ရှေ့ဆက်ဘာဖြစ်လာမလဲဟူသော အတွေးဖြင့် မည်သူမျှ မအိပ်ရဲဘဲ ငုတ်တုတ်ထိုင်စောင့်နေခဲ့ကြသည်။

နံနက်အရုဏ်တက်သည့်တိုင်အောင် ဆတ်အုပ်စုမှာ အနောက်ဘက်တောထဲမှ ပြန်ထွက်မလာတော့ပေ။

နံနက်မိုးလင်းသည်နှင့် လင့်စင်နှင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်ရိပ်တွင် မီးမွေးကာ နံနက်စာအတွက် ချက်ပြုတ်ခဲ့ကြသည်။

ညက တွေ့ခဲ့ရသည့် မြွေကြီးအကြောင်းကို ပြောမဆုံးအောင် ဖြစ်ခဲ့ရသည်။

'ဦးကြီး ကျွန်တော်တို့ တောလိုက်တဲ့ အတွေ့အကြုံထဲမှာ ညက အဖြစ်အပျက်ကတော့ တကယ့်ကို ရင်ခုန်စရာပဲ'





'အေးကွယ့်... ပထမဦးဆုံး မကောင်းဆိုးဝါး ညည်းသံကြီး ကြားကတည်းက ငါတို့တော့ ဒီညအဖို့ တောကောင်ရမှာ မဟုတ်ဘူးလို့ ထင်မိသားပဲ'

'ဟုတ်တယ် ဦးကြီး၊ အဲဒါ ဘယ်ကအသံတွေလဲ'

'ဦးကြီးလည်း မပြောတတ်ပါဘူး၊ ဒါပေမဲ့ ဒီတောင်ကြီးထဲမှာ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ ညည်းသံကပဲ မကောင်းဆိုးဝါးသံကြီးလို ဖြစ်နေသလားမှ မသိတာ၊ ဘာကြောင့် အဲဒီ အသံကြီး ပေါ်လာရသလဲဆိုတာ အခုအထိ ဘယ်သူမှမသိသေးဘူး'

ဦးကြီး ညက ကြားရသော မကောင်းဆိုးဝါးသံကြီးနှင့် ပတ်သက်၍ ဤသို့ပြောလိုက်သည်။ သည်တွင် ဘဒ္ဒေးပန်းအောင်က...

'အဲဒီ မကောင်းဆိုးဝါး ညည်းသံကြီးနဲ့ ပတ်သက်လို့ ကျုပ် ကြားဖူးတာ ပြောပြမယ်'

'ကဲ... ပြောပါဦး'

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မုဆိုးကျော် ဦးစိုင်းလုံတို့ လက်ထက်ကလည်း တောလိုက်ရင်း အဲဒီ မကောင်းဆိုးဝါးညည်းသံကြီးကို ကြားရတယ်တဲ့၊ သူကလည်း မကြောက်တတ်တဲ့သူဆိုတော့ အမှုမဲ့ အမှတ်မဲ့နေလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပြောပါဦး ဘဒွေး'

'အဲဒီအသံကြီးကြားပြီး နောက်ပိုင်းမှာ ဦးစိုင်းလုံရဲ့ နောက်လိုက်ငယ်သားတစ်ယောက်ဟာ နောက်တစ်နေ့ တောလိုက်ရင်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်၊ အခုအထိ သေသည် ရှင်သည် မသိရဘူး'

'ဩော်··· ဟုတ်လား'

ကျွန်ုပ်က အံ့သြစွာ ပြောလိုက်သည်။

'ဒါတင် ဘယ်ကမလဲ၊ နောက် မုဆိုးကြီး ဦးဘကျော် တို့အုပ်စုတုန်းကလည်း အဲဒီအသံတွေကြားပြီး မကြာမီမှာ ဦးဘကျော်တို့အုပ်စုထဲက မုဆိုးတစ်ယောက်ကို ကျားဆွဲသွားခဲ့တယ်'

'ဟုတ်တယ်၊ အဲဒီအကြောင်းကို ကျုပ် ကြားလိုက်တယ်'

ဦးကြီး စိုင်းဘမောင်က ဘဒွေးပန်းအောင်၏ စကားကို ထောက်ခံပြောဆိုလိုက်သည်။

'ဘာကြောင့်မှန်းတော့ မသိဘူး၊ အဲဒီ မကောင်းဆိုးဝါး ညည်းသံကြီးကို ကြားပြီးရင် မုဆိုးတစ်ယောက်ယောက်တော့ ဒုက္ခရောက်တော့တာပဲ၊ ဒါကြောင့် ကျုပ်က စိုးရိမ်လို့ သတိပေး တာ'

'ဟုတ်ပါတယ်၊ ကိုပန်းမောင်ရဲ့ ခင်ဗျား စေတနာနဲ့ ပြောမှန်း သိပါတယ်'





ဦးကြီးနှင့် ဘဒွေးတို့နှစ်ဦးသားမှာ မကောင်းဆိုးဝါး ညည်းသံကြီးအကြောင်း သူ့ထင်မြင်ချက်နှင့် သူ ပြောဆိုနေကြ သည်။

သည်တွင် မနေနိုင် မထိုင်နိုင် စပ်စပ်စုစု ဝင်ပြောမိသူ က ကျွန်ုပ်ပင် ဖြစ်သည်။

'ဦးကြီး ညတုန်းက တွေ့ရတဲ့ မြွေကြီးရဲ့ ပုံသဏ္ဌာန်က တစ်မျိုးကြီးနော်၊ အဲဒါ ဘာမြွေလဲ'

'အေးကွယ့်··· ဦးကြီးလည်း တောလိုက်တာ အတော် ကြာပြီ၊ ဒီလိုမြွေမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး'

'ဦးကြီး မြွေကြီးက တုတ်တုတ်ခိုင်ခိုင်နဲ့ သစ်ပင်တစ်ပင် ရဲ့ သစ်ခေါင်းကွက်လိုပဲ အကွက် အကွက်နဲ့'

'အေးကွ··· သစ်ပင်ရဲ့ လက်တံတွေကပဲ မြွေအဖြစ်ကို ပြောင်းလာသလိုလိုပဲ'

'ဟုတ်တယ်ကွ၊ တချို့ မြွေစိမ်းမြီးခြောက်ဆိုရင်လည်း သစ်ပင်ကနေပြီး မြွေတစ်ပိုင်း သစ်ပင်တစ်ပိုင်း ဖြစ်တာကွ၊ နောက်မှ အမြီးအထိဖြစ်ပြီး သစ်ပင်ကနေ ပြုတ်ထွက်သွားတာ'

'ဟုတ်တယ် ဦးကြီး၊ တချို့ မြွေစိမ်းမြီးခြောက်ဆိုရင် သစ်ပင်ရဲ့ သစ်ကိုင်းတွေမှာ သစ်ပင်တစ်ပိုင်း မြွေတစ်ပိုင်းဖြစ် နေတာ တွေ့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက် ။ ။ အချို့သော မြွေစိမ်းမြီးခြောက်များမှာ သစ်ပင်တစ်ပိုင်း မြွေတစ်ပိုင်း ဖြစ်နေသည်ကို ရှမ်းပြည်နယ်တွင်လည်းကောင်း ထားဝယ်ခရိုင်ဘက်တွင်လည်းကောင်း ကျွန်ုပ်ကိုယ်တိုင် တွေ့ရှိခဲ့ရပါသည်။)

'အေးကွာ··· ဆတ်အုပ်တွေ့တယ်ဆိုလို့ ဆတ်ပစ်ရအောင် လာပါတယ်၊ ထူးဆန်းတဲ့ မြွေကြီးက ဘယ်ကပေါ်လာမှန်း မသိဘူး၊ သူကတောင် ဆတ်တစ်ကောင်ကို ရစ်ပတ်ဆွဲယူသွားသေးတယ်'

'ဟုတ်ပါ့ ဦးကြီးရယ်၊ အဲဒီမြွေကြီး လာတာနဲ့ ကျွန်တော်တို့လည်း ခွင်ပျက်သွားတာပဲ၊ ဆတ်တွေ ထွက်မလာတော့ဘူး'

'ဆတ်ဆိုတဲ့ သတ္တဝါက အရမ်းပါးတယ်ကွ။ သူ့ရဲ့အန္တရာယ်ကို သိပ်ပြီး သိတယ်၊ လေတင်မှာ လူရှိရင်တောင် လူနံ့ရပြီး ရေသောက်မဆင်းတော့ဘူး၊ အခုတော့ကွာ ဒီမြွေကြီးက သူတို့ဆတ်အုပ်ထဲက ဆတ်တစ်ကောင်ကို ဆွဲသွားမှတော့ ပြေးပြီပေါ့ကွာ'

'ဒါနဲ့ အဲဒီမြွေကြီးရဲ့ လှုပ်ရှားပုံကလည်း အရမ်းမြန်တာပဲနော်၊ ချက်ချင်းကို ပျောက်သွားတော့တာပဲ'

'ဟုတ်ပါ့ကွာ၊ အဲဒီလို မြန်ဆန်တဲ့မြွေမျိုး တစ်ခါမှမတွေ့ဖူးဘူး'





'ဟုတ်တယ်၊ ပြောပြရင်တောင် ယုံမှာမဟုတ်ဘူး'

'ပြောမယုံ ကြုံမှသိဆိုတာ ဒါမျိုးပေါ့'

'ဒါဟာ တောခြောက်တာ ဖြစ်မယ်နဲ့တူတယ်'

ထိုသို့ဖြင့် ကျွန်ုပ်တို့အုပ်စုမှာ ညက ဖြစ်ပျက်ခဲ့သည့် ထူးဆန်းသော အကြောင်းများကို ပြောရင်း ထမင်းဟင်းများကို ချက်ပြုတ်ခဲ့သည်။

ကျွန်ုပ်တို့သည် ထမင်းဟင်းများချက်ပြီးနောက် ပျော်ပျော်ပါးပါး ထမင်းစားခဲ့ကြသည်။ ကျွန်ုပ်တို့အုပ်စုမှာ လူငယ်များဖြစ်သဖြင့် ပြောစရာရှိတာပြောပြီး ပျော်ရွှင်စွာ စကားပြောနေခဲ့ကြသည်။

ဦးကြီးစိုင်းဘမောင်က ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးအောက်တွင် ဆေးလိပ်သောက်ရင်း တစ်စုံတစ်ရာကို တွေးနေဟန်ရှိသည်။

ဘခွေးပန်းအောင်၏ ပုံသဏ္ဌာန်မှာ ညှိုးရော်နေသယောင်ဖြစ်ပြီး မည်သည့်စကားကိုမျှမဆိုဘဲ ဝါးရုံအောက်တွင်ထိုင်ကာ လက်ဖက်ရှည်ကြမ်းကို သောက်နေသည်။

ကျွန်ုပ်တို့ လူငယ်မဆိုးအုပ်စုမှာ ဆတ်များများရရန်အရေးတွေးတောကာ···



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ညမှာလည်း ဆတ်တွေ ကြစ်တွင်းကို စောစော လာရင် ကောင်းမယ်'

'ဟုတ်တယ်၊ ဆတ်တွေ ကြစ်ကွင်းကိုလာတာနဲ့ ပစ်ပြီး သားပဲ'

'ဒါထက် မနေ့ညကလို မြွေကြီးလာရင် ဒုက္ခပဲ'

'အေးကွာ… မြွေကြီး ဝင်ရှုပ်လို့၊ နို့မို့ဆိုရင် ဆတ်နှစ်ကောင် သုံးကောင်တော့ အသာလေးပဲ'

'ဘာဖြစ်ဖြစ် ဦးကြီးကို ပြောပြီး ပစ်ခွင့်တောင်းရမယ်'

'ကောင်းတယ်၊ ကောင်းတယ်'

ကျွန်ုပ်တို့အုပ်စုမှာ နံနက်စာစားပြီးနောက် တောဟွင်းသို့ လျှောက်ကြည့်ကြသည်။ အထူးသဖြင့် ဆတ်အုပ်များဝင်သွားသည့် အနောက်ဘက် တောအုပ်ထဲသို့သွားရန် ဆန္ဒဖြစ်ပေါ်လာသဖြင့် ကျွန်ုပ်မှာ…

'ဟေ့ကောင် ပေါက်စတို့ရေ… လမ်းလျှောက်ရင်း အနောက်ဘက် တောအုပ်ဘက်ကို လျှောက်ကြည့်ရအောင်'

'ဟုတ်တယ်၊ ငါတို့လည်း အဲဒီဘက်ကို သွားကြည့်ချင်တာနဲ့ အတော်ပဲ'

ကျွန်ုပ်တို့အုပ်စုမှာ ဆန္ဒတူညီစွာဖြင့် အနောက်ဘက် တောအုပ်ဆီသို့ သွားခဲ့ကြသည်။ အနောက်ဘက်တောအုပ်ဟု





ဆိုသော်လည်း များစွာမဝေးလှချေ။ ကိုက်ငါးဆယ်သာသာခန့်သာ ရှိသည်။

အမှန်မှာမူ ကျွန်ုပ်တို့ ရောက်ရှိနေသောနေရာမှာလည်း တောအုပ်ထဲတွင်ဖြစ်ပြီး ချောင်းရှိသော မြေပြန့်အရပ်ကလေး တစ်ခု ဖြစ်နေခြင်းပင်။

သစ်ပင်ကြီးများ အပြိုင်းအရိုင်းပေါက်နေသော သစ်ပင် အုပ်ကြီးများက ညို့ညို့မှိုင်းမှိုင်း ဖြစ်နေသည်။ ထိုနေရာမှ ဆက် လျှောက်လာခဲ့ရာ တဖြည်းဖြည်း ကုန်းမြင့်ကလေးဖြစ်မှန်းမသိ မြင့်တက်လာပါသည်။

'ဟေ့ကောင်တွေ… ဆတ်တွေ ဘယ်နေရာမှာများ ပုန်း နေတယ် မသိဘူး'

'အေးကွ… ဒီနေရာက ဆက်သွားရင် တောနက်ကြီး ထဲ ရောက်သွားမယ်ထင်တယ်၊ ဆတ်တွေက နေ့ခင်းဘက်မှာ ဆိုတော့ လုံခြုံတဲ့နေရာမှာ ပုန်းနေတာနဲ့တူတယ်'

'ဒါပေမဲ့ ဒီတောကြီးထဲမှာ ရှိတာတော့ အမှန်ပဲ'

ပေါက်စက ဆရာကြီးစတိုင်လ်နှင့် ပြောလိုက်သည့် အတွက် ကျွန်ုပ်က ခပ်ချဉ်ချဉ်ရှိသဖြင့်…

'ဒီတောကြီးထဲမှာ ဆတ်တင် ဘယ်ကမလဲ၊ ကျားတွေ တောင် ရှိမှာ'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တမင်ပြောလိုက်ရာ အေးမောင်က ကြောက်တတ်သူပီပီ…

'တောထဲ တောင်ထဲမှာ စကားများများ မပြောရဘူး၊ အမှားပါတတ်တယ်၊ ကျားတွေ ဆင်တွေ မပြောပါနဲ့ကွာ၊ တော်ကြာ ညကျရင် ကျားတွေရောက်လာရင် ဘယ်လိုလုပ်မလဲ'

'ကျားလာရင် အတော်ပဲ၊ ရိုင်ဖယ်သေနတ်နဲ့ ပစ်လိုက်မယ်၊ ဒါမှ ကျားသားရေရမှာ'

'မင်းတို့ကလည်း ပြောလေကဲလေ ဖြစ်နေတာပဲ'

ထိုသို့ပြောပြီး ဆက်လျှောက်ခဲ့ကြသည်။

ထိုကုန်းမြင့်ကလေး၏ အဆုံးသို့အရောက်တွင်…

'ဟာ… ချောက်ကြီးပါလား'

နက်ရှိုင်းသော ချောက်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ ထိုချောက်ကြီး၏ အခြားတစ်ဖက်တွင် လွန်စွာမြင့်သော တောင်ကြီးတစ်ဘောင်ကို လှမ်းမြင်လိုက်ရသည်။

ကျွန်ုပ်က စပ်စပ်စုစု ချောက်ကြီးအနီးသို့သွားပြီး ငုံ့ကြည့်လိုက်ရာ…

'ချောက်က အနက်ကြီးပဲ'

ကျွန်ုပ်မှာ မူးဝေလာသဖြင့် နောက်ပြန်ဆုတ်လိုက်သည်။ ချောက်ကမ်းပါးမှ ရှေ့သို့ကြည့်လိုက်ရာ ချုံပုတ်ကြီးတစ်ခုကို တွေ့သဖြင့် ဆက်လျှောက်လာခဲ့သည်။





ချုံပုတ်ကြီးဆီသို့အရောက်တွင် သစ်ပင်ကလေးများကို နင်းထားသဖြင့် လူသွားလမ်းကလေးကဲ့သို့ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဟော့ကောင်တွေ ဒီမှာကြည့်စမ်း၊ သစ်ပင်ပုကလေးတွေကို နင်းသွားလို့ လမ်းဖြစ်နေတဲ့ပုံပဲ'

'ဟုတ်တယ်၊ ဒီလမ်းက တစ်စုံတစ်ယောက် သွားထားသလိုပဲ'

ကျွန်ုပ်တို့ မှဆိုးလက်သစ်ကလေးများမှာ ဟိုတွေး သည်တွေး အတွေးများနှင့် ချာချာလည်နေသည်။

'ဟုတ်ပါရဲ့ကွာ၊ လူသွားလမ်းကလေးအတိုင်းပဲ'

'ဟုတ်မှာပေါ့ကွာ၊ ဒီနေရာကို မုဆိုးတွေ အလာများလို့ တောလမ်းကလေးဖြစ်နေသလားမှ မသိတာ'

ထိုသို့ဖြင့် ကျွန်ုပ်တို့မှာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။

သည်တွင် ပေါက်စက…

'ဒီချုံကြီးနားမှာ လမ်းပျောက်သွားတယ်၊ ရှေ့ဆက်သွားကြည့်ရင် မကောင်းဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ နေရာတကာတွင် လွန်စွာစပ်စုတတ်သော ကျွန်ုပ်က…

'ဟုတ်တယ်၊ ရှေ့ဆက်သွားကြည့်ရင် ကောင်းမယ်၊ ဒါမှ ထူးခြားမှုတစ်ခုခုကို တွေ့ချင်တွေ့ရမှာ'

ဟု ပြန်ပြောလိုက်သည်။

ထိုသို့ဖြင့် ချုံပုတ်ကြီး၏ အရှေ့ဘက်သို့သွားရန် ဟန်ပြင်စဉ်တွင်…

အေးမောင်က…

'ဟိုးရှေ့မှာ တောကြီးက နက်သထက်နက်လာပြီး တို့ပြန်မှဖြစ်မယ်'

ဟူ၍ စိုးရိမ်မကင်းသည့် ဦးကြီးနှင့် ဘဒ္ဒေးကို ကြောက်သူများပီပီ…

'ဟုတ်တယ်၊ ရှေ့ဆက်သွားရင် တောနက်ကြီးထဲ ရောက်သွားလိမ့်မယ်၊ လမ်းမှားပြီး မပြန်တတ်မှ ဒုက္ခဖြစ်မယ်'

'ဟုတ်တယ်ကွ၊ လမ်းမှားပြီး လင့်စင်ဆီမရောက်ဘဲ မိုးချုပ်သွားမှ မကောင်းဆိုးဝါးအော်သံကြီး ပေါ်လာရင် ငါတို့ ဘယ်ပြေးကြမလဲ'

ဆန်းဝင်းက ကြောက်သည့်ပုံသဏ္ဌာန် လုပ်ပြသဖြင့် အားလုံးမှာ တဝါးဝါး ရယ်မောရင်း…





'အဲဒီ မကောင်းဆိုးဝါးက မိန်းမလှကလေးဖြစ်နေရင် ဆန်းဝင်းနဲ့ ပေးစားရမယ်၊ ဟား… ဟား… ဟား…'ဟူ၍ ပြောလိုက်ကြသည်။

ဆန်းဝင်းမှာ ဤသို့ပြောခြင်းကို မခံချင်ဖြစ်ကာ…

'မကောင်းဆိုးဝါး နာနာဘာဝဆိုတာ အစိမ်းသရဲတွေပဲ၊ ဘယ်လိုလုပ်ပြီး မိန်းမလှလေးဖြစ်မှာလဲ၊ ငါကတော့ မယူဘူး၊ ခွန်ဝင်းနိုင်နဲ့ ပေးစားလိုက်မယ်'

'ကောင်းတယ်… ကောင်းတယ်၊ ဟား… ဟား… ဟား…'

ကျွန်ုပ်တို့မှာ လူငယ်ပီပီ တောအကြောင်း တောင်အကြောင်းလည်း မသိ။

နိမိတ်ပုံကိုလည်း နားမလည်ချေ။

လူငယ် သူငယ်ချင်း ဆုံကြပါမှ ပြောချင်တာပြောပြီး ပျော်ရွှင်စွာ ရယ်မောခြင်းဖြင့် ပျော်အောင်နေတတ်ကြသူများ ဖြစ်သည်။

ငှက်ဆိုးတစ်ကောင်၏ ရိုက်ခတ်ခြင်းခံရသော ဘဒ္ဒေးပန်းအောင်မှာမူကား နိမိတ်မကောင်းဟုဆိုကာ စကားကိုပင် ဟပ်ဟပ် မပြောတော့ပေ။

သည့်အပြင် မကောင်းဆိုးဝါး ညည်းသံကြားရာက မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုထဲမှ တစ်ယောက်ယောက် အသက်အန္တရာယ်ရှိနိုင်သည်ဟု တွေးကာ ခပ်ငိုင်ငိုင်ဖြစ်နေသော ဦးကြီးစိုင်းဘမောင်။

ထိုကြားထဲတွင် မကြာမီ ကြုံတွေ့ရမည့် အန္တရာယ် အကြောင်းကို မတွေးတောဘဲ ပျော်ရွှင်စွာ ရယ်မောခဲ့ကြသော ငမိုက်သား ကျွန်ုပ်တို့အုပ်စုမှာ တောနက်ကြီးထဲသို့ ဆက်မသွား တော့ဘဲ ထိုနေရာမှ လှည့်ပြန်ခဲ့ကြသည်။

❑ ❑ ❑



အခန်း (၄)

## မကောင်းဆိုးဝါးသုံးကောင်နှင့် နတ်ကျား

ကျွန်ုပ်တို့အုပ်စုမှာ ညနေစာ ထမင်းစားပြီးချိန်တွင် ဦးကြီး စိုင်းဘမောင်က . . .

'မောင်စိုင်းတို့အဖွဲ့ကို ဦးကြီး စကားပြောစရာရှိတယ်၊ ဒီနေ့ညလည်း ဦးကြီးတို့ ဆက်ပြီးစောင့်ကြရမှာ ဖြစ်တယ်၊ အန္တရာယ်ဆိုတာ ဘယ်အရပ်ကလာမယ်ဆိုတာ မပြောနိုင်ဘူး၊ သတိဝီရိယနဲ့ စောင့်ကြည့်ရမယ်၊ အရမ်းကြောက်ပြီး သေနတ်နဲ့ ဟိုပစ် ဒီပစ် မလုပ်ရဘူး၊ ငါ့အမိန့်မရဘဲ ဘာမှမလုပ်ရဘူး၊ နောက်ပြီး ဒီအထဲမှာ ငါနဲ့ ကိုပန်းအောင် လူကြီးနှစ်ယောက် ရှိတယ်၊ ငါတို့က မင်းတို့ကို အသက်နဲ့လဲပြီး စောင့်ရှောက်မယ်၊ ကြောက်စရာရှိရင်တောင် သိပ်ကြောက်ဖို့ မလိုဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပေါ့ဆဆလည်း မနေရဘူး၊ ကိုင်း… မင်းတို့ ဘာပြောစရာ ရှိသေးလဲ'

ထိုသို့ဖြင့် ယနေ့ညတွင် စောင့်ရမည့် ကိစ္စရပ်အတွက် ကြိုတင်ပြောပြခဲ့သည်။

'ကျွန်တော်တို့မှာ ဘာမှပြောစရာမရှိပါဘူး၊ ဦးကြီးတို့ ပြောတဲ့အတိုင်း နေပါ့မယ်'

ကျွန်ုပ်တို့အားလုံးမှာ ဦးကြီးကို ဤသို့ ပြန်ပြောလိုက်သည်။

ကျွန်ုပ်မှာကား ဖခင်ကြီး ပေးထားသည့် ၃၇၅ မက်နမ် အမဲလိုက်ရိုင်ဖယ်သေနတ်ကြီးကို အဝတ်စဖြင့် သုတ်ရင်း…

'အင်း… ဒီနေ့ညတော့ သေချာပေါက် ဆတ်ကြီးကို ပစ်ရစေ'

ဟူ၍ စိတ်ထဲမှ ကြိတ်၍ဆုတောင်းလိုက်ပါသည်။

နေညိုညို ညနေစောင်းအချိန်သို့ ရောက်လာခဲ့ပြီ။ ကောင်းကင်သို့ မော့ကြည့်လိုက်ရာ အိပ်တန်းပြန်သည့် ငှက်အုပ်များ ပျံသန်းလာသည်ကို တွေ့လိုက်ရသည်။

ဤတွင် ဦးကြီးစိုင်းဘမောင်က စမ်းချောင်းနံဘေးရှိ ကြစ်ပြင်ကြီးသို့သွားရာ ကျွန်ုပ်လည်း ဦးကြီးနှင့်အတူ လိုက်လာခဲ့သည်။





ဦးကြီးစိုင်းဘမောင်က ကြစ်ကွင်းတစ်လျှောက် လိုက်ကြည့်ပြီး အချို့သောအရပ်တွင် အဖြူရောင် ဆားပွင့်ကလေးများ ပေါ်ထွက်နေသည်ကို တွေ့ရသောအခါ…

'မောင်စိုင်းရေ… ဒီကြစ်ပြင်ကို ကြည့်လိုက်စမ်း၊ ဘယ်လောက်တောင် ဆားခတ်တွေ များနေသလဲ မသိဘူး၊ ဆားတွေတောင် ပွင့်နေတယ်'

'ဟုတ်တယ် ဦးကြီး၊ ဆားပွင့်လေးတွေတောင် တွေ့ရတယ်'

'ဒီနေ့ညတော့ ဆတ်အုပ်ဟာ ဒီကြစ်ကွင်းကို ရောက်အောင် လာကိုလာလိမ့်မယ်'

'ဘာဖြစ်လို့လဲ ဦးကြီး'

'မနေ့ညက ဆတ်အုပ်ဟာ ကြစ်ကွင်းကို ဆားစားဖို့အတွက် ရောက်လာခဲ့ကြတယ်၊ ဒါပေမဲ့ မြွေကြီး ရောက်လာပြီး ဆတ်တစ်ကောင်ကို ဆွဲသွားလို့ အုပ်စုပျက်ပြီး ဟိုပြေးဒီပြေး ပြေးခဲ့ရတယ်၊ သူတို့အုပ်စုဟာ ဆားကောင်းကောင်း မစားလိုက်ရဘူး၊ ဒါကြောင့် လူခြေတိတ်တာနဲ့ ကြစ်ကွင်းဆီကို လာကို လာလိမ့်မယ်'

'ကျွန်တော်လည်း အဲဒီ ဆတ်အုပ်ထဲက တစ်ကောင်လောက်တော့ ရအောင်ပစ်ချင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့ကွာ'

'ကျွန်တော့်အဖေဆီက ဒီရိုင်ဖယ် အမွေရထားတာ မကြာသေးဘူး၊ ကျွန်တော်လည်း ဒီသေနတ်နဲ့ တောကောင်တစ်ကောင်မှ မပစ်ဖူးသေးဘူး၊ ဒီညတော့ လက်စွမ်းပြရတော့မယ်နဲ့တူတယ်'

'အေးပေါ့ကွာ၊ မင်းတို့က လူငယ်တွေဆိုတော့ အရမ်းတက်ကြွနေတာပေါ့၊ ဦးကြီးတို့ မင်းတို့အရွယ်တုန်းကဆိုရင်လည်း မင်းလိုပဲ တက်ကြွခဲ့တာပဲ၊

လင့်စင်ထိုးပြီး တောကောင်စောင့်ခဲ့တာ ခုနစ်ရက်ကြာတယ်'

'တောကောင်ရော ရရဲ့လား ဦးကြီး'

'ရတယ်ကွ'

'ဘာကောင်ရတာလဲ'

'ခုနစ်တောင်လောက်ရှိတဲ့ ကျားကြီးတစ်ကောင် ရတယ်'

'တယ်ဟုတ်ပါလား၊ ကျွန်တော်လည်း ဒီညမှာ ကျားကြီးပစ်ချင်လို့ ကျားလာရင် ကောင်းမယ်'

'ဟင်... မင်းက အမျိုးမျိုးပဲ၊ ခုနကတော့ ဆတ်ပစ်ချင်တယ်ဆို၊ ဘယ်လိုကနေ ကျားဖြစ်သွားပြန်ပြီလဲ'

'ဦးကြီးရယ်... ကျွန်တော်က တောကောင်ကြီးကြီးကို





ပစ်ချင်တာ၊ သမင်ရတဲ့ မုဆိုးနဲ့ ကျားပစ်ခွင့်ရတဲ့ မုဆိုးဟာ ဂုဏ်ချင်းဘယ်တူမလဲ'

'အေးပေါ့ကွာ... ကျားပစ်တဲ့ မုဆိုးကတော့ ပိုပြီး ဂုဏ်ရှိတာပေါ့၊ ဒါပေမဲ့ ကျားပစ်မုဆိုးက သမင်ပစ်တဲ့မုဆိုးထက် ပိုပြီး အန္တရာယ်များတာပေါ့'

'ဟုတ်တာပေါ့ ဦးကြီးရယ်'

'ကဲ... ကဲ... ဒီညမှာတော့ ဆတ်အုပ်က လာကိုလာမှာ၊ မင်းပစ်ရမှာ ကျိန်းသေပါတယ်'

'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်တို့လိုပင် ကျန်အဖွဲ့သားများမှာ ဟိုတစ်စု သည်တစ်စုဖြင့် ရောက်တတ်ရာရာ ပြောဆိုနေကြသည်။ ၎င်းတို့ပြောသည့် စကားထဲတွင် ကျွန်ုပ်တို့ကဲ့သို့ပင် ဆတ်အုပ်ကြီးအကြောင်း ပြောနေကြသည်။

တဖြည်းဖြည်းနှင့် တစ်နေ့ဝင်ကာ တစ်မိုးချုပ်ခဲ့ပြီ။

အမှောင်ထုက ကြီးစိုးလာကာ တစ်တောလုံးတွင် ပုရစ်သံကလေးများ ပေါ်ထွက်လာခဲ့သည်။

ညဉ့်ရှစ်နာရီထိုးခန့်အချိန်တွင် ကျွန်ုပ်တို့အားလုံး လင့်စင်ပေါ်သို့ ရောက်ခဲ့ကြသည်။

ကျွန်ုပ်တို့အားလုံးမှာ မနေ့က ဆတ်အုပ်ကြီးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် အနောက်ဘက် တောအုပ်ဆီသို့ မျှော်ကြည့်နေခဲ့ကြသည်။ တဖြည်းဖြည်း မိုးချုပ်လာသည်နှင့် ကောင်းကင်ထက်တွင် ကိုးရက်လတစ်ဝက်ကလေး ပေါ်ထွက်လာခဲ့သည်။

လမင်းကလေး၏ အလင်းက ကြွစ်ကွင်းပေါ်သို့ ဖြန့်ကြက်နေသည်။

လင့်စင်နှင့် မလှမ်းမကမ်းဖြစ်နေသဖြင့် ထိုနေရာတစ်ဝိုက်ကို ကောင်းစွာ မြင်တွေ့နေရသည်။

ကျွန်ုပ်လည်း ဆတ်အုပ်ကြီးကို မျှော်လင့်စောင့်စားရင်း အတွေးနယ်ချဲ့နေမိသည်။ အနောက်ဘက် တောအုပ်ဆီမှ ပိုးစုန်းကြူကလေးများ၏ အလင်းရောင်ကလေးများ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသည်။

ကျွန်ုပ်တို့ စောင့်စားရင်း အချိန်တွေ ကုန်လွန်ခဲ့သည်။

တဖြည်းဖြည်း လမင်းကြီး မြင့်တက်လာခဲ့သည်။ အချိန်ကား ညဉ့်သန်းခေါင်ယံသို့ တိုင်ခဲ့ပြီ။

စောင့်ရသော အချိန်များကား လွန်စွာကြာရှည်လှပြီဟု ထင်မိသည်။

စောင့်ရင်းပင် တဝါးဝါး သန်းဝေလာခဲ့သည်။ ညဉ့်အမှောင်သည် လူတို့ဝယ် အိပ်ချင်သည့်စိတ်ကို စိုးမိုးသည့်အလား တစ်ချက်တစ်ချက် အိပ်ငိုက်သွားခဲ့သည်။ ဦးကြီးစိုင်းဘမောင်





ဆူမည်စိုးသဖြင့် အိပ်ချင်စိတ်ကို မနည်းပင် ချိုးနှိမ်ခဲ့ရသည်။

ထိုစဉ် အနောက်ဘက်တောအုပ်ဆီမှ…

'အူး… အူး… အူး…'

ဟူသော တောခွေးများ၏ ဆွဲဆွဲငင်ငင် အူသည့် အူသံကို ကြားလိုက်ရသည်။

ကျွန်ုပ်သည် စောစောက အိပ်ချင်နေသည့်စိတ်များ လျှပ်တစ်ပြက်အတွင်း အိပ်ချင်ပြေသွားကာ တောအုပ်ဆီသို့ မျက်လုံးပြူးကြည့်မိသည်။

'အူး… အူး… အူး…'

'အူး… အူး… အူး…'

တောခွေးများ ဆက်၍အူလျက်ရှိသည်။

ကျွန်ုပ်မှာ တစ်စုံတစ်ခု ထူးခြားတော့မည်ဟု ယူဆသဖြင့် မမှိတ်မသုန်သော မျက်စိဖြင့် တောအုပ်ရှိရာဆီသို့ ကြည့်နေမိသည်။

ခွေးအူသံများ ပျောက်သွားပြီး တစ်တောလုံး လွန်စွာ တိတ်ဆိတ်သွားခဲ့သည်။ များမကြာမီအချိန်တွင် မနေ့ညကကဲ့သို့ပင်…

'အဟောင်း… ဟောင်း… ဟောင်း…'

'အဟောင်း… ဟောင်း… ဟောင်း…'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး··· ဟီး··· ဟီး···'

လေတိုးသံလော၊ မကောင်းဆိုးဝါး ညည်းသံလောဟူ၍ ဝေခွဲ၍မရသည့် အသံလှိုင်းတစ်ခုတည်း အဝေးတစ်နေရာမှ စတင် ကြားလိုက်ရသည်။

ထိုအသံများမှာ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နှင့် ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေသည်။ အားလုံးက ထို အသံကို ငြိမ်သက်စွာ နားထောင်နေသော်လည်း ကျွန်ုပ်မှာ မနေ နိုင် မထိုင်နိုင်ဖြစ်ကာ···

'ဦးကြီး··· ဦးကြီး··· မနေ့ညကလို မကောင်းဆိုးဝါး ညည်းသံကြီး ကြားရပြီ'

ဟု ဦးကြီးကို ခပ်တိုးတိုး ပြောလိုက်ရာ ဦးကြီးက···

'သေသေချာချာ နားထောင်စမ်း မောင်စိုင်း။ အသံက ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့'

'ဟုတ်တယ် ဦးကြီး'

ထိုအသံကြောင့် ကျွန်ုပ်တို့အုပ်စုမှ အဖွဲ့သားများမှာ မရှိး မရှုဖြစ်ကာ သေနတ်ကိုင်သူက ကိုင်၊ လက်နှိပ်ဓာတ်မီးကို ကိုင် သူက ကိုင်နှင့် အသင့်အနေအထား ဖြစ်နေခဲ့ကြသည်။

ပထမအစတွင်···

မကောင်းဆိုးဝါး ညည်းသံကြီးမှာ ပျောက်လိုက် ကြား





လိုက်ဖြစ်နေသော်လည်း အချိန်ကြာလာသောအခါ ထိုအသံကြီး မှာ တဖြည်းဖြည်း ကျယ်လောင်လာခဲ့သည်။

'အဟောင်း··· ဟောင်း··· ဟောင်း···'

'အဟီး··· ဟီး··· ဟီး···'

'အဟောင်း··· ဟောင်း··· ဟောင်း···'

'အဟီး··· ဟီး··· ဟီး···'

တဖြည်းဖြည်း အသံကြီးမှာ ကျယ်လောင်လာပြီး အနောက်ဘက်တောစပ်မှ ခပ်မည်းမည်းသဏ္ဌာန်များ ပေါ်ထွက် လာခဲ့သည်။

လရောင်မှာ ကိုးရက်လဖြစ်၍ လတစ်ဝက်၏ အလင်း ရောင်မှာ များစွာမလင်းသဖြင့် မသဲမကွဲ စတင်တွေ့မြင်ခဲ့ရ သည်။

အနောက်ဘက် တောအုပ်ဆီမှ မည်းမည်းသဏ္ဌာန်များ ပေါ်ထွက်လာသဖြင့် ရေတွက်ကြည့်ရာ မည်းမည်းသဏ္ဌာန်သုံးခု ဖြစ်သည်ကို တွေ့လိုက်ရသည်။

ထိုမည်းမည်းသဏ္ဌာန်သုံးခုမှာ တဖြည်းဖြည်းလျှောက် လာခဲ့သည်။

၄င်းတို့ ပေါ်ထွက်လာပြီးနောက် ညည်းသံကြီး ပျောက် ကွယ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်္ချိုင်းသုံးခုမှာ တရွေ့ရွေ့ လျှောက်လှမ်းလာရင်း လင့်စင်အနီးသို့ ရောက်လာခဲ့သည်။

ကျွန်ုပ်မှာ အမျိုးအမည်မသိသော သင်္ချိုင်းများကို ပစ်ခတ်ရန် မက်နမ်ရိုင်ဖယ်ပေါ်သို့ ကျွန်ုပ်၏လက်မှာ ရောက်ရှိသွားခဲ့သည်။

သည့်တွင် ဦးကြီးက…

'ငါ့အမိန့်မရဘဲ ဘယ်သူမှ သေနတ်မပစ်နဲ့'

ဟူ၍ ခပ်တိုးတိုး ပြောလိုက်သည်။

ကျွန်ုပ်သည် တဖြည်းဖြည်း နီးကပ်လာသော မည်းမည်းသင်္ချိုင်းသုံးခုကို သေချာစွာကြည့်လိုက်သောအခါ ဆံပင်ဖားလျားချထားပြီး အနက်ရောင်ဝတ်ရုံကို ခြုံထားသည့် မိန်းမကြီးသုံးဦးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဟာ… အဝတ်မည်းဝတ်ထားတဲ့ မိန်းမကြီးသုံးယောက်ပါလား၊ သူတို့ဟာ ညအချိန်မတော် ဘာကြောင့် ဒီအနားကိုရောက်လာတာလဲ'

'ရှူး… တိုးတိုး၊ ဘာစကားမှမပြောနဲ့'

ဘခွေးပန်းလှက ထပ်ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ဘာမှထပ်မပြောဘဲ ငြိမ်နေလိုက်သည်။

ထို ဝတ်ရုံမည်းမည်းခြုံထားသော ဆံပင်ဖားလျားချထား





သည့် မိန်းမကြီးများမှာ လင့်စင်အနီးမှ ကျော်ဖြတ်ကာ ကြစ်ကွင်းဆီသို့ သွားခဲ့ကြသည်။

ထို့နောက် ထိုသုံးဦးမှာ ကြစ်ကွင်းသို့ ရောက်သောအခါ တြိဂံပုံသင်္ချိုင်း နေရာယူလိုက်သည်။

'ဒီမိန်းမကြီးသုံးယောက် ဘာလုပ်မလို့လဲ မသိဘူး'

ဟူ၍ ကျွန်ုပ်၏စိတ်မှာ တွေးလိုက်သည်။

ထို့နောက် သူတို့သည် စမ်းချောင်းကလေးဘက်သို့ မျက်နှာမူပြီး လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းကာ တစ်စုံတစ်ခုကို ရွတ်ဆိုနေဟန်ရှိသည်။

ကျွန်ုပ်တို့အုပ်စုလည်း ယခုလို အချိန်မတော် အကာလည့်အချိန်တွင် တွေ့ရှိရသော ဤသုံးဦး၏သင်္ချိုင်းမှာ ထူးခြားလွန်း၍ လူလော ပရလောကသားများလောဟူ၍ အမျိုးမျိုးတွေးထင်ကာ မမှိတ်မသုန်သော မျက်စိဖြင့် ကြည့်နေခဲ့သည်။

ထိုမည်းမည်းသင်္ချိုင်းများအား ကြည့်နေစဉ် ၎င်းတို့ထံမှ…

'အဟင်း… ဟင်း… ဟင်း…'

'အဟီး… ဟီး… ဟီး…'

ဟူသော အသံများ ပေါ်ထွက်လာပြီး အရှေ့ဘက် တောအုပ်ဆီသို့ တရွေ့ရွေ့ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း…'

သူတို့ ပျောက်ကွယ်သွားမှ ဦးကြီးစိုင်းဘမောင်ထံမှ ဟင်းချသည့် အသံကြီးကို ကြားလိုက်ရသည်။

ကျွန်ုပ်အား မည်သည့်စကားမှ မဆိုနှင့်ဟု ပြောထားသည့်အတွက် ဤမျှ ထူးခြားသော မြင်ကွင်းမှ မည်းမည်းသဏ္ဍာန်မိန်းမကြီးသုံးဦးအကြောင်းကို မည်သို့မျှ မမေးဝံ့အောင် ဖြစ်နေပါသည်။

ထိုမိန်းမကြီးများ ပျောက်ကွယ်သွားပြီး မကြာမီတွင် တောအုပ်ထဲမှ မည်းမည်းသဏ္ဍာန်များ လှုပ်လှုပ်ရွရွဖြစ်လာပါတော့သည်။

'ဟော… တောစပ်မှာ ဘာတွေလဲ မသိဘူး၊ တလှုပ်လှုပ်နဲ့'

ကျွန်ုပ်သည် ဤသို့ စိတ်ထဲမှကြိတ်ပြီး ရေရွတ်မိသည်။ မကြာမီ လင့်စင်အနီးသို့ ရောက်လာခဲ့ရာ…

'ဟာ… ဆတ်အုပ်တွေ'

ဟူသော စကားကို ကျွန်ုပ်၏ နှုတ်ခမ်းမှ လွှတ်ခနဲထွက်သွားသည်။

ကျွန်ုပ်တို့ လွန်စွာ မျှော်လင့်စောင့်စားခဲ့သည့် ဆတ်အုပ်များ ကြစ်ကွင်းသို့ ဆင်းလာခဲ့ပြီ။

ဒိုးယွန်းယဉ်စာပေ



ပျော်လိုက်သည်ဖြစ်ခြင်း။

သည်အချိန်ကို စောင့်စားခဲ့သည်မှာ နာရီပေါင်းများစွာကြာခဲ့ပြီ။

ဦးကြီးက အစီအစဉ်ကျနမှုမရှိဘဲ ဆတ်များကို ပစ်မှာစိုးရိမ်သဖြင့်…

'ဘယ်သူမှ မပစ်ကြနဲ့ဦး၊ ကြစ်ကွင်းရောက်မှ သေသေချာချာ ချိန်ပစ်ကြမယ်၊ ငါ့အမိန့်မရဘဲ မပစ်ကြနဲ့'

'ဟုတ်ကဲ့'

ကျွန်ုပ်တို့အုပ်စုမှာ ဤသို့ပြောရင်း ဆတ်အုပ်ကြီးကို လှမ်းကြည့်နေခဲ့သည်။

ဆတ်အုပ်ကြီးမှာ ဖြောင့်ဖြောင့်တန်းတန်း ကြစ်ကွင်းသို့ မသွားဘဲ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသည်။

တချို့သော ဆတ်များမှာ ရှေ့သွားပြီး နောက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြစ်ကာ ဂနာမငြိမ်သည့်ပုံစံမျိုး ဖြစ်နေသည်။

တချို့ ဆတ်များမှာ ကြစ်ကွင်းမှ ဆားပွင့်များကို ရက်ရင်း နောက်ဆံတင်းနေသည့်အလား အနောက်ဘက်သို့ လှည့်ကြည့်လိုက် ပြန်ရက်လိုက် လုပ်နေပါသည်။ ဂနာမငြိမ်ဖြစ်နေသည့် ဆတ်များကိုပစ်ရန် ကျွန်ုပ်၏ မက်နမ်ရိုင်ဖယ်ကြီးနှင့် ချိန်လိုက်သည်။

ဒိုးယွန်းယဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးအသီးသီးမှာ သူနှင့် နီးစပ်ရာ သားကောင်များကို သေနတ်ဖြင့် ချိန်ထားသည်။

သို့သော် ချက်ကောင်းထိမည့်ပုံ မပေါ်သေးသဖြင့် စောင့်ဆိုင်းနေခဲ့ကြသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့ လင့်စင်အောက်မှ စိမ်းဖန့်ဖန့်အလင်းရောင်ရှိသော တိရစ္ဆာန်ကြီးတစ်ကောင် ပေါ်ထွက်လာခဲ့သည်။ ၎င်း၏တစ်ကိုယ်လုံးမှာ လရောင်အောက်တွင် အဏုမြူသုတ်ထားသကဲ့သို့ စိမ်းဖန့်ဖန့်အရောင်မှာ လင်းလက်နေသည်။

ထိုအကောင်ကြီးက လင့်စင်နှင့် မနီးမဝေး၌ရှိသော သစ်ပင်ကြီးဆီသို့ တွားသွားနေသည်။

'ဟာ… ဘာကောင်ကြီးလဲ'

ကျွန်ုပ် မည်သို့မျှ မနေနိုင်ပါ။ ထို့ကြောင့် ဤစကားကို လွှတ်ခနဲ ထွက်သွားခဲ့သည်။

ထို့နောက် ထိုတိရစ္ဆာန်ကြီးကို ကျွန်ုပ်တို့အုပ်စုမှာ သေသေချာချာကြည့်လိုက်ရာ…

'ဟာ… ကျားကြီးပါလား'

အနီးကပ်ကြည့်မှ စိမ်းဖန့်ဖန့်အရောင်အောက်တွင် အစင်းကျားများကို မြင်တွေ့ရသဖြင့် ကျားကြီးမှန်း သိလိုက်သည်။

'ကျားကြီးတစ်ကိုယ်လုံးမှာ ဘာကြောင့် အဏုမြူအရောင်





တွေ တောက်ပနေပါလိမ့်၊ ဦးကြီးတို့ပြောတဲ့ နတ်ကျားဆိုတာလား၊ ဒီလို အလင်းရောင်ထွက်နေတဲ့ ကျားမျိုးကို တစ်ခါမှ မမြင်ဖူးဘူး'

ထိုကျားကြီးမှာ ခြေသံလုံ့စွာဖြင့် ဆတ်များအနီးသို့ တစ်လှမ်းချင်း လှမ်းသွားခဲ့သည်။

ကျွန်ုပ်တို့မှာ မည်သည့်သားကောင်ကို ပစ်ရမှန်းပင် မသိတော့ချေ။ ဆတ်များကိုပင် ပစ်ရမည်လော၊ နတ်ကျားလိုလို အလင်းရောင်ထွက်နေသည့် ကျားကြီးကိုပင် ပစ်ရမည်လောဟူ၍ အမျိုးမျိုး တွေးဆနေမိသည်။

ဤတွင်…

'ဝေါင်း…'

ဟူသော အသံနှင့်အတူ ဆတ်တစ်ကောင်ကို ခုန်အုပ်ပြီး ကုပ်ကို ကိုက်ချီလိုက်ရာ ဆတ်ကြီးက ရုန်းကန်နေသဖြင့် တဝုန်းဝုန်းအသံများ ပေါ်ထွက်လာခဲ့သည်။ လွန်စွာတိတ်ဆိတ်နေသောည၌အချိန်ဖြစ်၍…

'ဝုန်း…'

'ဝုန်း…'

ဟူသော အသံမှာ ကျယ်လောင်လှသည်။

ထိုသို့ ကြည့်နေစဉ်အတွင်း ကျားကြီးမှာ ဆတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ချီပြီး အမှောင်ထုအတွင်း ခုန်ဝင်ကာ ပျောက်ကွယ်သွားတော့သည်။

'ဟာ… ကျားကြီး ပျောက်သွားပြီ'

ကျွန်ုပ်မှာ စိတ်ထဲမှကြိတ်ပြီး ရေရွတ်လိုက်သည်။

ကျားကြီး၏အရောင်မှာ တူးဆန်းစွာ တောက်ပနေသကဲ့သို့ ဆိတ်ကို ကိုက်ချီသွားသည့်အချိန်မှာလည်း မီးစိမ်းအတွင်း လောက်သာရှိသည်။

လျှပ်တစ်ပြက်အတွင်း ဆိတ်တစ်ကောင်ကို ကိုက်ချီသွားသည်မှာ မြန်ဆန်လွန်းလှသည်။

'ဝုန်း…'

'ဝုန်း…'

'ဝုန်း…'

ဟူသော အသံများနှင့်အတူ ဆိတ်အုပ်ကြီးမှာ ဒရောသောပါး ပြေးသွားသဖြင့် ကျွန်ုပ်၏ မက်နမ်ရိုင်ဖယ်ကြီးမှာ ချိန်ထားသော်လည်း မည်သို့မျှ ပစ်ခွင့်မရတော့ချေ။

'ဟင်း… ဒီတစ်ခါလည်း သွားပြန်ပြီ'

သည်စကားကိုတော့ အသံထွက်ပြီး ပြောလိုက်ရာ ကျွန်ုပ်ကဲ့သို့ပင် ပေါက်စတို့ အေးမောင်တို့ ခွန်ဝင်းနိုင်တို့သုံးဦးမှာလည်း…





'ဟာကွာ… ဒီညလည်း အနှောင့်အယှက်ဝင်လာပြန်ပြီ'

'အဲဒါ စိုင်းဆမ်တစ်ကြောင့် ဖြစ်ရတာ'

'ငါနဲ့ ဘာဆိုင်လို့လဲ'

'မင်းပဲ ဆင်ဖမ်းမလေး၊ ကျားဖမ်းမလေး ပြောခဲ့တယ်လေကွာ'

'ဒါကတော့ ငါလည်း ငါဖမ်းချင်တာ ပြောတာပေါ့ကွာ၊ ဒါပေမဲ့ ငါပြောတာနဲ့ ကျားရောက်လာတာနဲ့ ဘာဆိုင်လို့လဲ'

'ဘာဆိုင်ရမလဲ၊ ဒီတောတောင်ကြီးထဲမှာ ပေါက်တတ်ကရ မပြောရဘူးဆိုတာ မသိဘူးလား၊ မင်း မဆင်မခြင်လျှောက်ပြောလို့ ကျားကြီးရောက်လာပြီး ငါတို့ စားကျက်ပျက်ရတာ'

'မဆိုင်ပါဘူးကွာ'

'မင်းကသာ မဆိုင်ပါဘူးလုပ်နေ၊ ကျားကြီးက နတ်ကျားလား မသိဘူး၊ တစ်ကိုယ်လုံး စိမ်းဖန့်ဖန့်အရောင်တွေ ထွက်နေတယ်'

'အေး… အဲဒါတော့ မင်းတို့ပြောတာ ငါ ထောက်ခံတယ်၊ နတ်ကျား ဟုတ်မဟုတ်ကို ပြောတာမဟုတ်ဘူး၊ ကျားကြီးက ညဘက်မှာ အရောင်တွေထွက်နေတာ ဘာကြောင့်လဲ'

'မင်းကလည်း မသိတဲ့လူကို မတတ်တဲ့လူက လာမေးနေပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟုတ်တယ်'

'ဒါဆို ဦးကြီးနဲ့ ဘဒွေး တစ်ယောက်ယောက်ကို မေးမှ ဖြစ်မယ်'

ကျွန်ုပ်တို့ငါးဦးမှာ တီးတိုးစကားဖြင့် စစ်ခင်းနေကြသည်။

သည်တွင် ဆတ်အုပ်များလည်း မရှိတော့ပြီဖြစ်၍ ဦးကြီးစိုင်းဘမောင်အား မေးမြန်းလိုက်သည်။

'ဦးကြီး ခုနက ကျားကြီးက တစ်ကိုယ်လုံး စိမ်းဖန့်ဖန့် အရောင်တွေ ထွက်နေတာ ဘာကြောင့်လဲ'

'အေး… အဲဒါ ငါလည်း ထူးဆန်းလွန်းလို့ ကြည့်နေတာ'

'ဦးကြီးရော ဒီလိုကျားမျိုးကို မတွေ့ဖူးဘူးလား'

'အေး… ငါ့တစ်သက်မှာ ဒီလို အလင်းရောင်ထွက်နေတဲ့ ကျားမျိုး မတွေ့ဖူးဘူး'

'ဦးကြီးရာ ဒီတစ်ခါ ဆတ်ပစ်ထွက်တာ ဘာကြောင့် ထူးဆန်းတာတွေနဲ့ လာတွေ့နေရသလဲ မသိဘူး'

'အေး… ဟုတ်တယ်၊ ဒါပေမဲ့ အခုအချိန်က မိုးမလင်းသေးဘူး၊ စကားတွေပြောမနေကြနဲ့၊ မသိတာရှိရင် မနက်မှ ပြောကြ'





'ဟုတ်ကဲ့ပါ ဦးကြီး'

ကျွန်ုပ်တို့အားလုံးမှာ ဦးကြီး၏ စကားကြောင့် မည်သည့်စကားမျှမဆိုဘဲ ခပ်ဆိတ်ဆိတ်နေလိုက်ကြသည်။

သည်ညအဖို့လည်း ဆတ်အုပ်စု မလာတော့မှန်းသိလျက်နှင့် တိတ်ဆိတ်စွာ စောင့်စားနေခဲ့ရသည်။ ညတာရှည်လွန်းသော ညများတွင် ဤညမှာ တစ်ညအပါအဝင်ဖြစ်ပေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## မင်းတို့ထဲက တစ်ယောက်နေခဲ့

ရောင်နီပေါ်လာသည့်တိုင် ဤစမ်းချောင်းကလေးနံဘေးရှိ ကြစ်ကွင်းဆီသို့ မည်သည့်သတ္တဝါမျှ ပေါ်မလာတော့ပေ။

ဗိုက်ထဲက ဆာလောင်မွတ်သိပ်လာသဖြင့် ခပ်စောစော ပင် လင့်စင်မှ အောက်သို့ဆင်းလာပြီး မီးမွှေးလိုက်သည်။

အသင့်ယူဆောင်လာသည့် ဆန်ဖြင့် ထမင်းအိုးတည်လိုက်ရာ ဦးကြီးက…

'မောင်စိုင်း ဘယ်လိုဖြစ်လို့ အစောကြီးထပြီး ထမင်းအိုး တည်နေရသလဲ'

'ဦးကြီးရာ… ညက အဖြစ်အပျက်ကြောင့် ဘယ်လိုမှ အိပ်လို့မရတော့ဘူး၊ ဒါကြောင့် စောစောထပြီး ထမင်းအိုးတည် လိုက်တာ'





'အေးပေါ့ကွာ… စောစောကျက်တော့ စောစောစားကြ တာပေါ့'

'ဟုတ်ကဲ့ပါ ဦးကြီး'

လူယော်အုပ်စုမှာ ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာပြီး ဟင်းလျာများ ချက်ပြုတ်ပေးခဲ့ကြသည်။

သူတို့ကလည်း ညကကိစ္စကို တဖျစ်တောက်တောက်နှင့် မကျေနပ်ကြပေ။

'ညက ကျားကြီးဟာ နတ်ကျားဖြစ်မယ်နဲ့တူတယ်'

ခွန်ဝင်းနိုင်က ဤသို့ သူ၏ထင်မြင်ယူဆချက်ကို စတင် ပြောလိုက်သည်။

သည်တွင် နဂိုကမှ ဘုကန့်လန့်ပြောတတ်သော အေးမောင်က…

'ဘယ်နတ်ရဲ့ နတ်ကျားလဲ၊ ငါတို့ဘာသာ ဆတ်ပစ်လို့ မရတဲ့အထဲမှာ ဘယ်နတ်ကပါ မကျေနပ်လို့ နတ်ကျားလွှတ်ရ တာလဲ'

ဟူ၍ ဘုကန့်လန့်ပြောလိုက်ရာ ပေါက်စက…

'ဟေ့ကောင်… အေးမောင်၊ ဘာတွေလျှောက်ပြောနေ တာလဲ၊ ခွန်ဝင်းနိုင် ပြောတာက ကျားကြီးက အလင်းရောင်တွေ ထွက်နေလို့ နတ်ကျားလား မသိဘူးလို့ ပြောတာ'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စိတ်ပြေမည့်စကားကို ပြောလိုက်သည်။

သည်တော့မှ အေးမောင်ကလည်း စိတ်လျှော့ကာ…

'ငါက ဒေါသဖြစ်လို့ ပြောတာမဟုတ်ဘူး၊ ဒီညဆိုရင် နှစ်ည ရှိပြီ အနှောင့်အယှက်ဝင်နေတာ'

'ဟုတ်ပါ့ကွာ… ဆတ်အုပ် မလာခဲ့ဘူးဆိုရင်လည်း ဟုတ်သေးတယ်၊ ဆတ်အုပ်ကလည်း အချိန်မှန်လာတယ်၊ ပစ် မယ်လုပ်တဲ့အချိန်မှာ မြွေကြီးက ရောက်လာလိုက် ကျားကြီးက ရောက်လာလိုက်နဲ့ သူများတွေကို ပြောပြရင်တောင် ယုံဖို့ခပ်ခက် ခက်ပဲ'

'ယုံချင်ယုံ၊ မယုံချင်နေလို့တောင် ပြောရမလိုဖြစ်နေပြီ'

'အေးကွာ… စဉ်းစားစရာတော့ ဖြစ်နေပြီ'

ကျွန်ုပ်တို့ လူငယ်အုပ်စု ဤသို့ပြောနေစဉ်…

ဦးကြီးစိုင်းဘမောင်က အနားသို့ရောက်လာခဲ့သည်။

'မင်းတို့ ဘာတွေပြောနေကြတာလဲ'

ဟု မေးမြန်းလိုက်သည်။

သည်တွင် ကျွန်ုပ်က…

'ကျွန်တော်တို့ ညကအကြောင်း ပြောနေတာပါ'

'ဟုတ်တယ် ဦးကြီး၊ ကျွန်တော်တို့ စောင့်ခဲ့တာ နှစ်ည ရှိနေပြီ၊ ဆတ်အုပ်တွေ တွေ့ရက်သားနဲ့ အနှောင့်အယှက်တွေ





ပေါ်နေတယ်၊ ပထမနေ့က မြွေကြီးဆိုလည်း သစ်ကိုင်းကြီးလိုပဲ အကွက်တွေနဲ့၊ တစ်ခါမှမတွေ့ဖူးဘူး၊ တုတ်တုတ်ခိုင်ခိုင်ကြီးပဲ၊ ဆတ်ကိုခွဲသွားတာများ မြန်မှမြန်ပဲ၊ မနေ့ညကတော့ စိမ်းဖန့်ဖန့် ရောင်တောက်နေတဲ့ ကျားကြီး ရောက်လာတယ်၊ အဲဒီကောင်က လည်း ဆတ်တွေကို ခွဲသွားမြန်ရော၊ မဟုတ်မှလွဲရော ကျွန်တော် တို့ကို ဆတ်အုပ်တွေ မပစ်စေချင်လို့ အနှောင့်အယှက်ပေးနေတာ များလား ဦးကြီးရယ်'

အေးမောင်တစ်ယောက် သူ၏ ခံစားချက်ကို ရင်ဖွင့်ကာ ပြောလိုက်သည်။

သည်တော့ ဦးကြီးစိုင်းဘမောင်က ကျွန်ုပ်တို့အုပ်စုကို သနားသွားပုံရသည်။

'မောင်အေးမောင်ရယ်… ဒီလောကလည်း ခံစားချက် မပြင်းပါနဲ့၊ အယူလည်း မသည်းပါနဲ့ကွာ၊ တစ်ခါတစ်ရံမှာ လွယ် မယောင်နဲ့လည်း ခက်တတ်တယ်၊ တိမ်မယောင်နဲ့လည်း နက် တတ်တယ်ကွ၊ အလုပ်ဆိုတာ ဘယ်နေရာမှာပဲဖြစ်ဖြစ် အခက်အခဲ ဆိုတာလေးတွေ ရှိတတ်တယ်၊ အခုလည်း တို့အလုပ်အတွက် ဒါဟာ အခက်အခဲတွေပဲ'

'အခက်အခဲတွေတယ်ဆိုတာတော့ မငြင်းပါဘူး ဦးကြီး ရယ်၊ ကြမ်းတမ်းခက်ခဲတဲ့ အလုပ်တွေကိုလည်း ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ဖူးပါတယ်၊ ထမ်းကြပိုးကြနဲ့ ချေးတလုံးလုံးထွက်အောင် လုပ်တာတောင် မညည်းညူခဲ့ပါဘူး'

'ဟုတ်တယ်ကွယ့်၊ မင်းတို့ ထမ်းကြပိုးကြ ချေးထွက်ကြနဲ့ ဒါဟာ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အခက်အခဲပဲ'

'ဦးကြီး ဆတ်အုပ်တွေရဖို့ ဒီလောက် ခက်ခဲနေရင် ကျွန်တော်တို့ ဒီည ဆက်ပြီးစောင့်ကြမလား၊ ပြန်ကြမလား'

ခွန်ဝင်းနိုင်က ဤသို့ တိုက်ရိုက်မေးလိုက်ရာ ဦးကြီးစိုင်းဘမောင်က . . .

'ဆတ်ပစ်ဖို့လာတာ ဆတ်မရဘဲနဲ့ ပြန်လို့ ဘယ်ဖြစ်ပါ့မလဲ၊ တို့တစ်တွေ နှစ်ညလုံးလုံး စောင့်ခဲ့ပေမယ့် အခက်အခဲရှိတာ အမှန်ပါပဲ၊ ဒါပေမဲ့ ဒါဟာ စိတ်ပိုင်းဆိုင်ရာ အခက်အခဲဖြစ်တယ်၊

စိတ်မရှည်အောင် နှိုးဆွနေခြင်းဖြစ်တယ်၊ ဒါကို စိတ်ရှည်သည်းခံ ခွဲသန်သန်နဲ့ စောင့်ရမှာပဲ'

ဦးကြီး စိုင်းဘမောင်က ဤသို့ရှင်းပြစဉ် ဘချေးပန်းအောင်က အနီးသို့ရောက်ရှိလာပြီး . . .

'ကိုကြီးစိုင်း . . . ကျွန်တော်က ဒီကိစ္စထဲ ဝင်မပါဘူးလို့ နေပေမယ့် မပါလို့မရတော့ဘူး'





'ကိုပန်းအောင်က ဘာပြောချင်လို့လဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ'

'ပြောရရင်တော့ ဒီနေ့မနက်မှာပဲ ကျုပ်တို့ ရွာကိုပြန်ရင် ကောင်းမယ်'

ကိုပန်းအောင်က ဆန့်ကျင်ဘက်စကားကို ပြောလိုက်သဖြင့် ဦးကြီးစိုင်းဘမောင် အံ့အားသင့်သွားခဲ့သည်။

'ကိုပန်းအောင် ခင်ဗျားဟာ ကျုပ်နဲ့ အမြဲပဲ တစ်စိတ်တည်းနေခဲ့တာ၊ အခု ဘာဖြစ်လို့ စိတ်ပြောင်းသွားတာလဲ'

'ကိုကြီးစိုင်း အရာရာမှာ လူနှစ်ဦးဟာ စိတ်တစ်ထပ်တည်းမကျဘူး'

'ဒါဆိုရင် ကိုပန်းအောင်က ဘာပြောချင်တာလဲ'

'ပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျုပ်တို့ ဒီနေရာက အမြန်ဆုံးပြန်ကြရင် ကောင်းမယ်'

'ကိုပန်းအောင် ခင်ဗျားက ဘာဖြစ်လို့ ဒီစကားမျိုးပြောတာလဲ၊ ခင်ဗျားဟာ မုဆိုးတစ်ယောက် မဟုတ်လား၊ တောပစ်ထွက်လာပြီး သားကောင်တစ်ကောင်မှမပါဘဲ ပြန်ရိုးထုံးစံရှိသလား'

'ကိုကြီး ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ မနက်လင်းအားကြီးလောက်မှာ အိပ်မက်မက်တယ်၊ ကျုပ်တို့ လင့်စင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတုန်းမှာ အနောက်ဘက်တောတန်းဘက်က လူတစ်ယောက် ထွက်လာတယ်၊ အဲဒီလူရဲ့ အရပ်က ခြောက်ပေကျော် ခုနစ်ပေလောက်ရှိမယ်၊ အရပ်က ထောင်ထောင်မောင်းမောင်း ကြီးဗျာ၊ နောက်ပြီး သျှောင်တစောင်းထုံးထားပြီး တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင်တွေ ထိုးထားတယ်၊ ပြီးတော့ သူ့ကြည့်ရတာ ဟိုးရှေးခေတ်က လူကြီးတွေလိုပဲ ခါးတောင်းကျိုက်ကြီးနဲ့ဗျ'

'ဆက်ပြောပါဦး'

'သူက တောအုပ်ထဲကနေ ကြစ်ကွင်းဆီကို တဖြည်းဖြည်း လျှောက်လာတယ်၊ သူဟာ အသားမည်းပြီး အရပ်ဆိုးတယ်၊ ကြစ်ကွင်းကိုကြည့်ပြီး တောက်တစ်ချက်ခေါက်လိုက်တယ်၊ သူ့ကြည့်ရတာ ကျုပ်တို့အုပ်စုကို မကျေနပ်သလိုပဲ၊ ပြီးတော့ လင့်စင်ပေါ်ကို တစ်ချက်မော့ကြည့်လိုက်တယ်၊ သူ့မျက်နှာက ကြောက်စရာကြီးဗျာ၊ သူက အသံသြသြကြီးနဲ့ ပြောလိုက်တယ်၊ 'မင်းတို့ ဒီနေ့ ပြန်ရင်ပြန်၊ မပြန်ရင် မင်းတို့ထဲက တစ်ယောက်ယောက် နေခဲ့ရမယ်' တဲ့၊ ကျုပ်က ဘာဖြစ်လို့နေခဲ့ရမှာလဲလို့မေးတော့ 'ငါ့မှာ အဖော်မရှိလို့' တဲ့၊ သူ့အသံကြီးနဲ့ သူ့မျက်နှာကြီးက သွေးပျက်စရာပဲဗျာ'

'ကိုပန်းအောင် ခင်ဗျားဟာ မုဆိုးကောင်း မဟုတ်တော့ဘူး၊ သတ္တိနည်းနဲ့သူ ဖြစ်နေပြီ'





ဦးကြီး စိုင်းဘမောင်က ဘဒွေးကို ပြစ်တင်ရှုတ်ချစွာ ပြောလိုက်သည်။

'ဟုတ်တယ် ကိုကြီး၊ ခင်ဗျား ပြောလည်း ကျုပ် ခံရတော့မှာပဲ၊ ကျုပ်ကိုက စိတ်စွဲနေလို့ ဒီအိပ်မက်မျိုးတွေ မက်တာလား မသိဘူး'

ဘဒွေးက သူ့စကား လွန်သွားမှန်းသိ၍ လျှော့ချသွားခဲ့သည်။

သည်တွင် ကြောက်တတ်သည့် ခွန်ဝင်းနိုင်က...

'အတိတ်နိမိတ်တွေကတော့ သိပ်မကောင်းဘူး၊ ဆက်ရတာ မရတာ အကြောင်းမဟုတ်ဘူး၊ ဒီညမှာ ဘယ်လိုအန္တရာယ်ဆိုးနဲ့ တွေ့မယ်ဆိုတာလည်း မပြောနိုင်ဘူး၊ ဘဒွေး အိပ်မက်နိမိတ်အတိုင်း အန္တရာယ်နဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ'

ဤသို့ပြောလိုက်ရာ ပေါက်စက သွေးနည်းသူပီပီ...

'ဟုတ်တယ်၊ ဒါဆိုရင် ဒီည ဒီမှာဆက်မနေတော့ဘဲ ပြန်ရင် မကောင်းဘူးလား'

ထိုသို့ပြောလိုက်ရာ ကျွန်ုပ်တို့အုပ်စုမှာ...

'ဟာ... ဘယ်ဖြစ်မလဲ၊ တောလိုက်လာတာ ဘာဖြစ်လို့ ပြန်ရမှာလဲ၊ ဒီညမှာ ဆတ်အုပ်လာမှာ သေချာတယ်၊ သူတို့ သားကောင်းမစားရသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘခွေး အိပ်မက်အတိုင်း ဒီညမှာ တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ'

ကျွန်ုပ်တို့အုပ်စုမှာ လူစုနှစ်စုတည်းနှင့် နှစ်ခြမ်းကွဲနေသည်။

ဘခွေး၊ ပေါက်စ၊ ခွန်ဝင်းနိုင်က တစ်ဖက်။

ကျွန်ုပ်တို့လေးယောက်က တစ်ဖက်။

အခြေအတင် ဖြစ်နေကြသည်။ ပြန်ချင်သည့်အုပ်စုက တစ်စု။

သည်ည ဆက်ပြီးစောင့်ချင်သည့်အုပ်စုက တစ်စု။

နောက်ဆုံးတွင် ဦးကြီး စိုင်းဘမောင်မှာ…

'ကိုင်း… အားလုံးနားထောင်ကြ၊ ငါတို့ တောလိုက်လာတာ အနှစ်နှစ်ဆယ်ကျော်ရှိပြီ၊ ဒီလို ပြန်မယ် မပြန်ဘူးဆိုပြီး စိတ်ဝမ်းကွဲတာ မရှိဘူး၊ ဒီတော့ အားလုံးစဉ်းစားကြ၊ ပြန်ရင် အားလုံးအတူတူပြန်ကြမယ်၊ နေရင်လည်း အတူတူနေကြမယ်'

ထိုသို့ပြောလိုက်ရာ ကျွန်ုပ်က…

'ဦးကြီး ပြောတာ မှန်ပါတယ်၊ ဘခွေးကတော့ သူ အိပ်မက်မက်တာ ပြောရမှာပဲ၊ ကျွန်တော်တို့ကလည်း ဒီမှာ ဆက်နေသင့် မနေသင့်ကို စဉ်းစားကြမယ်၊ အခုလို စိတ်ဝမ်းကွဲတာ တော့ မကောင်းပါဘူး'





ဤသို့ သူတို့အားလုံးကို ရှေ့ပြေးအေးတရား ဟောလိုက်သည်။

ထိုသို့ ကျွန်ုပ်၏ ပြောစကားကို ဆန်းဝင်းက…

'ကိုစိုင်း ပြောတာ မှန်ပါတယ်၊ ပြန်လည်း အတူတူပေါ့၊ နေလည်း အတူတူပဲ၊ ကျွန်တော့်သဘောကတော့ ကျွန်တော်တို့ အုပ်စုက လူခုနစ်ယောက်တောင်ရှိတာမို့ အုပ်စုတောင့်ပါတယ်၊ နောက်ပြီး သေနတ်တွေလည်း ကိုယ်စီပါတာပဲ၊ တောကို မကြောက်လို့ မုဆိုးလာလုပ်တာပဲ၊ တွေ့မယ်… အန္တရာယ်ရှိရင် လည်း ရင်ဆိုင်ရုံပဲပေါ့'

ဤသို့ပြောလိုက်ရာ ကျွန်ုပ်မှာ စိတ်အားတက်ကြွလာပြီး…

'ဟုတ်တယ်၊ ဆန်းဝင်း ပြောတာ မှန်တယ်၊ တောကို မကြောက်လို့ မုဆိုးလာလုပ်တာ၊ တောကိုကြောက်ပြီး ပြန်ပြေးရမယ်ဆိုရင် မုဆိုးသိက္ခာကျမယ်၊ ကျွန်တော်လည်း အန္တရာယ် တွေ့လာရင် ရင်ဆိုင်မယ်'

ဟု သတ္တိရှိရှိဖြင့် ပြောလိုက်သည်။

ထိုအခါ ဦးကြီးစိုင်းဘမောင်မှာ မနေသာတော့ဘဲ…

'ကိုပန်းအောင်ကတော့ စိုးရိမ်လို့ပြောတာပါ၊ အိပ်မက်ဆိုတာက စိုးရိမ်စိတ်ရှိနေလို့ ဒီလိုမက်တာနေမှာပါ၊ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရိက္ခာကလည်း သုံးရက်စာယူ လာခဲ့တာဆိုတော့ ဒီည တော့ ဆက်ပြီးစောင့်ချင်တယ်'

သူ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုလိုက်သည်။

ဦးပန်းအောင်ကလည်း…

'ကိုကြီး ပြောတာ မှန်ပါတယ်၊ အိပ်မက်ဆိုတာ သွေး လေချောက်ချားရင်လည်း မက်တာပါပဲ၊ မနေ့ညက တစ်ညလုံး ထိုင်စောင့်နေခဲ့တာ၊

ဒီနေ့ မနက်မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပိုက်သွားပြီး ဒီလိုအိပ်မက်မျိုး မက်တာဆိုတော့ ကျုပ်ပဲ စိတ်စွဲလို့နေမှာပါ'

ထိုသို့ အားလုံးအဆင်ပြေစေရန် ဖြေဖျောက်၍ ပြောလိုက် သည်။

'အေးဗျာ… ကိုပန်းအောင်ရယ်၊ ဒီတစ်ညတော့ စောင့် ချင်တယ်၊ ဒီတစ်ညမှာမှ အနှောင့်အယှက် ထပ်ပြီးတွေ့မယ်ဆို ရင် မနက်စောစောထပြီး ပြန်မယ်၊ ကျုပ် ကတိပေးတယ်ဗျာ'

ဦးကြီးစိုင်းဘမောင်က သူ့သဘောထားကို ရှင်းရှင်းလင်း လင်း တင်ပြလိုက်သည်။ နောက်ဆုံးတွင် ဘဒွေးပန်းအောင်က…

'တကယ်တော့ ကျုပ်မှားတာပါဗျာ၊ ကျုပ် ဘာအိပ်မက် မက် မပြောသင့်ဘူး၊ ကျုပ်ကြောင့် ခင်ဗျားတို့အားလုံး သွေးနည်း တဲ့ သတ္တိမရှိတဲ့ မုဆိုးတွေလို့ အပြောမခံစေချင်ဘူး၊ ဒါကြောင့်





ကျုပ်လည်း မပြန်တော့ဘူး၊ ဒီည ဆက်စောင့်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပြီ၊ ဘာဖြစ်ဖြစ် ကျုပ်တို့ ရင်ဆိုင်ကြမယ်ဗျာ'

သည်တစ်ည ဆက်စောင့်ရန် သဘောတူခဲ့သည်။

သည့်အတွက် အားလုံး၏မျက်နှာမှာ အပျော်ကလေးများ ယှက်သန်းသွားပြီး…

'ဘဒွေး ဆုံးဖြတ်ချက် မှန်တယ်၊ ဒီညအဖို့ ကျွန်တော်တို့ ဖွဲ့ကောင်းကောင်းနဲ့ ဆက်စောင့်ကြမယ်'

'အိုကေ… အိုကေ…'

ကျွန်ုပ်တို့အားလုံး ပြုံးပျော်သွားခဲ့ကြသည်။

သည်ညအဖို့ အားလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်၍ စောင့်ရန် သဘောတူသွားခဲ့သည်။ တစ်ခါတစ်ရံမှာ ဘာမှမဟုတ် သော အကြောင်းကလေးကပင် စိတ်ဝမ်းကွဲအောင် ဖန်လာခဲ့ သည်။ သို့သော် ညီညွတ်သောအတွေးအခေါ်များကြောင့် အားလုံး အဆင်ပြေသွားခဲ့ကြသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## သွေးစက်အန္တရာယ်လမ်းသို့

သည်ညအဖို့ ကျွန်ုပ်တို့အုပ်စုမှာ ခပ်စောစောပင် လင့်စင်ပေါ်သို့ တက်နေခဲ့ကြသည်။ ယခင်ညများက ည ၈ နာရီလောက်မှသာ လင့်စင်ပေါ်သို့ တက်သော်လည်း ယနေ့ည၌ ည ၇နာရီထိုးသည်နှင့် လင့်စင်ပေါ်တက်ခဲ့ကြသည်။

ဤသို့ ခပ်စောစော လင့်စင်ပေါ်သို့ တက်ရသည်မှာ အကြောင်းရှိသည်။ ညဉ့်အခါတွင် တောတွင်းရောက် လူသားများအဖို့ မြေပြင်တွင် နေခြင်းထက် လင့်စင်ပေါ်တွင် နေခြင်းက ပိုပြီး စိတ်ချလုံခြုံမှုရှိသည်။

မြေပြင်၌နေစဉ် တောကောင်များ၏ အန္တရာယ်ကို လွယ်လွယ်နှင့် မရှောင်နိုင်ပေ။ လင့်စင်ပေါ်တွင် ရှိပါက တောကောင်များက လွယ်ကူစွာ မတက်ရောက်နိုင်သဖြင့် မြေပြင်တွင်နေခြင်းထက် ပိုပြီးအန္တရာယ်ကင်းသည်ဟု ယုံကြည်ခဲ့ကြသည်။





လူဆိုသည်မှာ ဘယ်လောက်ပင် သတ္တိကောင်းသည်ဆိုစေကာမူ စိုးရိမ်စိတ် (သို့မဟုတ်) မသိမသာ ကြောက်စိတ်ကတော့ ရှိစမြဲပင်။ ဘဒွေးပန်းအောင်၏ အိပ်မက်ကို မယုံကြည်ဟုဆိုကာ ကြွေးကြော်ခဲ့သော်လည်း မတော်တဆ အန္တရာယ်ရှိသားကောင်များ ရောက်လာပါက အပေါ်စီးဖြစ်သည့် လင့်စင်တွင်ရှိနေသော ကျွန်ုပ်တို့အဖွဲ့သားများမှာ လက်ဦးမှုကို ရရှိနေမည်။ ထို့ကြောင့် ခပ်စောစောပင် လင့်စင်ပေါ်သို့ တက်နေခဲ့ခြင်းဖြစ်သည်။

ဤအကြောင်းကိုလည်း မည်သူမျှ မပြောကြသော်လည်း အသိစိတ်က သိနှင့်နေခဲ့သည်။ လင့်စင်ပေါ်ရောက်နေသည့် အဖွဲ့သားအားလုံးမှာ ယခင်ကလို စိတ်ချလက်ချမနေဘဲ သတိဝီရိယကြီးစွာဖြင့် စောင့်နေခဲ့ကြသည်။

ထိုသို့ စောင့်ရင်း…

တဖြည်းဖြည်း ညဉ့်နက်လာခဲ့သည်။ သည်ညတွင် အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရမည်လောဟူသည့် အတွေးကြောင့် အားလုံးမှာ အိပ်ငိုက်ခြင်းမရှိဘဲ မျက်စိကို ပြူးကျယ်နေသည်။

တောအုပ်ကြီးထဲမှာ သဘာဝတရားအတိုင်း ပုရစ်သံများ ပေါ်ထွက်လာခဲ့သည်။ မကြာမီ စိမ်းလဲ့လဲ့အလင်းရှိသော ပိုးစုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြူးကလေးများ ထွက်ပေါ်လာကာ ဟိုမှသည်မှ ပျံဝဲနေကြပါသည်။

ပိုးစုန်းကြူးကလေးများကို ကြည့်ရင်း မနေ့ညကကဲ့သို့ ကျားကြီးများ ပေါ်ထွက်လာလေမလား၊ မြွေကြီးများ ရောက်လာလေမလား သို့တည်းမဟုတ် မည်သည့်သတ္တဝါကြီးများ ပေါ်ထွက်လာလေမလဲဟူသောအတွေးဖြင့် စိတ်ထဲတွင် ယောက်ယက်ခတ်နေသည်။

ညဥ့်နက်လာသည်နှင့်အမျှ ဆယ်ရက်လကလေးမှာ ဦးခေါင်းပေါ်သို့ ရောက်ရှိလာသည်။

ဟိုညထက်ပို၍လင်းသော လရောင်က ဖြန့်ကြက်ကျလာသည်။

ကျွန်ုပ်က လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ညဥ့် ၁၂ နာရီတိတိသို့ ညွှန်ပြနေသည်။

ယခင်ကဆိုလျှင် ထိုအချိန်မျိုး၌ ပျင်းရိစွာနေလေ့ရှိသော်လည်း စိတ်ထဲတွင် အန္တရာယ်တစ်စုံတစ်ခု ရောက်လာမည်ကို စိုးရိမ်ပြီး ပျင်းရိခြင်းပင် မရှိတော့ချေ။

ထိုသို့ စောင့်ဆိုင်းခဲ့ရာ မကြာမီအချိန်တွင် ထူးခြားမှုမှာ စတင်ခဲ့သည်။

ဤသည်မှာ အရှေ့ဘက်တောအုပ်ဘက်မှ ခပ်မည်းမည်း





သဏ္ဍာန်များ လှုပ်လှုပ်ရွရွဖြစ်လာသည်။

အစက အနောက်ဘက် တောအုပ်ဘက်မှ ဆတ်အုပ်များ လာနေကျဖြစ်သည်။

ယခုမှာမူ ကားအရှေ့ဘက်မှ လှုပ်ရှားမှုများကို တွေ့နေရသဖြင့် မည်သည့် သတ္တဝါများ ဖြစ်မည်နည်းဟူ၍ အားစိုက်ကာ ကြည့်လိုက်သည်။

ထိုအကောင်များမှာ မကြာမီ ကြစ်ကွင်းဆီသို့ တရှုပ်လှုပ်နှင့် ရောက်ရှိလာခဲ့ကြသည်။

ကြစ်ကွင်းကိုရောက်မှ ထိုသတ္တဝါများကို သေသေချာချာ မြင်လိုက်ရသည်။

'ဟာ... ဆတ်တွေပဲ'

ပေါက်စက တီးတိုးပြောလိုက်ရာ ဦးကြီးက...

'ရှူး... တိုးတိုး'

ဟူ၍ ပြောလိုက်သည်။

ဆတ်အုပ်များမှာ ဟိုနေ့ညကလာသည့် ဆတ်အုပ်လော၊ ယခုမှ တောကူးလာသည့် ဆတ်အုပ်အသစ်များလောဟူ၍ မသိချေ။

သို့သော် ဆတ်အုပ်မှာ မနေ့ကကဲ့သို့ အကောင်များဘဲငါးကောင်ခန့်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆတ်တွေ သိပ်မများဘူး'

ဦးကြီးစိုင်းက လေသံဖြင့် ပြောလိုက်ရာ...

'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်က ဦးကြီးကို လေသံဖြင့် ပြန်ပြောလိုက်သည်။

ထိုအခါ ဦးကြီးက...

'ဒီတစ်ခါတော့ ဆတ်တွေငြိမ်ရင် ပစ်မယ်'

ဟူ၍ ထပ်ပြောလိုက်သည်။

'ကိုပန်းအောင် ဟိုဘက်ဆုံးက ဆတ်ကို ပစ်ပါ၊ ကျုပ်ကတော့ ဒီဘက်က ဆတ်ကို ပစ်မယ်၊ မောင်စိုင်းက အလယ်က ဆတ်ကို ပစ်ရမယ်'

'ဟုတ်ကဲ့ပါ'

ဆတ်များမှာ သူတို့၏ ကံကြမ္မာကိုမသိဘဲ ကြစ်များကို စားနေကြသည်။

ကျွန်ုပ်တို့အုပ်စုမှာ ကိုယ့်အကောင်နှင့်ကိုယ် ချိန်သားတကျဖြစ်အောင် ချိန်နေကြသည်။

'တစ်၊ နှစ်၊ သုံးဆိုတာနဲ့ ပစ်မယ်နော်'

'ဟုတ်ကဲ့'

ဆတ်များ၏ ချက်ကောင်းကို ထိမိစေရန် သေချာစွာ ချိန်နေကြသည်။





ထို့နောက် ဦးကြီးစိုင်းက သေချာပေါက်မိပြီဖြစ်၍...

'တစ်၊ နှစ်၊ သုံး'

'ဒိုင်း...'

'ဒိုင်း...'

'ဒိုင်း...'

သေနတ်သံများ တစ်တောလုံး ဆူညံသွားတော့သည်။

ဆတ်များမှာလည်း နီးစပ်ရာတောထဲ ပြေးဝင်ပျောက်ကွယ်သွားခဲ့သည်။

'ဟော... ကြည့်စမ်း၊ ဆတ်ဘယ်နှကောင်ထိလဲ'

ချက်ကောင်းထိပြီး တစ်လှမ်း၊ နှစ်လှမ်းသာပြေးရင်း ပုံလဲသွားသည့် ဆတ်ကောင်မှာ ကြစ်ကွင်းနှင့် မနီးမဝေးတွင် လဲကျနေသည်။

'ဒီတစ်ခါတော့ ဆတ်ကြီးတစ်ကောင် ရပြီ'

ဦးကြီး စိုင်းဘမောင်က ဤသို့ပြောလိုက်ရာ ဘဒွေးပန်းအောင်က...

'အဲဒီဆတ်ဟာ ကိုကြီး ပစ်လိုက်တဲ့ ဆတ်ဖြစ်မယ်၊ ကျုပ်ပစ်လိုက်တဲ့ ဆတ်ဟာလည်း ကျည်တော့ထိသွားတယ်၊ သိပ်ဝေးဝေးပြေးနိုင်မှာ မဟုတ်ဘူး'

'ဟုတ်တယ်၊ ဆတ်တစ်ကောင် ကျည်ထိသွားပုံရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ခင်ဗျား ပစ်လိုက်တဲ့ကျည်ဖြစ်မယ်၊ မနက်ကျမှ တောနင်းရှာကြတာပေါ့'

'ဟုတ်တယ်၊ ဒီတစ်ကောင်ကတော့ သေချာအပိုင်ရလိုက်ပြီပဲ'

'ဟုတ်တာပေါ့ကွ၊ တောကောင်တွေရဲ့ အခြေအနေကို ခဏစောင့်ကြည့်ပြီး ဆတ်ဆီကို သွားကြမယ်'

ဦးကြီးတို့မှ လင့်စင်ပေါ်မှ မဆင်းသေးဘဲ ခေတ္တစောင့်ဆိုင်းနေခဲ့ကြသည်။ တစ်အောင့်ခန့်ကြာသောအခါမှ ကျွန်ုပ်တို့အုပ်စု လင့်စင်ပေါ်မှ ဆင်းလာခဲ့သည်။

ထို့နောက် လဲကျနေသော ဆတ်ကြီးဆီသို့ လာခဲ့ကြသည်။

ဆတ်ကြီးမှာ မြေပြင်တွင် တုံးလုံးလဲကျနေသည်။

ကျွန်ုပ်တို့က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သောအခါ ဦးကြီး ပစ်လိုက်သော ကျည်ဆန်မှာ ဝမ်းဗိုက်ကိုထိမှန်ကာ ပွင့်ထွက်သွားသဖြင့် ဝေးဝေးသို့မပြေးနိုင်ဘဲ ကြစ်ကွင်းအနီး လဲကျသေဆုံးနေခြင်းဖြစ်သည်။

ဘဒွေးက ဆတ်သေကြီးကို ကြည့်ပြီး...

'ကိုကြီး... ကိုကြီး ပစ်လိုက်တဲ့ ကျည်က ချက်ကောင်းကို ထိသွားတာပဲ'





'ဟုတ်တယ်၊ ဒါကြောင့် ချက်ချင်းသေတာ'

ကျွန်ုပ်မှာကား ကျွန်ုပ် ပစ်လိုက်သည့် ကျည်ဆန်မှာ လွဲချော်သွားပုံရသည်။

မည်သည့်ဒဏ်ရာရသည့်အကောင်ကိုမျှ မတွေ့ရချေ။ သို့ဖြင့်...

'ဦးကြီး ကျွန်တော် ပစ်တဲ့ကျည်က လွဲသွားတယ်'

'အေး... လွဲတာပေါ့ကွာ၊ မုဆိုးသုံးယောက်စလုံးတော့ ဘယ်ထိမလဲ၊ အလွန်ဆုံးထိမှ နှစ်ကောင်ပေါ့'

'ဟုတ်ကဲ့ ဦးကြီး'

'မင်း စိတ်မပျက်ပါနဲ့၊ ပစ်ဖူးအောင်လို့သာ ပစ်ခိုင်းတာပါ၊ နဂိုကတည်းက မထိနိုင်မှန်းသိပါတယ်'

'ဟုတ်ကဲ့ပါ ဦးကြီး'

'ကဲ... ကဲ... မနက်လင်းမှ ဒဏ်ရာရတဲ့အကောင်ကို ရှာကြတာပေါ့'

'ဟုတ်ကဲ့ပါ ဦးကြီး'

ကျွန်ုပ်တို့အုပ်စုမှာ ဆတ်တစ်ကောင်ရသဖြင့် ပျော်ရွှင်နေကြသည်။

အမှန်မှာမူ ကျွန်ုပ်တို့အုပ်စုအတွက် ဆတ်တစ်ကောင်မှာ နည်းသော်လည်း ဤမျှ အခက်အခဲများကြားမှ တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရခြင်းသည် မုဆိုးသိက္ခာကို ဆယ်ရာကျပေမည်ဟု သဘောပိုက်ကာ ဝမ်းသာနေခဲ့ကြသည်။

သည်တွင် ဘဒွေးပန်းအောင်က…

'ဒီဆတ်အုပ်တွေဟာ ဟိုနေ့က ဆတ်အုပ်မဟုတ်ဘူးနဲ့ တူတယ်'

ဤသို့ ပြောလိုက်ရာ ကျွန်ုပ်က…

'ဘာဖြစ်လို့လဲ ဘဒွေး'

ထိုသို့ စပ်စုလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ ဒီဆတ်ဟာ အရောင်က ခပ်မည်းမည်းနဲ့ အသက်ကြီးတဲ့ဆတ်ဖြစ်နေတယ်၊ ဟိုနေ့က တွေ့တဲ့ဆတ်တွေက နီညိုရောင်၊ အသက်ငယ်တဲ့ ဆတ်တွေဖြစ်တယ်'

ဘဒွေးပန်းအောင်က ဤသို့ ရှင်းပြခဲ့သည်။

ဦးကြီး စိုင်းဘမောင်ကလည်း သေဆုံးနေသော ဆတ်ကြီးကိုကြည့်ကာ…

'ကိုပန်းအောင် ပြောတာ မှန်တယ်၊ ဒီကောင်ဟာ ဆတ်ရင့်ကြီးပဲ၊ ကျုပ်ထင်တာတော့ ဒီဆတ်အုပ်ဟာ ဟိုနေ့ကလာတဲ့ ဆတ်အုပ် မဖြစ်နိုင်ဘူး၊ ဟိုနေ့က ဆတ်အုပ်က ကျားနဲ့တွေ့ပြီး ကြောက်လန့်ပြီး တောပြောင်းသွားပုံရတယ်၊ ဒီနေ့မှ တခြားတောဘက်က ဆတ်တွေ ရောက်လာတာနဲ့တူတယ်'





'ဖြစ်နိုင်ပါတယ်၊ ဒီတောတစ်တောလုံးက ဆတ်ပေါတဲ့ တောပဲ'

'ကျုပ်ကလည်း ပြောသာပြောရတာ ဆတ်အုပ်လာပါ့မလားလို့ တွေးပူနေတာ'

ဦးကြီး စိုင်းဘမောင်က သူ့ရင်ထဲမှာ ဖြစ်နေသည့် အကြောင်းအရာကို ယခုမှ ထုတ်ဖော်ပြောခဲ့သည်။

ဘဒွေးပန်းအောင်ကလည်း ရယ်ကျဲကျဲနှင့်…

'ကျုပ်ကလည်း ဆတ်တော့ လာချင်မှ လာမယ်၊ ဒါပေမဲ့ ကြစ်ကွင်းရှိတဲ့နေရာမို့ တောတိရစ္ဆာန် တစ်ကောင်ကောင်တော့ လာမယ်လို့ထင်တာ၊ ဆိုက်ဆိုက်မြိုက်မြိုက် ဆတ်ပဲဖြစ်နေတာ၊ ကံကောင်းတယ်ဗျို့'

'ဟုတ်တယ်… ဟုတ်တယ်၊ ဆတ်ဖမ်းသွားမယ်ဆိုပြီး ယုန်လောက်ရပြီး ပြန်ရရင် ကျုပ်တို့ သိက္ခာဘယ်ရှိတော့မလဲ'

'ဟုတ်ပါ့ ကိုကြီးရယ်၊ ဟုတ်ပါ့'

ဆတ်မရခင်တုန်းက စိတ်ဝမ်းကွဲခဲ့ကြသူများ ဆတ်ရတော့ အားလုံး တစ်မျိုးပြောင်းသွားခဲ့သည်။ စိတ်အားထက်သန်လာပြီး အာပေါင်အာရင်းသန်လာခဲ့ကြသည်။

ထိုသို့ဖြင့် အရုဏ်ဦးအချိန်သို့ ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရုဏ်ဦး၏ အနီရောင်ရွှေပြေးအလင်းရောင်ကလေး ပေါ်ထွက်လာခဲ့ပြီ။

သည်တွင် ဘဒွေးပန်းအောင်က ဦးကြီးစိုင်းဘမောင်အား…

'ကိုကြီး ညကထိသွားတဲ့ ဆတ်ကို ကျွန်တော် လိုက်ရှာတော့မယ်'

ထိုသို့ ခွင့်တောင်းလိုက်ရာ ဦးကြီး စိုင်းဘမောင်က…

'ကိုပန်းအောင် ခင်ဗျားတစ်ယောက်တည်း မသွားနဲ့၊ မောင်စိုင်းနဲ့ ခွန်ဝင်းနိုင်ကို ခေါ်သွားဗျ'

'ဟုတ်ကဲ့ ကိုကြီး၊ ကဲ… ကဲ… မောင်စိုင်းနဲ့ ခွန်ဝင်းနိုင် လိုက်ခဲ့ဟေ့'

ဘဒွေးပန်းအောင်က တစ်ဆက်တည်းပြောကာ ကျွန်ုပ်တို့အား ခေါ်လိုက်ရာ ကျွန်ုပ်တို့နှစ်ယောက်မှာ ဘဒွေး၏ အဖော်အဖြစ် ဖင်ပေါ့စွာ လိုက်ခဲ့ပါတော့သည်။

ကျွန်ုပ်ကား ၃၇၅ မက်နမ် အမဲပစ်ရိုင်ဖယ်ကြီးကိုလွယ်ကာ ဘဒွေးနောက်မှ လိုက်ခဲ့သည်။ ဘဒွေးပန်းအောင်မှာ သူကိုင်နေကျ ၁၂-ဗိုနှစ်လုံးပြူးသေနတ်ကို ထမ်းလျက် ရှေ့မှဦးဆောင်သွားခဲ့သည်။

ခွန်ဝင်းနိုင်ကမူ ဘီအက်(စ်)အေ အမျိုးအစား ပြောင်းရှည် လေသေနတ်ကို လွယ်ကာ လိုက်လာခဲ့သည်။

ကျွန်ုပ်တို့ ယခုသွားသော တောအုပ်မှာ အရှေ့ဘက် တောနက်ကြီးထဲသို့ ဖြစ်သည်။ အရှေ့ဘက် တောနက်ကြီးမှာလည်း တောင်ကုန်းများ၊ တောင်တန်းများ၊ လျှိုမြောင်များနှင့် ပြည့်နှက်နေသည်။

ဘဒွေးပန်းအောင်က မျက်စိလျှင်စွာဖြင့် မြေကြီးပေါ်တွင် ကြွေကျနေသော သစ်ရွက်ခြောက်များကအစ လိုက်ကြည့်သည်။ ကိုက်တစ်ရာခန့် သွားမိသောအခါ…

'မောင်စိုင်းရေ ဟောဟိုမှာ ကြည့်စမ်း၊ သစ်ရွက်ခြောက်ကလေးများပေါ်မှာ သွေးစက်တွေ'

ဘဒွေးက ပြောသဖြင့် လှမ်းကြည့်ရာ သစ်ရွက်ခြောက်အချို့ပေါ်တွင် သွေးစက်များ စွန်းထင်းနေသည်ကို တွေ့လိုက်ရသည်။

'ဟုတ်ပါရဲ့၊ သွေးစက်တွေ'

ကျွန်ုပ်ကလည်း ဤသို့ ထောက်ခံပြောဆိုလိုက်ရာ…

ခွန်ဝင်းနိုင်ကပါ အားတက်သွားပြီး…

'ဘဒွေး ပစ်လိုက်တဲ့ ဆတ်ဟာ အမှန်ပဲ ဒဏ်ရာရသွားပြီ၊ အဲဒီအကောင်ကို ကျွန်တော်တို့ တွေ့ရင် ဆတ်နှစ်ကောင် ထမ်းပြီး ပြန်ကြမယ်'







www.burmeseclassic.com

www.burmeseclassic.com



ဟု အားတက်သရော ပြောလိုက်ရာ ကျွန်ုပ်က…

'နောက်ထပ် ဆတ်တစ်ကောင်ရရင် ငါတို့တော့ ရင်ကော့ ဦးမော့ပြီး ကြွားလို့ရပြီ'

ဟူ၍ ခပ်နောက်နောက်ပြောလိုက်ရာ ဘခွေးက ပြုံးတုံးတုံးဖြင့်…

'ဒီကောင် ဝေးဝေးမပြေးနိုင်ပါဘူး၊ အဲဒီဆတ်ကို ရအောင်လိုက်ရမယ်၊ ပြီးရင် ဒီဆတ်ကို မောင်စိုင်း ပစ်တာပါလို့ ပြောလိုက်'

ဤသို့ပြောလိုက်ရာ ကျွန်ုပ်မှာ ရှက်သွားပြီး…

'ဘခွေး ပစ်တဲ့ဆတ်ကို ကျွန်တော် ပစ်တာလို့ မပြောပါဘူး ဘခွေးရယ်၊ ရည်းစားအထင်မကြီးလည်း နေပါစေ'

ဟူ၍ ရှက်ရမ်းရမ်းကာ ပြောလိုက်သည်။

'အေးပါကွာ… ငါပြောလိုက်တာနဲ့ မင်းရည်းစားကို သတိရသွားပြီနဲ့တူတယ်၊ ဟုတ်လား မောင်စိုင်း'

'မလိမ်မညာတမ်း ပြောရရင် စောနန်းခမ်းကို သတိရတာပေါ့ ဘခွေးရယ်'

ကျွန်တော့်ချစ်သူ စောနန်းခမ်းမှာ ဘခွေးပန်းအောင်နှင့် တူမဝမ်းကွဲ အမျိုးတော်သည်။

ကျွန်တော်တို့နှစ်ဦးမှာ သည်နှစ် တောင်ယာများကို ရိတ်





သိမ်းအပြီးတွင် လက်ထပ်ရန် အမျိုးအားလုံးကို နားဖောက်ထားပြီးဖြစ်၍ ဘခွေးက ယခုလို စ,လိုက်ခြင်းဖြစ်လေသည်။

သွေးစက်များကို ကြည့်ရင်း သွေးစက်များနောက်သို့ ခြေရာခံကာ လိုက်ခဲ့သည်။

သွေးစက်များမှာ အမြဲတမ်းကျနေသည် မဟုတ်ချေ။ တွေ့လိုက် ပျောက်လိုက်ဖြစ်နေသဖြင့် တစ်ရံတစ်ခါ သွေးစက်များကို မတွေ့သည့်အခါ ကျွန်ုပ်တို့မှာ လမ်းများမှားသွားပြီလားဆိုသည့် အတွေးဖြင့် ဟိုကြည့် သည်ကြည့်ဖြင့် လမ်းရှာခဲ့ကြသည်။

သွေးစက်ရှိရာ လိုက်ရှာရင်း အနောက်ဘက်သို့လည်းကောင်း တောင် မြောက်ဆီသို့လည်းကောင်း ရောက်တတ်ရာရာ ရောက်လာခဲ့သည်။

ထို့နောက် သွေးစက်များ ညွှန်ပြသည့် တောင်ကုန်းလေးဆီသို့ တက်ခဲ့ရာ ချုံပုတ်တစ်ခုနားအရောက်တွင်…

'ဖလူး…'

ဟူသော ငှက်တစ်ကောင် လန့်ပျံသွားပြီး မနီးမဝေးရှိ သစ်ပင်နောက်ကွယ်မှ ဆတ်တစ်ကောင်သည် သစ်တောအုပ်ဆီသို့ ပြေးလွှားသွားသည်ကို မြင်လိုက်ရသည်။

'ဟော ဟိုမှာ ဆတ်ကိုတွေ့ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ငါ ပစ်လိုက်တဲ့ဆတ် ဖြစ်ပုံရတယ်၊ ဒဏ်ရာကြောင့် သိပ်ပြီးမပြေးနိုင်ဘူး'

'ဟုတ်တယ်၊ ဒဏ်ရာရထားတဲ့ ဆတ်ပဲ'

ကျွန်ုပ်တို့အုပ်စုမှာ ဆတ်ကို မြင်လိုက်ရသည့်အတွက် လွန်စွာ အားတက်သွားကာ ဆတ်နောက်မှ ပြေးလိုက်ရန် ဟန်ပြင်စဉ် ဘဒွေးက…

'ဟေ့ကောင်တွေ လူစုပြီး မလိုက်နဲ့၊ ခွန်ဝင်းနိုင်က အရှေ့က ပိတ်ပြီးလိုက်၊ မောင်စိုင်းက အနောက်ဘက်က ပိတ်ထား၊ ငါက ဒီအတိုင်း တည့်တည့်လိုက်မယ်၊ ဒါဆိုရင် ဘယ်ဘက်ပြေးပြေး မလွတ်နိုင်တော့ဘူး၊ ကိုယ့်တာကို လုံပလေ့စေနော်'

'ဟုတ်ကဲ့ပါ ဘဒွေးရဲ့၊ ခွန်ဝင်းနိုင် တာကိုပဲ မလုံမှာ စိုးရတယ်'

ကျွန်ုပ်က ခွန်ဝင်းနိုင်ကို စ,နောက်ပြီး ပြောလိုက်ရာ ခွန်ဝင်းနိုင်က…

'ဟေ့ကောင် မောင်စိုင်း၊ မင်းလည်း မင်းတာကို လုံအောင် ကြိုးစားထား၊ တော်ကြာ မင်းကြီးတာက ကျိုးဆိုတာမျိုး ဖြစ်နေဦးမယ်'

ဟူ၍ ပြန်ပြောလိုက်ရာ ကျွန်ုပ်က…





'ဒီမှာ တွေ့လား၊ မက်နမ်ရှိတယ်ကွ၊ ငါ့ဘက်လာလို့ကတော့ ကျောပွင့်ပြီသာမှတ်'

ဟူ၍ ခပ်ကြွားကြွားကလေး ပြောမိသည်။

'ကဲ… မောင်စိုင်းနဲ့ ခွန်ဝင်းနိုင် လမ်းခွဲကြပေတော့'

ဟူ၍ ဘဒွေးက ပြောလိုက်ရာ ကျွန်ုပ်က…

'ဟုတ်ကဲ့ ဘဒွေး'

ဟု ပြောကာ အနောက်ဘက် တောလမ်းဆီသို့ ပြေးခဲ့သည်။

ခွန်ဝင်းနိုင်ကလည်း…

'ဘဒွေးရေ သွားပြီ' ဟု ပြောပြီး အရှေ့ဘက်ဆီသို့ အပြေးကလေး သွားခဲ့သည်။ ဘဒွေးက ဆတ်ပြေးသည့် လမ်းအတိုင်း တည့်တည့်ပြေးကာ တောနက်အတွင်း ဝင်ရောက်သွားခဲ့သည်။

ကျွန်ုပ်မှာမူကား တောနက်အတွင်း၌ တစ်ခါဖူးမျှ တစ်ယောက်တည်း တောလိုက်ခဲ့ခြင်းမရှိသဖြင့် အနောက်အရပ်ဟုဆိုသော်လည်း လမ်းပြေသည့်ဘက်မှ သွားသဖြင့် အနောက်အရပ်လော၊ မြောက်အရပ်လောဟူ၍ပင် မသိချေ။

'အင်း… ငါလည်း တောနက်ကြီးထဲ တစ်ယောက်တည်း ဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တွေးရင်း ကြောက်စိတ်များ ဝင်လာခဲ့သည်။

'ခွန်ဝင်းနိုင်က ပိုပြီး ကြောက်တတ်တယ်၊ သူလည်း ဘယ်လိုများနေသလဲ မသိဘူး၊ ဒါထက် လမ်းပျောက်ပြီး မပြန်တတ်မှ ခက်မယ်'

ထိုသို့ဖြင့် တောင်စဉ်ရေမရ စဉ်းစားရင်း ပြေးနေမိသည်။

'အင်း… ဆတ်ကြီးက ဒီဘက် ပြေးလာရင်တော့ အတော်ပဲ၊ ဆီးပစ်လိုက်မယ်၊ ဒါမှ ဘချေး ပြောသလို စော်နန်းခမ်းကို ကြွားလို့ရမှာ'

အရေးထဲတွင် ကျွန်ုပ်၏ ကြွားချင်ဝါချင်သော စိတ်က ပေါ်လာသေးသည်။

ထို့နောက် ဘချေးကို သတိရကာ…

'ဘချေးတော့ ဆတ်ကြီးကို တွေ့နေပြီလား မသိဘူး'

ဟူ၍ အတွေးဖြင့် ကျွန်ုပ်သည် ရောက်ရှိနေသော တောနက်အတွင်းရှိ ကုန်းကမူကလေးတွင် ထိုင်စောင့်နေခဲ့သည်။

နံနက်စောစောမှ ထွက်လာခဲ့ရာ ယခုမူ မွန်းတည့်အချိန်သို့ တိုင်ခဲ့ပြီ။ ကျွန်ုပ်၏ ဗိုက်ထဲတွင် တကျုတ်ကျုတ်ဆာနေသည်။

မည်သည့်အစားအစာမှ ပါမလာသဖြင့် ရေဘူးထဲမှ ရေ





ကိုသောက်ကာ အဆာဖြေလိုက်ရသည်။

'အင်း… ဘချေးကို ဘယ်လောက်ကြာအောင် စောင့်ရမလဲ မသိဘူး၊ အမဲလိုက်ရတာလည်း မလွယ်ပါလား'

ထိုသို့ တွေးနေစဉ် တောတွင်းတစ်နေရာမှ…

'ဒိုင်း…'

'ဒိုင်း…'

'ဒိုင်း…'

ဟူသော သေနတ်သံ သုံးချက်တိတိ ကြားလိုက်ရသဖြင့် ကျွန်ုပ်မှာ ထခုန်ပြီး…

'ဒါ ဘချေး ပစ်လိုက်တဲ့ သေနတ်သံဖြစ်မယ်'

'ဆတ်ကြီးကို တွေ့လို့ အမိအရ သုံးခါတောင် ပစ်လိုက်တာနေမှာ'

ထိုသို့တွေးကာ ကျွန်ုပ်လည်း သေနတ်သံကြားရာဆီသို့ အသားကုန် ပြေးခဲ့သည်။

ဆတ်ကြီးကို ရတော့မည်ဟူသော အတွေးဖြင့် ပျော်မြူးကာ ဗိုက်ဆာသည်ကိုပင် မသိလောက်အောင် ပျော်ရွှင်နေမိသည်။

ခြေလှမ်းများကလည်း သွက်လိုက်သည်ဖြစ်ခြင်း။

ချုံပုတ်သေးကလေးများပေါ်သို့ လွှားခနဲ လွှားခနဲ ကျော်လွှားကာ အပြေးသွားခဲ့သည်။ ခုနင်က စောင့်ဆိုင်းနေရသော



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခများမှ လွတ်ကင်းပြီး ဘဒ္ဒေးရော ဆတ်ကြီးပါ တွေ့ရတော့မည်ဖြစ်၍ တွေးရင်း တွေးရင်း ပျော်ရွှင်မိသည်။

ကျွန်ုပ်မှာ လွန်စွာ သွက်လက်သော ခြေလှမ်းများဖြင့် အပြေးသာခဲ့ရာ များမကြာမီအချိန်တွင် ချောက်ကမ်းပါးဘေးရှိ သစ်ပင်ကြီးအနီးသို့ ရောက်ရှိခဲ့သည်။

သစ်ပင်ကြီးနှင့် ခပ်လှမ်းလှမ်းရှိ ချုံပုတ်ပင်ကြီးနံဘေးတွင်…

'ဟာ… ဆတ်ကြီး လဲကျနေပါလား'

မြေပြင်ပေါ်တွင် တစောင်းလဲကျနေသော ဆတ်ကြီးကို တွေ့လိုက်ရသဖြင့် လွန်စွာအံ့သြစွာဖြင့် ထိုနေရာသို့ အပြေးအလွှားသွားခဲ့သည်။

'ဆတ်ကြီးတော့ ဘဒ္ဒေး ခုနက ပစ်လိုက်တဲ့ ကျည်ဆန်ကြောင့် ချက်ကောင်းထိပြီး လဲနေတာနဲ့တူတယ်'

ကျွန်ုပ်၏စိတ်ထဲတွင် ဤသို့ အတွေးဝင်ရောက်ကာ လဲကျနေသည့် ဆတ်ကြီးကို သေချာစွာ ကြည့်လိုက်သည်။

'ဟာ… ဆတ်ကြီးက သေနေတာပဲ၊ မှန်းစမ်း သေနတ်ဒဏ်ရာက ဘယ်မလဲ'

ကျွန်ုပ်က သေနေသော ဆတ်ကြီးအား လှန်လှောကာ ကြည့်လိုက်သည်။ ဆတ်ကြီးမှာ မနေ့က မှန်ထားသည့် သေနတ်





ဒဏ်ရာ တစ်ချက်သာရှိပြီး အခြား ဘာဒဏ်ရာမျှ မတွေ့ရချေ။

ဆတ်ကြီး သေနေပုံကလည်း ထူးဆန်းသည်။ ခန္ဓာကိုယ်ကို ကိုင်ကြည့်လိုက်သောအခါ ခန္ဓာကိုယ်မှာ နွေးနေဆဲပင်။

သို့သော် ဆတ်ကြီးမှာ လည်ပင်းညှစ်ခံထားရသကဲ့သို့ လျှာထွက်သေနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ လွန်စွာအံ့သြနေမိသည်။

ထိုစဉ် အဝေးမှ ပြေးလာသည့် ခြေသံကို ကြားလိုက်ရသဖြင့် ဘဒ္ဒေးယန်းအောင်ပင် ဖြစ်မည်ဟု တွေးထင်ကာ ဝမ်းသာအားရ လှမ်းကြည့်လိုက်ရာ…

'ဟာ… ခွန်ဝင်းနိုင်ပါလား'

ကျွန်ုပ်မှာ မှန်းချက်နှင့် နမ်းထွက်မကိုက်ဖြစ်သွားကာ ဤသို့ အော်လိုက်သည်။

ခွန်ဝင်းနိုင်ကလည်း ဆတ်ကြီးကို ကြည့်ကာ…

'ကိုစိုင်း ဆတ်ကြီးကို ခင်ဗျား ပစ်လိုက်တာလား'

သူက အထင်တကြီးဖြင့် လှမ်းမေးလိုက်ရာ ကျွန်ုပ်က…

'ဟာ… ငါ ပစ်တာမဟုတ်ဘူး၊ သေနတ်သံကြားလို့ ဘဒ္ဒေး ပစ်တယ်မှတ်ပြီး ပြေးလာတာ'

'ဟုတ်တယ်၊ ငါလည်း သေနတ်သံကြားလို့ ဒီဘက်ကို ပြေးလာတာ၊ မင်းကိုမြင်လို့ မင်းဆီ ပြေးလာတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဘဒ္ဒေးက ဘယ်ရောက်နေပါလိမ့်'

'အေးလေ… ခုနက သေနတ်သံ သုံးချက်ကြားတယ်၊ အဲဒါ ဘဒ္ဒေး ပစ်တာဖြစ်မယ်'

'အေးပေါ့ကွာ… မင်းရော ငါပါ မပစ်ရင် ဘဒ္ဒေးပစ်တာပဲ ဖြစ်မှာပေါ့'

'ဒါဆိုရင် ဘဒ္ဒေးက ဒီဆတ်ကြီးကို ပစ်လို့ မထိတာလား၊ ဒါမှမဟုတ်ရင် အခြားတောကောင်တစ်ကောင်ကို ပစ်တာလား'

ကျွန်ုပ်ရော ခွန်ဝင်းနိုင်ပါ စဉ်းစားစရာဖြစ်နေသည်။

သည်တွင် ကျွန်ုပ်က ခွန်ဝင်းနိုင်အား…

'ဟော့ကောင် မင်း အဲဒီဆတ်ကြီးကို ကြည့်လိုက်စမ်း၊ လည်ပင်းကို တစ်ယောက်ယောက်က ညှစ်ထားပုံရတယ်၊ လျှာထွက်ပြီး သေနေတယ်'

ဤသို့ပြောလိုက်ရာ ခွန်ဝင်းနိုင်က သူ့ကိုယ်သူ စုံထောက်တစ်ယောက်ကဲ့သို့ ဆတ်သေကြီးကို သေသေချာချာကြည့်ပြီး…

'ဟုတ်တယ်ကွ၊ ဆတ်ကြီးကို ဘဒ္ဒေးက လည်ပင်းညှစ်ပြီးသတ်လိုက်တာလား မသိဘူး' ဟူ၍ ပြောလိုက်သည်။

ကျွန်ုပ်ကလည်း ခေါင်းကို တွင်တွင်ယမ်းကာ…

'မဖြစ်နိုင်ဘူး ခွန်ဝင်းနိုင်၊ ဒီဆတ်ကြီးကို ဘဒ္ဒေးက





လည်ပင်းညှစ်သတ်မှတော့ ဒီဆတ်ကြီးရဲ့ နံဘေးမှာ ဘဒ္ဒေး ရှိမှာပေါ့'

'အေးကွ… သေနတ်သံကြားပြီး သိပ်မကြာခင် ငါတို့ရောက်လာတာပဲ'

'ဒါဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ'

'စဉ်းစားတာထက် တို့နှစ်ယောက် ဒီအနီးအနားကို လိုက်ကြည့်ရအောင်'

'အေး… မင်း ပြောတာ ကောင်းတယ်၊ လာ… သွားကြည့်ကြစို့'

ကျွန်ုပ်တို့နှစ်ယောက်မှာ ချောက်ကမ်းပါးနံဘေးသို့ သွားရောက်ကြည့်ရာ…

'ဟော… ဟိုမှာ ဘဒ္ဒေးရဲ့သေနတ် မဟုတ်လား'

ခွန်ဝင်းနိုင်က အော်ပြောသဖြင့် ကျွန်ုပ်သည် သူညွှန်ပြရာသို့ ကြည့်လိုက်ရာ ချောက်၏ တစ်ဝက်ခန့်ရှိ ချုံပုတ်ပေါ်တွင် ဘဒ္ဒေးကိုင်ဆောင်ထားသည့် သေနတ်ကို လှမ်းတွေ့လိုက်ရသည်။

'ဟာ…'

ကျွန်ုပ်၏ ရင်ထဲတွင် အလုံးကြီးတစ်ခု ဒိုင်းခနဲ တိုးဝင်ဆောင့်လိုက်သကဲ့သို့ ရင်ဘတ်တစ်ခုလုံး အောင့်သွားခဲ့သည်။

'ဘဒ္ဒေး… ဘဒ္ဒေးတော့ အန္တရာယ်တစ်ခုခုနဲ့ တွေ့ပြီနဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကျွန်ုပ်၏ပါးစပ်မှ လွှတ်ခနဲပြောလိုက်သည်။

သည်တွင် ခွန်ဝင်းနိုင်မှာ ကြောက်ဒူးတုန်ပြီး…

'ဟေ့ကောင် မောင်စိုင်း၊ ဘဒွေး ဘယ်မလဲ၊ 'ချောက်ထဲ ကျသွားပြီလား'

သူကလည်း ထင်ရာမြင်ရာကို ပြောလိုက်ရာ ကျွန်ုပ်မှာ…

'ဟာ… မင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သေနတ်က ချုပ်ပုတ်ပေါ်ရောက်နေတယ်ဆိုတော့ ဘဒွေးမှား တစ်ခုခုဖြစ်သလားလို့'

'ဒါဆိုရင် မဖြစ်ဘူး၊ ဦးကြီးစိုင်းတို့ကို သွားပြောမှ ဖြစ်မယ်'

'ဟုတ်တယ်၊ ဒီကိစ္စက အရေးကြီးတယ်၊ ဦးကြီးစိုင်းမှ ရှာတတ်မှာ'

'ဒါဆိုရင် ဒီဆတ်ကြီးကို ဘယ်လိုလုပ်မလဲ'

'မင်းနဲ့ ငါနဲ့ တစ်လှည့်စီထမ်းသွားမယ်ကွာ'

'အေး… ဒါလည်း ကောင်းတာပဲ'

ကျွန်ုပ်နှင့် ခွန်ဝင်းနိုင်တို့နှစ်ဦးမှာ ဆတ်သေကြီးကို တစ်ယောက်တစ်လှည့်ထမ်းကာ လင့်စင်ထိုးရာ ကြစ်ကွင်းဆီသို့ သွားခဲ့ကြသည်။

□ □ □



အခန်း (၇)

## ဆတ်တစ်ကောင်အတွက် အသက်တစ်ချောင်း

'ဟာ… ဟိုမှာ ကိုစိုင်းတို့နှစ်ယောက် ပြန်လာပြီဟေ့'

ထိုသို့အော်ပြီး ပေါက်စနှင့် အေးမောင်က ကျွန်ုပ်တို့ထံသို့ ပြေးလာခဲ့သည်။

'မင်းတို့ ဆတ်ကြီးရလာတယ် ဟုတ်လား၊ ဝမ်းသာလိုက်တာ'

သူတို့နှစ်ဦးက ဆတ်သေကြီးကို ထမ်းလာသဖြင့် ဝမ်းသာအားရဖြင့် မေးလိုက်သည်။ ထို့နောက် သူတို့နှစ်ဦးက…

'ဆတ်ကြီး ကူထမ်းပေးမယ်' ဟု ဆိုကာ ဆတ်ကြီးကို ထမ်းယူလိုက်သည်။

ထို့နောက် သူတို့နှစ်ဦးမှာ ဘဒွေးကို မတွေ့သဖြင့်…

'ဟေ့ကောင် မောင်စိုင်း၊ ဘဒွေးရော ဘယ်မလဲ၊ နောက်မှာလား'



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းမေးသော်လည်း ရှေ့ရင်ဆိုနေသော ကျွန်ုပ်မှာ ချက်ချင်းအဖြေမပေးနိုင်ခဲ့ပေ။

'မောင်စိုင်း ဒီဆတ်ကြီးက ဘခွေး မနေ့က ပစ်လိုက်တဲ့ ဆတ်ကြီးလား'

'အေး… ဟုတ်တယ်'

ထိုသို့ ပြောနေစဉ် ဦးကြီးနှင့် ကျန်အဖွဲ့သားများလည်း ကျွန်ုပ်တို့ဆီသို့ ပြေးလာပြီး ဦးကြီးက…

'မောင်စိုင်း ကိုပန်းအောင် ဘယ်မှာလဲ'

ဟု လှမ်းမေးရာ ကျွန်ုပ်မှာ ငိုသံပါကြီးဖြင့်…

'ဦးကြီး ဘခွေး တောထဲမှာ ပျောက်နေတယ်'

'ဘာ… ကိုပန်းအောင် ပျောက်နေတယ်၊ ဟုတ်စ'

'ဟုတ်တယ် ဦးကြီး'

'မောင်စိုင်း မင်း ပြောတာ ငါ သိပ်နားမလည်ဘူး၊ ရှင်းအောင်ပြောစမ်း'

'မနေ့ညက ပစ်လိုက်တဲ့ ဒဏ်ရာရထားတဲ့ ဆတ်ကြီးကို တောအုပ်ထဲမှာ တွေ့တယ်၊ အဲဒါ လူခွဲလိုက်ရင်း သေနတ်သံ သုံးချက်ကြားလို့ အဲဒီနေရာကို အပြေးသွားကြည့်လိုက်တော့ ဘခွေးကို မတွေ့ဘဲ ဒီဆတ်သေကြီးကိုပဲ တွေ့တယ်'

'အဲဒါ ဘယ်နေရာမှာ တွေ့တာလဲ'





'တောနက်ကြီးထဲက ချောက်ကမ်းပါးကြီးနားမှာ တွေ့တာ'

'နောက်ရော ဘာတွေတွေ့သေးလဲ'

'ဘခွေးရဲ့ သေနတ်က ချောက်တစ်ဝက်လောက်မှာရှိတဲ့ ချုံပုတ်ပေါ်မှာ တင်နေတယ်'

'ဘခွေးရဲ့ သေနတ်က ချောက်ထဲက ချုံပုတ်ပေါ်မှာ တင်နေတယ်၊ ဟုတ်လား'

'ဟုတ်တယ် ဦးကြီး'

'ဟာ… ဒါဆိုရင်တော့ ကိုပန်းအောင် တစ်ခုခုများ ဖြစ်နေသလား မသိဘူး'

'ဟုတ်တယ် ဦးကြီး၊ ကျွန်တော်လည်း အဲဒီလို ထင်တာပဲ၊ မပြောရဲလို့'

'မပြောရဲလို့ လုပ်မနေနဲ့၊ တို့ လိုက်မှဖြစ်မယ်'

ဦးကြီး၏ မျက်နှာကြီးမှာ စိုးရိမ်စိတ်ကြောင့် နီမြန်းသွားပြီး ဤသို့ပြောလိုက်ရာ ကျွန်ုပ်က…

'ဟုတ်တယ်၊ ဦးကြီး လိုက်ကြည့်မှ ဖြစ်မှာ'

'အေး… ငါနဲ့ မင်းရယ် အေးမောင်ရယ် သွားမယ်၊ ခွန်ဝင်းနိုင်ရယ် ဆန်းဝင်းရယ် ပေါက်စရယ်က ဆတ်သေနှစ်ကောင်ကို စောင့်ရင်း ဒီမှာနေခဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ'

'အေးမောင်ရေ… ချုံပုတ်ပေါ်မှာ သေနတ်တင်နေတယ်ဆိုတော့ အဲဒါကိုယူဖို့ ကြိုးခွေတစ်ခွေ ယူခဲ့စမ်း'

'ဟုတ်ကဲ့ပါ ဦးကြီး'

ကျွန်ုပ်ဟို့မှာ လိုအပ်သောပစ္စည်းများကို ယူပြီး…

တစ်ခဏချင်း တောအုပ်အတွင်းသို့ ပြန်သွားခဲ့ကြသည်။

'မောင်စိုင်း ဆတ်သေ တွေ့တဲ့နေရာကို မှတ်မိတယ်မဟုတ်လား'

'ဟုတ်ကဲ့… မှတ်တော့ မှတ်မိပါတယ်'

ကျွန်ုပ်မှာ ဦးကြီးကို ကြောက်၍သာ ဤသို့ပြောလိုက်ရသော်လည်း ဘခွေးအတွက် စိတ်ပူပင်ကာ စိတ်မတည်ငြိမ်ဖြစ်နေသဖြင့်လည်းကောင်း၊ လူသွားလမ်းမရှိသော ချုံပုတ်များ၊ သစ်ပင်ပုများကို ဖြတ်ကျော်လာရသဖြင့်လည်းကောင်း ကောင်းစွာ လမ်းမမှတ်မိဘဲ လမ်းစပျောက်နေပါသည်။ ထိုအခါ ဦးကြီးက…

'မောင်စိုင်း မင်း လမ်းမမှတ်မိဘူးနဲ့ တူတယ်'

'ဟုတ်တယ် ဦးကြီး၊ ကျွန်တော် လမ်းမှားနေပြီ'

'ချောက်ရှိတဲ့ဘက်ဆိုရင် တောင်ဘက်လောက်မှာ ရှိလိမ့်မယ်၊ အဲဒီဘက်ကို မှန်းပြီးသွားကြစို့'





'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်သည် မှတ်ဉာဏ်နံ့နဲ့လိုက်သည်မှာ ချာလွန်းသည်။ မှဆိုးလုပ်ချင်သည်မှာလည်း ပြာလွန်းသည်။

ဤမျှ အရေးကြီးနေချိန်တွင် ဘခွေးအတွက် တိကျစွာ လမ်းမညွှန်နိုင်ခဲ့၍ မိမိကိုယ်ကို အပြစ်တင်ရင်း တောင်ဘက်သို့ ခရီးဆက်ခဲ့သည်။

ထိုနေရာမှ အတန်ကြာအောင် သွားသောအခါ ကျွန်ုပ်နံနက်က စောင့်ခဲ့သည့် ကုန်းကမူကလေးကို တွေ့ရှိခဲ့ရသည်။

'ဟုတ်ပြီ… ဟုတ်ပြီ၊ ဒီနေရာကလေး ရောက်မှ မှတ်မိတော့တယ်၊ ဘခွေးနဲ့ လမ်းခွဲပြီး ဆတ်ကြီးကို ကျွန်တော် ဒီကမူမှာက စောင့်ခဲ့တာ၊ အဲဒီနေရာမှာ စောင့်ရင်း သေနတ်သံသုံးချက်ကြားတော့ အဲဒီနေရာကို အပြေးသွားခဲ့တာ'

'ဒါဆို ချောက်ဘက်ကို မင်း မှတ်မိပြီပေါ့'

'ဟုတ်ကဲ့… မှတ်မိပါပြီ ဦးကြီး'

ကျွန်ုပ်လည်း ထိုကုန်းကမူလေးတွေ့မှ အမှတ်ရသွားပြီး အမြန်ဆုံးသွားခဲ့သည်။

ဦးကြီးတို့အုပ်စုမှာ ကျွန်ုပ်၏ နောက်က အပြေးအလွှားလိုက်လာခဲ့သည်။

ကျွန်ုပ်၏ ခြေလှမ်းများမှာ မြန်လွန်းစွာ၊ ဘခွေး၏ ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



ပင် ပူးကပ်ကာ လမ်းပြနေသည့်အလား ချောက်ကမ်းပါးဘက်ဆီသို့ တစ်ဟုန်ထိုးသွားနေသည်။

'ဟေ့ကောင် မောင်စိုင်း၊ ဖြည်းဖြည်းသွားပါကွ၊ ငါတို့က အသက်ကြီးပြီ၊ ဒီလောက်မြန်မြန် မလိုက်နိုင်ဘူးကွ'

'ဟုတ်ကဲ့ပါ ဦးကြီး'

ဦးကြီး စိုင်းဘမောင်ကိုယ်တိုင် ကျွန်ုပ်ကို လှမ်းပြောမှ ကျွန်ုပ်၏ ခြေလှမ်းများကို အရှိန်လျှော့လိုက်သည်။

များမကြာမီအချိန်တွင် ···

'ဦးကြီး ဆတ်သေကြီးကို တွေ့တာ ဟောဟိုချောက်ကမ်းပါးနားက ချုံပုတ်ပဲ'

ချောက်ကမ်းပါးကြီးကို မြင်လိုက်ရပြီဖြစ်၍ ကျွန်ုပ်က အားတက်သရော ပြောလိုက်သည်။ ထို့နောက် ချောက်ကမ်းပါးဘေးရှိ ချုံပုတ်ကြီးသို့ ရောက်လာခဲ့သည်။

ချုံပုတ်နံဘေးတွင် ဆတ်သေကြီးမှ ကျခဲ့သည့် သွေးကွက်ကြီးများကို မြင်တွေ့ရာ ဦးကြီးက···

'ဒီမှာ သွေးကွက်တွေ'

'ဟုတ်တယ် ဦးကြီး၊ အဲဒါ ဆတ်ကြီးဆီက ကျခဲ့တဲ့သွေးပဲ'

'ဒါပေါ့ကွ'





'ဦးကြီး နောက်ပြီး ထူးဆန်းတာတစ်ခုရှိသေးတယ်၊ ဆတ်ကြီးလေ မနက်တွေ့တုန်းက မသေသေးဘူး၊ ဒဏ်ရာနဲ့ ပြေးနေတာ တွေ့တယ်၊ အဲဒီဆတ်ကြီးကို တွေ့တော့ လျှာထွက်ပြီး သေနေတာ'

'ဟေ··· ဒါဆို တစ်ယောက်ယောက်က လည်ပင်းကို ညှစ်လိုက်လို့နဲ့တူတယ်'

'ဟုတ်တယ်၊ သေနတ်သံသုံးချက်သာကြားတယ်၊ ဆတ်ကြီးမှာ ဒီနေ့ ပစ်လိုက်တဲ့ သေနတ်ဒဏ်ရာ မတွေ့ဘူး'

'ဒါဆိုရင် မင်း ဆိုလိုချင်တာက သေနတ်ဒဏ်ရာကြောင့်မသေဘဲ လည်ပင်းညှစ်လို့ သေတယ်လို့ ပြောချင်တာလား'

'ကျွန်တော့်စိတ်ထင် ပြောရရင် အဲဒီလိုပဲထင်တယ် ဦးကြီး'

'ငါလည်း ဆတ်ကြီးကို အသေအချာ မကြည့်ရသေးတော့ မပြောနိုင်ဘူး၊ ဒါပေမဲ့ ဆတ်ကြီးလျှာထွက်သေတာတော့ ဆန်းတယ်'

'ဟုတ်တယ် ဦးကြီးရဲ့၊ ကျွန်တော်တို့ ဒီတစ်ခါ အမဲလိုက်တာ အဆန်းတွေပဲ တွေ့နေရတယ်'

'ဟုတ်တယ် မောင်စိုင်းရဲ့၊ ဒါဆိုရင် ငါတို့ဟာ ပတ်ဝန်းကျင်လေ့လာဖို့ လိုနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဦးကြီး အန္တရာယ်တစ်ခုခုရှိနေသလား'

ကျွန်ုပ်က စိုးရိမ်သဖြင့် မေးလိုက်ရာ ဦးကြီးက....

'သတိထားရင်တော့ မခွားဘူးပေါ့၊ ဒီနေရာမှာ ကိုပန်းအောင်လည်း ပျောက်နေတယ်၊ ဆတ်ကြီးလည်း သေနေတယ်ဆိုတော့ စဉ်းစားရမယ့် အချက်တွေပဲ'

ဦးကြီး ပြောမှ ဤတောနက်ကြီးအတွင်း အန္တရာယ်များစွာရှိမှန်းသိကာ ကြောက်ရွံ့စိတ်များ ဝင်လာခဲ့သည်။

ဦးကြီးက ချုံပုတ်မှ ချောက်ကမ်းပါးသို့ သွားကြည့်ရာ ကျွန်ုပ်က...

'ဦးကြီး ဟောဟို ချောက်တစ်ဝက်လောက်က ချုံပုတ်ပေါ်မှာ ဘဒွေးရဲ့သေနတ် တွေ့လား'

ဟူ၍ ပြောပြီး သေနတ်ရှိရာသို့ လက်ညှိုးညွှန်ကာပြလိုက်ရာ ဦးကြီးက လှမ်းကြည့်လိုက်သည်။

'ဟုတ်ပါရဲ့၊ ဒါဟာ ကိုပန်းအောင် ကိုင်တဲ့ ၁၂ ဗိုနှစ်လုံးပြူးသေနတ်ပဲ'

ဦးကြီးက ဘဒွေး၏ သေနတ်ဖြစ်ကြောင်း ပြောလိုက်ရာ ကျွန်ုပ်က...

'ဒါဆိုရင် ဘဒွေး ဘယ်ရောက်နေသလဲ ဦးကြီး'

'ဒီမှာ မောင်စိုင်း၊ မုဆိုးနဲ့ သေနတ်ဟာ တစ်သားတည်း





ရှိကြတယ်၊ အခုလို မုဆိုးကတခြား သေနတ်ကတခြားဆိုရင် အဲဒီမုဆိုးဟာ မုချ အန္တရာယ်တစ်ခုခုနဲ့တွေ့လို့ ဖြစ်လိမ့်မယ်၊ မဟုတ်မှလွဲရော ငါ ညီလေးပန်းအောင် ဒီချောက်ထဲများ ကျသွားသလား မသိဘူး'

ထိုသို့ပြောပြီး ချောက်ကမ်းပါးကြီးကို ငုံ့ကြည့်ခဲ့သည်။

ချောက်ကမ်းပါးကြီးက လွန်စွာနက်ရှိုင်းပြီး ထိုချောက်၏ နံရံများတွင် ချုံပုတ်များ၊ သောင်ပင်ကဲ့သို့ အပင်များ၊ နွယ်ပင်များ ပေါက်နေသဖြင့် ချောက်၏အဆုံးအထိကို မမြင်တွေ့နိုင်ချေ။

သစ်ပင်ချုံပုတ်များ ဖုံးလွှမ်းလျက်ရှိပေသည်။

'ချောက်က တော်တော်နက်ပုံရတယ်၊ သစ်ပင်ချုံပုတ်တွေ ဖုံးနေတော့ အဆုံးအထိ မမြင်ရဘူး၊ ဒီတောင်အောက်ကျသွားရင်တောင် မတွေ့နိုင်ဘူး'

'ဟုတ်တယ် ဦးကြီးရဲ့'

ဦးကြီးက ချောက်၏သဘာဝကို ရှုထောင့်အမျိုးမျိုးမှ ကြည့်ကာ...

'မောင်စိုင်းရေ... သေနတ်ကို အရင်ဆုံးကောက်မှ ဖြစ်မယ်'

'ဟုတ်ကဲ့ ဦးကြီး'

'ဒါဆိုရင် ဆန်းဝင်းနဲ့ မောင်စိုင်း ကြိုးအသင့်လုပ်ထား'



www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်ကဲ့ ဦးကြီး’

ကျွန်ုပ်တို့နှစ်ယောက်က ကြိုးခွေကို ပေးလိုက်သည်။ ဦးကြီးက ကြိုးခွေ၏ထိပ်တွင် ငါးမျှားချိတ်ကဲ့သို့သော ပုံသဏ္ဍာန်ရှိသည်။

ချိတ်ကြီးသုံးခုကို သေချာစွာ ချိတ်လိုက်သည်။

‘ကိုင်း… သေနတ်ဆီကို ဒီကြိုး ပစ်လိုက်တော့မယ်’

ဦးကြီးက ထိုသို့ပြောပြီး ငါးမျှားချိတ်ပုံသဏ္ဍာန်ရှိသော ချိတ်ကြီးသုံးခုပါသည့်ဘက်ကို ချုံပုတ်ဆီသို့ ပစ်လိုက်သည်။ ထို့နောက် သေနတ်၏ လက်ညှစ်ကွင်း (သို့မဟုတ်) လက်ညှစ်သောနေရာဆီမှ ကွင်းသို့ရောက်အောင် ကြိုးကို အတိုးအလျှော့ လုပ်နေသည်။

ကျွန်ုပ်တို့နှစ်ဦးမှာ ဦးကြီး၏ လုပ်ပုံကိုင်ပုံကို သေချာစွာ စိုက်ကြည့်နေခဲ့ကြသည်။

တစ်ခါ လွဲချော်သွားခဲ့သည်။

နှစ်ခါ အနီးသို့ရောက်ပြီးမှ လွဲချော်သွားခဲ့သည်။

နောက်ဆုံးတွင် ငါးမျှားချိတ် ချိတ်တစ်ခုနှင့် သေနတ်ကွင်းစွပ်မိသွားခဲ့ပြီ။

‘ဦးကြီး ချိတ်နဲ့ကွင်း စွပ်မိသွားပြီ’

‘အေး… ဟုတ်တယ်ကွ၊ ဒါဆို ဖြည်းဖြည်းဆွဲတင်မှပဲ’





ဦးကြီးက ဤသို့ပြောပြီး ဖြည်းဖြည်းဆွဲတင်လိုက်ရာ သေနတ်မှာ တဖြည်းဖြည်း ကြွတက်လာသည်။ ချိတ်တစ်ချိတ်တည်းနှင့် ချိတ်ထားသည့်အတွက် ကျွန်ုပ်တို့မှာ သေနတ်များ ပြန်ကျလေမလားဟူသော အတွေးဖြင့် ရင်တမမ စောင့်ကြည့်နေခဲ့ကြသည်။

‘ဦးကြီး အပေါ်ရောက်ခါနီးပြီ၊ ဖြည်းဖြည်း… ဖြည်းဖြည်း’

‘အေးပါကွ’

ဦးကြီးစိုင်းမှာ ကျွန်ုပ် ပြောသည့်အတိုင်း ဖြည်းဖြည်းဆွဲတင်လာရာ ထိုသေနတ်မှာ အပေါ်သို့ရောက်ကာနီးအချိန်တွင် ကျွန်ုပ်က ဆွဲယူလိုက်သည်။

‘ဦးကြီးရေ သေနတ်တော့ရပြီ’

‘အေး… အေး…’

ကျွန်ုပ်က သေနတ်ကိုကိုင်လျက် ဦးကြီးကို လှမ်းပြောလိုက်သည်။

‘ရော့… ဦးကြီး၊ ဒီမှာ သေနတ်’

‘အေး… အေး…’

ဦးကြီးက သေနတ်ကို လှမ်းယူပြီး သေနတ်ကိုချိုးကာ ကျည်ဆန်ကို စစ်ဆေးကြည့်ရာ…

ဒိုးယွန်းယဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မင်းတို့ပြောတဲ့အတိုင်း ကျည်သုံးတောင့် လျှော့နေတယ်'

'ဟုတ်တယ် ဦးကြီး'

ကျွန်ုပ်တို့မှာ ကျည်ဆန်သုံးတောင့် လျှော့နေသည်ကို တွေ့လိုက်ရသည်။

'အင်း… ကိုပန်းအောင်ဟာ အလွန်လက်တည့်တဲ့ မုဆိုးတစ်ယောက်ပဲ၊ သားကောင်တစ်ကောင်ဆို ကျည်တစ်တောင့်ပဲ၊ သူက မပိုင်ရင် မပစ်ဘူး၊ အခုတော့ ကျည်ဆန်သုံးတောင့်ကုန်အောင် ဘယ်သတ္တဝါကို ပစ်ပါလိမ့်'

'ဟုတ်တယ် ဦးကြီး၊ ဆတ်ကြီးမှာလည်း လောလောလတ်လတ် ကျည်ဆန်ရာ မတွေ့ဘူးဆိုတော့ ဘဒွေးဟာ ဘယ်အကောင်ကိုများပစ်ပါလိမ့်'

'အိမ်း… အဲဒါက စဉ်းစားစရာပဲ'

ဦးကြီးပင် စဉ်းစားရင်း ခေါင်းခြောက်သွားသည်။

ကျွန်ုပ်တို့နှစ်ဦးမှာ သေနတ်ကိုကြည့်ပြီး ပြောနေစဉ် ဆန်းဝင်းက…

'ဦးကြီး… ဦးကြီး ဟောဟိုမှာ ဘဒွေး ပခုံးပေါ်တင်ထားတဲ့ တဘက်အပြာကလေး'

သေနတ်တင်ရာ ချုံပုတ်နှင့် မနီးမဝေးရှိ သစ်ပင်ပု





ကလေး၏ အကိုင်းတွင် တလွင့်လွင့်ဖြစ်နေသော တဘက်အပြာကလေးကို လှမ်းတွေ့လိုက်ရသည်။

'ဟာ… ဟုတ်ပါရဲ့၊ ဒါဟာ ဘဒွေးရဲ့ တဘက်ကလေးပဲ'

'ဒါဆိုရင် ဘဒွေးဟာ ဒီချောက်ကြီးထဲ ကျသွားတာ သေချာပြီပေါ့'

ဆန်းဝင်းက တဘက်ကလေးကို လှမ်းကြည့်ပြီး ဉာ်သို့ဝမ်းနည်းစွာ ပြောလိုက်သည်။

ကျွန်ုပ်လည်း တဘက်အပြာကလေးကို ကြည့်ပြီး ချောက်ထဲသို့ ဘဒွေး ရောက်သွားသည်မှာ အမှန်တကယ်ပင်ဖြစ်ကြောင်း သိလိုက်ရသဖြင့် ချက်ချင်းပင် အလုံးကြီးဆို့တက်ကာ မျက်ရည်များပင် ဝဲလာခဲ့သည်။

'ဘဒွေး… ဘဒွေး ဒီလောက်နက်တဲ့ ချောက်ထဲကို ကျသွားမှတော့ သေပြီပေါ့နော်'

ဆန်းဝင်းကလည်း ငိုသံပါကြီးနှင့် ပြောလိုက်သည်။

သည်တွင် ဦးကြီးက လွန်စွာစိတ်မကောင်းသော မျက်နှာဖြင့်…

'ဒီတဘက်ကလေး တွေ့ပြီဆိုတော့ ကိုပန်းအောင်တစ်ယောက် ဒီချောက်ထဲကျသွားပြီပေါ့၊ ငါ့ညီလေးအတွက် ငါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တော်တော်စိတ်မကောင်းဖြစ်မိတယ်၊ ညီလေးပန်းအောင် ငါ့ညီလေး မင်းရဲ့အသက်နဲ့လဲပြီး ဆတ်ကြီးကို ရှာပေးတာလား'

မချိတင်ကဲ ပြောလိုက်သည်။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးမှာ ချောက်ဆီသို့ ငုံ့ကာ...

'ဘဒွေးပန်းအောင်... ဘဒွေးပန်းအောင်... ဘဒွေးပန်းအောင်'

ဟူ၍ ကြိမ်ဖန်များစွာ အော်ခေါ်လိုက်သည်။ သို့သော် မည်သည့်ထူးခြားမှုမျှ မရှိချေ။

သည်တွင် ဦးကြီးကလည်း...

'ကိုပန်းအောင်... ကိုပန်းအောင်ရေ'

'ဘဒွေး... ဘဒွေးရေ'

ဟူ၍ ကျွန်ုပ်တို့အားလုံး အော်ဟစ်ခေါ်လိုက်ကြသည်။

သို့သော် မည်သည့်ပြန်ထူးသံကိုမျှ မကြားရချေ။ ထို့ကြောင့် ကျွန်ုပ်က...

'ဦးကြီး ဘဒွေးဟာ ဒီချောက်ထဲကို အမှန်ပဲကျသွားတာဖြစ်မယ်'

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ ဦးကြီးမှာ...

'အခုမှ သတိရတယ်၊ လာ... လိုက်ခဲ့၊ ချုံပုတ်များကို သေသေချာချာ သွားကြည့်ရအောင်'



BURMESE CLASSIC .com



ဦးကြီးက ဦးဆောင်ခေါ်သွားသဖြင့် ကျွန်ုပ်တို့မှာ ချုံပုတ်ကြီးနံဘေးသို့ သွားကြည့်ခဲ့ရာ...

'ဒီမှာ တွေ့လား၊ မြက်ပင်တွေနဲ့ အပင်ပုကလေးတွေ ပြားနေတယ်၊ တစ်ခုခုက ဒရွတ်တိုက်ဆွဲခေါ်သွားသလိုမျိုး စွပ်ကြောင်းဖြစ်နေတယ်'

ထိုသို့ စွပ်ကြောင်းကြီးကိုပြပြီး ဦးကြီးက ပြောလိုက်သည်။

မှန်ပေသည်။

ဦးကြီး ပြသည့်နေရာကို သေသေချာချာကြည့်မှ စွပ်ကြောင်းသဖွယ်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဒါဆို စွပ်ကြောင်းအတိုင်း လိုက်ကြည့်မှပဲ'

ကျွန်ုပ်က ဤသို့ပြောပြီး စွပ်ကြောင်းအတိုင်း လိုက်ကြည့်ရာ တချို့သော မြက်ပင်များမှာ ထိပ်ပိုင်းကပြတ်နေပြီး အမြစ်သာသာကလေးသာ ကျန်နေသည်။

တချို့မှာ မြက်ပုတ်များ၊ အပင်အုပ်စုလိုက် နုတ်ထားသကဲ့သို့ ကွက်လပ်ဖြစ်နေသည်။

ဦးကြီးက မြက်ပင်တွေကို သေသေချာချာ ကိုင်ကြည့်နေစဉ် မြက်ပုတ်များကြားထဲမှ လက်ဖွဲ့ချည်ထားသည့် ကြိုးမည်းမည်းကလေးကို တွေ့လိုက်ရာ ကောက်ယူလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဦးကြီး ဒီမှာ လက်ဖွဲ့ချည်တဲ့ ကြိုးလေး၊ အဲဒါ ဘဒွေး ရဲ့ လက်ဖွဲ့ကြိုးမဟုတ်လား' ဟူ၍ ကျွန်ုပ်က မေးမြန်းလိုက်သည်။

'လက်ဖွဲ့ကြိုး ဟုတ်လား၊ ပြစမ်း… ပြစမ်း'

'ရော့… ဦးကြီး'

လက်ဖွဲ့ကြိုးဟုဆိုသဖြင့် ဦးကြီးက လွန်စွာစိတ်ဝင်စား သွားပြီး ပြနိုင်းသဖြင့် ဦးကြီးအား လက်ဖွဲ့ကြိုး အပြတ်ကလေး ကို လှမ်းပေးလိုက်သည်။

ဦးကြီးမှာ ထိုလက်ဖွဲ့ကြိုးအပြတ်ကလေးကို သေချာစွာ ကိုင်ကြည့်ပြီး…

'ဟုတ်တယ်၊ ဒါဟာ ကိုပန်းအောင်ရဲ့ လက်ဖွဲ့ကြိုး ကလေးပဲ'

ဟူ၍ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလိုက်သည်။

'မြက်တွေလို ထိပ်ပိုင်းပြတ်တာကပြတ်ပြီး တချို့နေရာ တွေမှ မြက်ပုတ်လိုက် ကျွတ်ထွက်နေတယ်၊ နောက်စွပ်ကြောင်း ကြီးလည်း တွေ့ရတယ်ဆိုတော့ ကိုပန်းအောင်ကို တစ်စုံတစ် ယောက်က ဆွဲသွားတဲ့ပုံပဲ၊ ဒါကြောင့် လက်ဖွဲ့ကြိုးတွေလည်း ပြတ်ထွက်သွားတာဖြစ်မယ်'

'ဦးကြီး ဘဒွေးကို ကျားများဆွဲသွားတာလား'

'မပြောနိုင်ဘူးပေါ့ မောင်စိုင်းရယ်'





'ဒါဆို ချောက်တစ်ဝက်က တဘက်ပြာကလေးကို ဘယ်လိုလုပ်မလဲ'

'ဒီအတိုင်းပဲ ထားခဲ့မယ်၊ ဒါဟာ ဘဒွေးအတွက် သက် သေတစ်ခုပဲ'

'ဟုတ်ကဲ့ပါ ဦးကြီး'

'ကဲ… ပြန်ကြစို့ မောင်စိုင်း'

ဦးကြီးကို ကြည့်ရသည်မှာ အလွန်အမင်း စိတ်မကောင်း ဖြစ်ပုံရသည်။

ကျွန်ုပ်သည် ဘဒွေး၏ နှစ်လုံးပြူးသေနတ်ကိုထမ်းကာ တောနက်ထဲမှ ပြန်ထွက်လာခဲ့သည်။

အပြန်လမ်းတွင် တစ်ဦးကိုတစ်ဦး စကားမပြောနိုင် အောင် ဆို့နင့်ကြေကွဲနေခဲ့သည်။ အလာတုန်းက ဦးဆောင်ကာ ကျွန်ုပ်တို့၏ရှေ့မှ တက်ကြွစွာသွားခဲ့သော ဘဒွေးကို ဤတောနက် ကြီးအတွင်း၌ ကျွန်ုပ်တို့ ထားခဲ့ရပြီ။

ဘဒွေးတစ်ယောက် အသက်ရှင်ရန် ခဲယဉ်းလှသည်။ ကျွန်ုပ်တို့အား လက်ပြနှုတ်ဆက်ခြင်းမရှိဘဲ တိတ်ဆိတ်စွာဖြင့် လူ့ကမ္ဘာ လူ့လောကကြီးအတွင်းမှ ရုတ်တရက် ထွက်ခွာသွားခဲ့ ပြီလော။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)
## ကြမ္မာဆိုးနှင့် တိုးခဲ့သူ

ဦးကြီး ဦးဆောင်သော ကျွန်ုပ်တို့အဖွဲ့သည် ဘဒ္ဒေး၏ သေနတ်ကို ထမ်းကာ လင့်စင်ရှိရာသို့ ပြန်လာခဲ့ကြသည်။ ကျွန်ုပ်တို့ ရောက်ချိန်မှာ ညနေ ၂ နာရီကျော်မျှ ရှိနေသည်။

ကျွန်ုပ်တို့အုပ်စုကို မြင်သည်နှင့် ပေါက်စနှင့် ခွန်ဝင်းနိုင်က အပြေးလာပြီး သေနတ်ကိုလှမ်းယူပြီး ပေါက်စက...

'ဘဒ္ဒေးကို မတွေ့ခဲ့ဘူးလား'

ဤသို့ အားလျှော့စွာနှင့် မေးလိုက်သည်။

ဦးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

'ဟုတ်တယ်၊ မင်းတို့ ဘဒ္ဒေးကို တောနက်ကြီးထဲမှာ ထားခဲ့ရပြီ' ဟူ၍ ငိုသံပါကြီးနှင့် ပြောလိုက်သည်။

ဦးကြီး၏ စကားကြောင့် ကျွန်ုပ်တို့အားလုံး၏ မျက်နှာများ ညှိုးရော်သွားခဲ့သည်။





ကျွန်ုပ်မှာ ဘဒ္ဒေး၏အကြောင်းကို စဉ်းစားနေမိသည်။

ဤတောထဲ စလာစဉ်ကပင် နိမိတ်မကောင်းဟု သူ ပြောခဲ့သည်။

ဘဒ္ဒေး ပြောသည့် နိမိတ်မကောင်းဟူသော စကားမှာ ဘဒ္ဒေးကိုပင် တိုက်ရိုက်ထိမှန်စေခဲ့သလော။

ဤသို့ တွေးတောနေစဉ် ဦးကြီးက...

'ပေါက်စနဲ့ ခွန်ဝင်းနိုင် ဆတ်သေနှစ်ကောင်ကို ခြေထောက်နဲ့ လက်ကို ကြိုးချည်လိုက်'

'ဟုတ်ကဲ့ပါ'

သူတို့နှစ်ဦးသည် ခြေထောက်ချင်းချင်းပူး၍လည်းကောင်း လက်အချင်းချင်း ပူး၍လည်းကောင်း ကြိုးချည်လိုက်သည်။

'ကဲ... အချိန်ရှိတုန်း ပြန်ကြမယ်၊ အဲဒီ ဆတ်နှစ်ကောင်ကို လျှိုပြီးထမ်းခဲ့ကြ'

'ဟုတ်ကဲ့'

ဦးကြီးမှာ မပြောမဖြစ်၍သာ ပြောနေရသည်။ သူလည်း စိတ်ပါပုံမပေါ်။

ဦးကြီးသည် သူ၏ ဂျာမန်ဖေးဘရိတ် ရိုင်ဖယ်သေနတ်ကို ထမ်းကာ ရှေ့မှထွက်ခွာသွားခဲ့သည်။

ကျွန်ုပ်မှာကား မက်နမ်အမဲပစ်သေနတ်တစ်လက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘခွေး၏ နှစ်လုံးပြူးသေနတ်တစ်လက် ပေါင်းသေနတ်နှစ်လက်ကိုလွယ်ကာ ဦးကြီးနောက်မှ လိုက်ခဲ့သည်။

ကျန်သူများမှာ ဆတ်သေကြီးကို ထမ်းသူက ထမ်း။

တောလိုက်ပစ္စည်းများကို လွယ်သူက လွယ်နှင့် ထိုတောအုပ်ကြီးထဲမှ ထွက်လာခဲ့ကြသည်။

အလာတုန်းက ပျော်ရွှင်တက်ကြွနေသော ခြေလှမ်းများနှင့် မျှော်လင့်ချက်အပြည့်ရှိခဲ့သည်။

ယခုမူ ဝမ်းနည်းကြေကွဲသောစိတ်ဖြင့် ဖျော့တော့သော ခြေလှမ်းများဖြင့် လှမ်းလာခဲ့ကြသည်။

အလာခရီးတုန်းက ဆတ်ပစ်ရန် ရည်ရွယ်ပြီး ဤတောကြီးအတွင်းသို့ လာခဲ့သည်။

ဆတ်ကြီးများရလျှင် မည်မျှ ဝမ်းသာလိုက်မလဲဆိုသည့် အတွေးနှင့် လွန်စွာပျော်ရွှင်ခဲ့သည်။ ယခုမူ ဆတ်နှစ်ကောင်ရရှိခဲ့သည်။

သို့သော် ဘခွေး၏ အသက်နှင့်လဲကာ ရလိုက်သည့်အတွက် ဆတ်ကြီးကို ထမ်းလာသော်လည်း ကျွန်ုပ်တို့မှာ မပျော်နိုင်ပေ။ ဦးကြီးက မည်မျှ စိတ်ထိခိုက်နေသည် မသိ။

တစ်လမ်းလုံး မည်သည့်စကားမျှမဆိုဘဲ ခပ်သွက်သွက်သွားနေသည်။





ကျွန်ုပ်တို့မှာလည်း ဘခွေးအတွက် ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ နောက်မှလိုက်ခဲ့ကြသည်။

ကျွန်ုပ် တောလိုက်လာသည့် သက်တမ်းတစ်လျှောက်လုံး ဤမျှ စိတ်ထိခိုက်ခဲ့ခြင်း မရှိခဲ့ပေ။

ထိုသို့ဖြင့် အပြန်ခရီးတွင် တိတ်ဆိတ်ငြိမ်သက်စွာ ပြန်ခဲ့ရာ ညနေ နေဝင်ရီတရောအချိန်တွင် မဲလန်ရွာဦးထိပ်သို့ ရောက်ခဲ့သည်။

'ဦးကြီးစိုင်းတို့အဖွဲ့ ပြန်လာပြီဟေ့'

ရွာဦးထိပ်တွင် ရှိနေသော ဖိုးနီတို့ လူငယ်အုပ်စုက ဝမ်းသာအားရအော်ရင်း ကျွန်ုပ်တို့ဆီသို့ ပြေးလာကြသည်။ ထို့နောက် ဆတ်သေကြီးကို ကူထမ်းသူ ထမ်း၊ သေနတ်လွယ်သူက လွယ်နှင့် အုရုန်းရုန်းဖြစ်သွားခဲ့သည်။

'အစ်ကိုစိုင်း ကျွန်တော် ပြောတဲ့နေရာက ဆတ်ကြီးရခဲ့တာမဟုတ်လား'

ဖိုးနီက ကျွန်ုပ်ကို ဝမ်းသာအားရနှင့် လှမ်းမေးလိုက်ရာ…

ကျွန်ုပ်က…

'ဟုတ်တယ် ဖိုးနီ၊ မင်း ပြောတဲ့နေရာက ရခဲ့တာပဲ'

'ဒါဆိုရင် ကျွန်တော့်အတွက် ဝေစုလည်းပါတယ်နော် အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွ'

ကျွန်ုပ်က အားပေးပြောဖြင့် ပြောလိုက်သည်။

'အစ်ကိုစိုင်း… ကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်လို့လဲ'

ကျွန်ုပ်၏ မျက်နှာမှာ မသာမယာဖြစ်နေသည်ကို ဖိုးနီ သတိပြုမိပြီး ကျွန်ုပ်အား ဤသို့ မေးလိုက်သည်။

ကျွန်ုပ်မှာ ဦးကြီးရှိနေသဖြင့် ဘဒ္ဒေးအကြောင်း ပြောရကောင်းနိုးနိုး မပြောရကောင်းနိုးနိုး ဖြစ်နေသည်။

'ဘာမှမဖြစ်ပါဘူး၊ အိပ်ရေးပျက်ပြီး ခေါင်းကိုက်နေလို့ပါကွာ'

'သြော်… ဒါများ ဆတ်ဖျက်ပြီးရင် အစ်ကို့ကို နှိပ်ပေးမယ်၊ အစ်ကို့ကို ဖားထားမှဖြစ်မယ်၊ ဒါမှ ဆတ်သားများများရမှာ'

'မဖားလည်း ပေးပါတယ်ကွာ'

ထိုသို့ပြောရင်း ဦးကြီး၏ အိမ်ဂေဟာသို့ ဆက်လက်သွားခဲ့ကြသည်။

ဦးကြီး ပြန်လာပြီး ဆတ်နစ်ကောင်ရသည့်သတင်းမှာ ကျွန်ုပ်တို့ မဲလန်ရွာတစ်ရွာလုံး ပျံ့နှံ့သွားကာ ကလေးလူကြီး အသီးသီးသည် ဦးကြီးစိုင်း အိမ်သို့ လာခဲ့ကြသည်။





ဦးကြီးစိုင်း အိမ်သို့ရောက်သည်နှင့် ဦးကြီးစိုင်း၏ဇနီးဖြစ်သူ ကြီးတော် ဒေါ်အေးလှမှာ…

'ဒီတစ်ခါ ပြန်လာတာ ဆတ်နှစ်ကောင်တောင် ပါလာတယ်တော့'

ဟု ပြောကာ ဝမ်းသာအားရ ကြိုဆိုလိုက်သည်။ ဦးကြီးက မည်သည့်စကားမျှ မပြောဘဲ သူလွယ်ထားသည့် သေနတ်ကို လှမ်းပေးလိုက်သည်။

ကြီးတော် ဒေါ်အေးလှမှာ သေနတ်ကို သူ့နေရာ၌ သုံချိတ်ထားလိုက်သည်။

ဦးကြီးစိုင်းမှာ အိမ်ရှေ့ရှိ ကွပ်ပျစ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ထိုင်သောက်နေသည်။

ယခင်ကဆို တောက ပြန်လာသည်နှင့် ဇနီးသည် ဒေါ်အေးလှကို တောအကြောင်း တောင်အကြောင်း စီကာပတ်ကုံး ပြောတတ်သော်လည်း ယခုမူ တိတ်ဆိတ်စွာဖြင့် လက်ဖက်ရည်သောက်နေသည်မှာ ထူးခြားလှပေသည်ဟု ဒေါ်အေးလှက ထင်မြင်မိသည်။

ကြီးတော် ဒေါ်အေးလှမှာ ခင်ပွန်းသည်၏ အရိပ်အကဲကိုကြည့်ပြီး မမေးဝံ့သဖြင့် ကျွန်ုပ်ဆီသို့ လာပြီးမေးလိုက်သည်။

'မောင်စိုင်း မင်းဦးကြီး ဘာဖြစ်လာသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ပြောရမှာလား၊ မပြောရမှာလားတောင် မသိပါဘူး ကြီးတော်ရယ်'

ဤသို့ ကျွန်ုပ်က ခပ်ညည်းညည်းလေး ပြောလိုက်ရာ ကြီးတော်မှာ လွန်စွာသိချင်လှစွာဖြင့်...

'ဟဲ့... မောင်စိုင်းရယ်၊ ပြောမှာသာ ပြောစမ်းပါ'

ဟူ၍ ခပ်လောလော ပြောလိုက်သည်။

ဤတွင် ကျွန်ုပ်က...

'ဘဒွေးတစ်ယောက်တော့ သေလား ရှင်လား မသိဘူး၊ တောထဲမှာ ကျန်ခဲ့ပြီ'

'အမလေး... ဒုက္ခပါပဲ၊ နှင့်ဦးကြီးက ဘဒွေးကို လိုက်မရှာဘူးလား'

'ရှာတာပေါ့ ကြီးတော်ရယ်၊ သွားရှာတော့ လူတော့ မတွေ့ဘူး၊ ချောက်ထဲက သေနတ်ပဲပြန်ရတယ်'

'ဘုရား... ဘုရား... ဒုက္ခတော့တွေ့ကြပြီနဲ့တူတယ်'

'ဟုတ်တယ်၊ အဲဒါကြောင့် ဦးကြီးလည်း စိတ်မကောင်း ဖြစ်နေတာ'

ကြီးတော်နှင့် ကျွန်ုပ် ခပ်တိုးတိုးပြောနေစဉ်...

ဘဒွေး၏ဇနီးဖြစ်သူ ဒေါ်နန်းတွဲနှင့် ကျွန်ုပ်၏ချစ်သူ စောနန်းခမ်းတို့နှစ်ဦးကို မည်သူက သတင်းပေးလိုက်သည်မသိ





ဦးကြီးစိုင်း၏ အိမ်သို့ လာနေသည်ကို တွေ့လိုက်ရသည်။

ကြီးတော်မှာ ဘဒွေး၏သတင်းဆိုးကို သိထားသူပီပီ ဘဒွေး၏ဇနီးသည်ကို တွေ့လိုက်ကတည်းက ကတုန်ကယင်ဖြစ်ကာ...

'နန်းတွဲကို ဘယ်လိုပြောရပါ့မလဲ၊ ဒုက္ခပါပဲတော်... ငါက အစကတည်းက တောမလိုက်ပါနဲ့လို့ ပြောတာ၊ နင်တို့ဦးကြီးကလေ ဒီမုဆိုးအလုပ်ကို မစွန့်နိုင်ဘူး၊ အခု ဘဒွေး ဒုက္ခဖြစ်ပြီ၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ'

ကြောက်ရွံ့တုန်လှုပ်စွာ ပြောလိုက်သည်။

ထိုစဉ် ဒေါ်နန်းတွဲမှာ...

'အေးလှရေ... အေးလှ'

ဟူ၍ တစာစာခေါ်ရင်း အိမ်ထဲသို့ဝင်လာပါသည်။

'သြော်... နန်းတွဲပါလား၊ သမီးလေး စောနန်းလည်း ပါလာတာကိုး၊ အိမ်ပေါ်တက်ကြလေ'

ဟူ၍ ပြောလိုက်သည်။ ဦးကြီး၏အိမ်တွင် ကျွန်ုပ်တို့အုပ်စုကို ဒေါ်နန်းတွဲ တွေ့ရသော်လည်း ဘဒွေးကို မတွေ့ရသဖြင့်...

'အစ်ကိုစိုင်း... ကိုပန်းအောင်ရော'

ဟူ၍ တဲ့တိုးကြီးမေးလိုက်ရာ ဦးကြီးစိုင်းမှာ သောက်



www.burmeseclassic.com

www.burmeseclassic.com



လက်စ ရေနွေးပန်းကန်ကို ချလိုက်ပြီး...

'အေး... နန်းတွဲ၊ ငါလည်း အခုပဲ နင့်ဆီကို လာမလို့'

'ကိုပန်းအောင်က ဘာဖြစ်လို့လဲ အစ်ကိုစိုင်း'

'နင့်စိတ်ကို အေးအေးထားပြီး နားထောင်ပါ၊ ကိုပန်းအောင်တစ်ယောက် တောလိုက်ရင်း ပျောက်သွားလို့'

'ဟင်... အစ်ကိုစိုင်းတို့က လိုက်မရှာဘူးလား၊ ဒီလိုပဲ တောထဲမှာ ထားခဲ့ရသလား'

ဒေါ်နန်းတွဲက စိတ်ထိခိုက်စွာဖြင့် အပြစ်တင်လိုက်သည်။

'အေး...နင် အပြစ်တင်ရင်လည်း ခံရတော့မှာပဲ နန်းတွဲရယ်၊ ငါ့ညီပျောက်တာ ငါ ဒီအတိုင်း ပြန်လာပါ့မလား ရှာတာပေါ့'

'ဒါဆို မတွေ့တော့ဘူးပေါ့'

'နေပါဦး နန်းတွဲရယ်၊ ငါ ပြောပါရစေဦး၊ ငါတို့ လိုက်ရှာတော့ ချောက်တစ်ဝက်လောက်က ချုံပုတ်ပေါ်မှာ နင့်ယောက်ျားရဲ့ သေနတ်တွေ့လို့ ကြိုးနဲ့ဆွဲပြီး ယူလာခဲ့တယ်'

'သေနတ်က ဘာလုပ်ရမှာလဲ၊ ကိုပန်းအောင် ဘာဖြစ်တယ်ဆိုတာပဲ သိချင်တာ'

'အေး... ဘာဖြစ်သလဲဆိုတာတော့ ငါလည်း အတိ





အကျမပြောနိုင်သေးဘူး၊ ချောက်ထဲကျသွားသလား မဆိုနိုင်ဘူး'

'ချောက်ထဲကျမှတော့ အသက်ရှင်ပါဦးမလား၊ တော်တို့ အော်မခေါ်ကြည့်ဘူးလား'

ဟူ၍ ထပ်ပြောပြန်သည်။

'ကျုပ်ရော မောင်စိုင်းတို့အုပ်စုပါ အော်ခေါ်တာပေါ့ဗျာ၊ ဒါပေမဲ့ ပြန်ထူးသံကို မကြားရဘူး'

ဦးကြီးက ဖြည်းဖြည်းနှင့်မှန်မှန် ပြောလိုက်ရာ ကြီးတော်မှာ...

'အမလေး... ကိုပန်းအောင်တော့ သေပြီထင်ပါရဲ့၊ ဟုတ်ပါပြီ... သေပါပြီ၊ အဟီး... ဟီး... ဟီး...'

သို့ပြောရင်း ငိုချလိုက်ပါတော့သည်။

ဦးကြီးဇနီး ဒေါ်အေးလှမှာလည်း...

'ဟဲ့... နန်းတွဲ၊ သတိထားပါဦး၊ သေသလား ရှင်သလား မသိသေးပါဘူးတယ်'

ဟူ၍ ချော့မော့ပြောဆိုလိုက်သည်။

'ဟဲ့... မောင်စိုင်း၊ နင့်ဘထွေး မသေပါဘူး၊ ပျောက်ရုံ ပျောက်နေတာဆိုတာ ပြောလိုက်ဦးလေ'

ဒေါ်အေးလှက ကျွန်ုပ်အား ပြောခိုင်းသဖြင့် ကျွန်ုပ်က လည်း...



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် အဒေါ်နန်းတွဲရဲ့၊ ဘဒွေး မသေပါဘူး၊ ပျောက်ရုံ ပျောက်နေတာပါ'

'ငါ့ကို စိတ်မချမ်းသာဖြစ်မှာစိုးလို့ ဖုံးထားတာမဟုတ်လား၊ မနေ့ညကတည်းက ငါအိပ်မက်မက်တယ်၊ ကိုပန်းအောင် တစ်ကိုယ်လုံးမှာ သွေးတွေဖုံးနေပြီး ငါ နင့်ကို သတိရလို့ပြေးလာတာ၊ ငါ့နောက်မှာ သရဲတွေလိုက်နေတယ်လို့ ပြောတယ်၊ အဲဒီ အိပ်မက်မက်ပြီးကတည်းက ကိုပန်းအောင်အတွက် ငါ စိတ်ပူနေတာ၊ အခုတော့ ငါစိတ်ပူကဲ့အတိုင်းပဲ၊ ပြန်ပါမလာတော့ဘူး၊ အဟီး... ဟီး...'

ဒေါ်နန်းတွဲမှာ သူ့အိပ်မက်အကြောင်းကို ငိုကြီးချက်မနှင့် ပြောပြခဲ့သည်။

ကျွန်ုပ်တို့အားလုံးမှာ ဘဒွေးပန်းအောင်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိသည်။ ထိုအခါ ကျွန်ုပ်၏ချစ်သူ ဘဒွေးပန်းအောင်၏ တူမဖြစ်သူ စောနန်းခမ်းက ကျွန်ုပ်ဆီသို့ရောက်လာပြီး–

'အစ်ကိုစိုင်း တောထဲမှာ ဘာတွေဖြစ်ခဲ့တာတုန်း၊ နန်းကို ပြောပြပါဦး'

ဟူ၍ ငိုသံပါကြီးနှင့် ပြောလိုက်ရာ ကျွန်ုပ်မှာ ကြက်ကြီးကို လည်လိမ်ထားသကဲ့သို့ဖြစ်ကာ မပြောမဖြစ်၍ ဖြစ်သမျှဇာတ်ကြောင်းစုံကို ပြောပြလိုက်သည်။





ကျွန်ုပ်၏ စကားအဆုံးတွင် စောနန်းခမ်းက ငိုယိုပြီး...

'ဒါဆိုရင် ဘဒွေးတော့ ချောက်ထဲကျပြီး သေသွားပြီနဲ့တူတယ်'

ဟူ၍ နန်းခမ်းက ပြောလိုက်သည်။

'အိမ်း... ဘဒွေးရဲ့ တဘက်ပြာလေးလည်း ချောက်ထဲက ချုံပုတ်ပေါ်မှာ လွင့်နေတာတွေ့ရတော့ ကျိန်းသေ ချောက်ထဲကျသွားတာဖြစ်မယ်၊ ဒါပေမဲ့ သေချင်မှသေမှာပေါ့၊ မှေ့မြောနေလို့ ပြန်မထူးနိုင်တာလားမှ မသိတာ'

ကျွန်ုပ်ကလည်း စိတ်ထဲထင်သည့်အတိုင်း ပြောလိုက်ရာ စောနန်းခမ်းက...

'အစ်ကိုစိုင်း... ဒါဆိုရင် ချောက်ထဲဆင်းကြည့်ရင် ဘဒွေး သေတယ် ရှင်တယ်ဆိုတာ ထင်ထင်ရှားရှားတွေ့ရမှာပေါ့'

'အေး... နန်းပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ချောက်က အနက်ကြီး၊ ဘယ်လိုဆင်းမလဲ'

'ဟင်... ဘယ်လိုလုပ်ဆင်းမလဲ ဟုတ်လား ကိုစိုင်း၊ ဒါ လူတစ်ယောက်ရဲ့ အသက်ရှင့်၊ သေသလား ရှင်သလားဆိုတာ ဘယ်သူဖြစ်ဖြစ် သိချင်မှာပဲ၊ ကဲ... ချောက်ထဲကျပြီး မသေတဲ့ မှေ့တာမျိုးဆိုရင် ကျွန်မတို့က အချိန်မီကယ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တော့ ဟုတ်ပါတယ်'

ကျွန်ုပ်မှာ ပြောလိုက်မိမှ ရန်လုပ်ခံရသည့် စောနန်းခမ်းက သူ၏ဘဒြေးအတွက် စိတ်ပူကာ ရန်တွေ့ရင်း ဒေါ်နန်းတွဲထံသို့ အမြန်ဆုံးပြေးသွားခဲ့သည်။

'အဒေါ်နန်းတွဲ နောက်ဆုံးခရီးမှာ ဘဒြေးဟာ ကိုစိုင်းနဲ့ အတူတူသွားတာ၊ ကိုစိုင်းက ပြောတယ်၊ ဘဒြေး ချောက်ထဲကျ သွားတယ်တဲ့၊ တကယ်လို့ မေ့တာဆိုရင် ကျွန်မတို့ အမြန်ဆုံးကယ် မှဖြစ်မယ်'

စောနန်းခမ်းက ဤသို့ပြောလိုက်ရာ ဒေါ်နန်းတွဲမှာ လွန်စွာစိုးရိမ်သွားပြီး...

'ဟုတ်တယ်... စောနန်း ပြောတာ မှန်တယ်၊ ချောက် ထဲမှာ သတိလစ်နေရင် ဘယ်လိုလုပ်မလဲ ကိုကြီးစိုင်း၊ အဲဒီကိစ္စ ကို အမြန်ဆုံးဖြေရှင်းပေးပါ'

ဦးကြီးစိုင်းဘက်သို့ လှည့်ကာ အကူအညီတောင်းလိုက် သည်။

ဦးကြီးစိုင်းက ဒေါ်နန်းတွဲအား...

'နန်းတွဲ နင်ဖြစ်ချင်တာ အားလုံးလုပ်ပေးမယ်၊ မပူ နဲ့'

'ရှင် ဘယ်လိုလုပ်ပေးမှာတုန်း'





'မနက်ကို ရွာနီးချုပ်စပ်က ရွာ လေးငါးရွာက မုဆိုးတွေ ခေါ်ပြီး ကိုပန်းအောင် ကျသွားတယ်ဆိုတဲ့ ချောက်ထဲဆင်းပြီး ကြည့်ပေးမယ်'

'ဒါဆို ကိုကြီးစိုင်း အမြန်ဆုံးစီစဉ်ပေးပါ'

'ကောင်းပါပြီ၊ ကျုပ်တို့ မနက်ဖြန်မနက်မှာ ပြန်သွား ပေးမယ်'

'ကောင်းပြီ၊ ကိုပန်းအောင်တစ်ယောက် မသေမပျောက် ဘဲ ပြန်ရောက်လာပါစေတော်'

ဒေါ်နန်းတွဲက သူ၏ခင်ပွန်းသည်အတွက် ငိုငိုယိုယိုနှင့် ဆုတောင်းနေသည်။

ဒေါ်နန်းတွဲကိုကြည့်ပြီး အားလုံးမှာ ရင်ထုမနာ ဖြစ်ခဲ့ ကြသည်။

စောနန်းခမ်းကလည်း သူ့အဒေါ်၏ ဖြစ်အင်ကိုကြည့်ပြီး ကျွန်ုပ်ထံသို့ ပြေးလာကာ...

'ကိုစိုင်း ဦးကြီးတို့ တောထဲသွားရင် ရှင်လည်း လိုက် သွားပြီး ရှာပေးလိုက်ပါ၊ ဘဒြေးနဲ့ နောက်ဆုံးတွေ့တဲ့လူက ရှင် ဖြစ်နေတော့ ဘဒြေးကို ရအောင်ကယ်ပေးပါနော်'

စောနန်းခမ်းက ရေနစ်သူ ကောက်ရိုးတစ်ပင်ဆွဲသကဲ့သို့ ကျွန်ုပ်အား ကယ်တင်ပေးရန် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အေးပါဟ… စိတ်ချ၊ ငါလေ ချောက်ထဲအထိဆင်းပြီး ဘခွေးကို ကယ်ပေးမယ်'

ဟူ၍ နှစ်သိမ့်စကားပြောကြားလိုက်သည်။

ထိုစဉ် ဦးကြီးက…

'ကဲ… ကဲ… နန်းတွဲရော နန်းခမ်းပါ ပြန်ကြ၊ မနက်ဖြန်ကျရင် တောနင်းပြီးရှာပေးမယ်'

ဟု ပြောလိုက်ရာ…

'ဟုတ်ကဲ့ ဦးကြီး' ဟု စောနန်းခမ်းက ပြောပြီး အဒေါ်ဖြစ်သူ ဒေါ်နန်းတွဲကို ခေါ်ကာ ပြန်သွားခဲ့သည်။

ဦးကြီးကို ကြည့်ရသည်မှာ လွန်စွာစိတ်မချမ်းမြေ့ဖွယ် ဖြစ်နေသည်။

ခဏအကြာတွင် ကျွန်ုပ်ကို ခေါ်ပြီး…

'မောင်စိုင်းရေ… မနက်ဖြန်မနက်မှာ ဟိုတောကြီးထဲကို ပြန်သွားရမယ်၊ တို့ချည်းပဲ သွားလို့မဖြစ်ဘူး၊ မိုင်းကျ မိုင်းနဲ မိုင်းသောက်နဲ့ မိုင်းပြင်းရွာက မုဆိုးကျော်တွေဆီကို ငါ စာရေးပေးလိုက်မယ်၊ မနက်စောစော စာပေးပြီး တစ်ခါတည်းခေါ်လာလိုက်'

ဦးကြီးက ထိုရွာများမှ မုဆိုးကျော်များထံ ပို့ပေးရမည့် စာများကို ပေးလိုက်သည်။





'ဟုတ်ကဲ့ပါ ဦးကြီး'

ကျွန်ုပ်မှာ ဦးကြီးပေးသည့် စာများကို ယူထားပြီး ထိုည အဖို့ ဦးကြီး၏အိမ်၌ အိပ်လိုက်သည်။

နံနက်လေးနာရီခန့်တွင် ထကာ စက်ဘီးဖြင့် မိုင်းကျရွာသို့ အရင်ဆုံးသွားခဲ့သည်။ ထိုရွာမှ ဆတ်သားခေါ် အရေးပေါ် စာပို့သူနှင့် ဆက်သွယ်ပြီး ကျန်ရွာသုံးရွာမှ မုဆိုးကျော်များဆီသို့ စာပို့လိုက်သည်။ ကျွန်ုပ်နှင့်အတူ မိုင်းကျရွာမှ မုဆိုးကျော် ဦးမန်းခင် လိုက်ပါလာခဲ့သည်။

ဦးကြီးက ဦးမန်းခင်ကို ဘခွေးအကြောင်း အသေးစိတ် ပြောပြခဲ့သည်။ ထိုရွာလေးရွာ၏ မုဆိုးများမှာ အကြောင်းရှိက တစ်ဦးနှင့်တစ်ဦး ကူညီခဲ့ကြသည်။ တမြန်နှစ်က မိုင်းသောက်ရွာမှ မုဆိုးတစ်ဦး ပျောက်ဆုံးခြင်းကို ဤလူစုဖြင့် ဝိုင်းရှာရာ ပြန်တွေ့ခဲ့သည့် သာဓက ရှိခဲ့ဖူးသည်။

ယခုလည်း ဦးကြီးစိုင်းဘမောင်အကြောင်း ကြားသည်နှင့် မိုင်းကျရွာမှ မုဆိုးကြီး ဦးမန်းခင်က ချက်ချင်းလိုက်လာခဲ့သည်။

ထို့နောက် များမကြာမီအချိန်တွင် မိုင်းနဲ၊ မိုင်းသောက်နှင့် မိုင်းပြင်းရွာမှ မုဆိုးကျော်များ တဖွဲဖွဲ ရောက်ရှိလာခဲ့သည်။ သူတို့တွင်လည်း လက်နက်ကိရိယာအစုံအလင်နှင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ကိုးနာရီကျော်ကျော်တွင်…

မုဆိုးကျော်အားလုံး ဦးကြီးစိုင်းဘမောင်အိမ်သို့ စုရုံးရောက်ရှိလာခဲ့သည်။ ဦးကြီးစိုင်းက မုဆိုးကျော်များကို ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့သည်။

ကျွန်ုပ်တို့မှာ ချောက်ထဲသို့ ဆင်းရှာရမည်ဖြစ်၍ ကြိုးခွေအရှည်ကြီးများကို ယူဆောင်ခဲ့ကြသည်။ ထို့နောက် တောအတွင်းအသုံးပြုရန် ကိရိယာတန်ဆာပလာများကို သယ်ဆောင်လာခဲ့ကြသည်။

တကယ်တော့ ယခုအချိန်တွင် ကံဆိုးမိုးမှောင်ကျသူမှာ ဘဒွေးပင် ဖြစ်ချေသည်။

❑ ❑ ❑



## အခန်း (၉)
## ခေါင်းပြတ်နေသော အရိုးစုများ

ရွာလေးရွာမှ မုဆိုးကျော်လေးဦး၊ ဦးကြီးစိုင်းဘမောင် ကျွန်ုပ်နှင့် ခွန်ဝင်းနိုင်တို့ စုစုပေါင်း ခုနစ်ယောက်သည် နံနက်စာစားပြီးနောက် ဘဒွေးကို ရှာရန်အတွက် ဤတောနက်ကြီးဆီသို့ သွားကြပြန်သည်။

သည်တစ်ခါ တောသို့သွားရခြင်းမှာ ယခင်ကလို စိတ်လက်ပေါ့ပါးခြင်းမရှိဘဲ ညှိုးငယ်သောစိတ်နှင့် သွားခဲ့ရသည်။ ကျွန်ုပ်တို့အုပ်စုသည် ဤတောကြီးအတွင်းမှ မနေ့က ပြန်လာသည့်အတွက် ဤခရီးလမ်းကို ကျွမ်းကျင်နေသည်။ ညနေသုံးနာရီအချိန်တွင် ဘဒွေးကျသွားသည်ထင်သည့် ချောက်ကမ်းပါးအနီးသို့ ရောက်လာခဲ့သည်။

'ဒီနေရာပဲ ဦးမန်းခင်၊ ဟောဟိုမှာ ကိုပန်းအောင် ကိုင်လေ့ရှိတဲ့ တဘက်ပြာကလေးတောင် လွင့်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါရဲ့ဗျာ၊ အဲဒီချောက်ထဲ ဘယ်လိုဆင်းကြမလဲ၊ ဒါပဲ စဉ်းစားရမယ်'

ဦးကြီးက ဤသို့ပြောလိုက်ရာ မုဆိုးကျော်ကြီးများသည် ထိုချောက် (သို့မဟုတ်) လျှိုကြီးကို ငုံ့ကြည့်ပြီး စဉ်းစားနေကြသည်။ ဤတွင် မုဆိုးကြီးဦးမန်းခင်က…

'ကျုပ်ငယ်ငယ်က ကျုပ်ဆရာနဲ့ ဒီတောင်ကြောတစ်ဝိုက်ကို တောလိုက်ဖူးတယ်၊ ဒီချောက်က ဒီဘက်ကမ်းမှာ အရမ်းနက်တယ်၊ ဒါပေမဲ့ ဟိုဘက်တောင်ကြောကသွားရင် ချောက်က သိပ်မနက်ဘူး၊ အဲဒီချောက်ဘက်ကသွားရင် ဒီချောက်နဲ့ တစ်ဆက်တည်းပဲ၊ အဲဒီလိုသွားရင်တော့ ဖြစ်မယ်'

'ဒါဆိုရင် ကျုပ်တို့ ဟိုဘက်တောင်ကြောကို သွားကြည့်ရအောင်'

ကျွန်ုပ်မှာ မုဆိုးကျော်ကြီးများ၏ပြောစကားကို နားထောင်နေခဲ့သည်။

မုဆိုးကျော် ဦးမန်းခင် ပြောသည့်စကားအတိုင်း မြောက်ယွန်းယွန်းရှိ တောင်ပေါ်သို့ သွားခဲ့ကြသည်။

ထိုတောင်သို့ ရောက်သောအခါ…

'ဒီမှာတွေ့လား၊ ချောက်တော့ရှိတယ်၊ ဟိုချောက်လောက် မနက်ဘူး'





ဦးမန်းခင်က ချောက်ကိုညွှန်ပြရင်း ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒီချောက်က သိပ်မနက်ဘူး၊ ဒီကဆင်းပြီး ဟိုဘက်ကို ဆက်သွားရင် ရပြီ'

ဘူး၊

ဦးကြီးက ဤသို့ ပြောလိုက်သည်။

ထိုစဉ် ကျွန်ုပ်မှာ ဘခွေးကို လှမ်းစွာကယ်…

'ဦးကြီး အဲဒီချောက်ထဲကို ကျွန်တော်

ဟု ပြောလိုက်ရာ ဦးကြီးက… ဆိုတော့ ဒီအပင်ကြီး

'မောင်စိုင်း… မင်း ဆင်းလို့ပြ

ဟူ၍ စိုးရိမ်စိတ်နှင့် ပြောလိုက်

မုဆိုးကျော် ဦးမန်းခင်က… သစ်ပင်ကြီးတစ်ပင်

'ကျုပ် ဦးဆောင်ပြီး ဆင်းမယ်၊ ဒါ ချမ်းကျင်လှသည့်

ကျုပ်နောက်က လိုက်ခဲ့ပေါ့' စင်တစ်ခုထိုးပြီး

ဟု ပြောလိုက်သည်။

'ဟုတ်ကဲ့ လိုက်ခဲ့ပါမယ်' သည်။

ထိုစဉ် အလွန်ပုပ်စော်နံသည့် အနံ့ဆိုးတစ်နံ့မှာ ထော အာက်၌ ခနဲ ပေါ်ထွက်လာသည်။

'ဟာ… ပုပ်စော်နံလိုက်တာ'

'ဟုတ်တယ်… တောင်အောက်က တိုက်တဲ့လေနဲ့အတူ ပါလာတဲ့အနံ့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ ဘခွေးများ တစ်ခုခုဖြစ်ပြီး ပုပ်စော်နံတာလား'

ခွန်ဝင်းနိုင်က လူငယ်အတွေးနှင့် မေးလိုက်ရာ ဦးကြီးက...

'ဟာ... မဖြစ်နိုင်ဘူး၊ ကိုပန်းအောင်က မနေ့ကမှ ထိုချော[illegible]ာက်ကျသွားတာ သေရင်တောင် ချက်ချင်းမပုပ်နိုင်သည်။ ဤသို့[illegible]

'ကျုပ်ငယ[illegible]စားပြီး ပြောလိုက်သည်။

ကို တောလိုက်ဖူးတယ[illegible]ခွေး သေပြီ၊ ဝိညာဉ်ဖြစ်လို့ ဒီအနံ့မျိုးတယ်၊ ဒါပေမဲ့ ဟို[illegible] သိပ်မနက်ဘူး၊ အဲဒီ[illegible]က ကျွန်ုပ်အနားသို့ကပ်ကာ တိုးတိုးလေး ပြောတည်းပဲ၊ အဲဒီလို'

'ဒါဆိုရ[illegible]ာက်ပါဘူး ခွန်ဝင်းနိုင်ရာ၊ ငါတော့ ဘခွေးရအောင်[illegible]သူ့ ထင်တာပဲ'

ကျွန်ုပ်က ကျွန်ုပ်၏ ထင်မြင်ချက်ကို ဤသို့ပြောလိုက်နေခဲ့သ[illegible]

ဦးကြီး အပါအဝင် မုဆိုးကျော်ကြီးများက ထိုတောင်ထိပ်တွင် စုဝေးကာ စကားပြောနေကြသည်။

သည်တွင် ခွန်ဝင်းနိုင်နှင့် ကျွန်ုပ်မှာ လူကြီးများနှင့် ခပ်ဝေးဝေးနေရာ၌ ထိုင်နေခဲ့ကြသည်။





များမကြာမီအချိန်တွင် ဦးကြီးက ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီး...

'ဒီနေ့တော့ တောင်အောက်ဆင်းဖို့ အချိန်မရှိတော့ဘူး၊ မနက်ဖြန် မနက်စောစောမှ ဆင်းကြမယ်'

ထိုသို့ ပြောလိုက်သည်။

'ဟုတ်ကဲ့ ဦးကြီး'

'ဒီည တို့တစ်တွေ ဒီမှာအိပ်ရမှာဆိုတော့ ဒီအပင်ကြီးပေါ်မှာ လင့်စင်ထိုးကြမယ်'

'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်တို့မှာ မုဆိုးကြီးများနှင့်အတူ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် လင့်စင်ထိုးခဲ့ကြသည်။ အားလုံးမှာ ကျွမ်းကျင်လှသည့် မုဆိုးကြီးများဖြစ်၍ မကြာမီအချိန်အတွင်း လင့်စင်တစ်ခုထိုးပြီးသား ဖြစ်သွားခဲ့သည်။

ထိုသို့ဖြင့် ညနေချမ်းအချိန်သို့ ရောက်ရှိခဲ့သည်။

ကျွန်ုပ်နှင့် ခွန်ဝင်းနိုင်မှာ နှစ်ဦးသား လင့်စင်အောက်၌ စကားပြောနေခဲ့ကြသည်။

ကျွန်ုပ်တို့ ပြောဆိုသည်မှာ ဘခွေးအကြောင်းပင်ဖြစ်သည်။

'ဘခွေးကတော့ ပြောသားပဲ၊ ဒုတိယမြောက်ညကျ သူ အိပ်မက်မက်တဲ့အကြောင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ… ဆတ်မပစ်တဲ့ အဲဒီနေ့က ပြန်ခဲ့ရင် ဘဒွေး ဒီလိုဖြစ်မှာမဟုတ်ဘူး၊ သူ့အိပ်မက်အတိုင်းပဲ ဆတ်နဲ့ ဘဒွေးကို လဲလိုက်ရသလိုပဲ၊ ဘဒွေးကို တွေ့တောင် တွေ့ပါ့မလား မသိဘူး'

'ငါတို့ကလည်း ဆတ်ရဖို့ အဓိကဖြစ်နေတာကိုး၊ ဘဒွေး ပြောတဲ့စကားကိုမှ နားမထောင်တာ'

'အေးပေါ့ကွာ… အခုတော့ ဘဒွေးအတွက် ပူရသလို အပိုဒုက္ခတွေ တွေ့နေရပြီ'

'ဟုတ်တယ်ကွာ'

ထိုသို့ပြောနေစဉ် ဦးကြီးက…

'မောင်စိုင်းတို့နှစ်ယောက် လင့်စင်ပေါ်တက်တော့ဟေ့'

'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်တို့နှစ်ဦးမှာ စကားစပြတ်ကာ လင့်စင်ပေါ်သို့ တက်ခဲ့ကြသည်။

များမကြာမီအချိန်တွင် ဦးကြီးတို့အုပ်စုမှာလည်း လင့်စင်ပေါ်သို့ တက်လာခဲ့ကြသည်။

ဦးကြီးက…

'မောင်စိုင်း တို့ ဒီနေ့ညမှာလည်း သတိဝီရိယနဲ့ စောင့်ကြည့်ကြ'





'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်တို့မှာ မှဆိုးကျော်ကြီးများ ပါသဖြင့် များစွာ စိုးရိမ်စိတ်မရှိချေ။

သို့သော် သတိဝီရိယဆိုသည်မှာ ပိုသည်ဟုမရှိသဖြင့် ကျွန်ုပ်တို့မှာ ဂရုစိုက်ကာ စောင့်ဆိုင်းနေခဲ့ကြသည်။

ညဉ့်နက်လာသည်နှင့်အမျှ ပုစဉ်းရင်ကွဲအော်သံများ၊ ပုရစ်သံများ ကြားနေရသည်။

'ဝေါင်း…'

'ဝေါင်း…'

'ဝေါင်း…'ဟူသော ကျားဟိန်းသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့ အားလုံးမှာ မျက်စိပြူးကျယ်သွားခဲ့ကြသည်။

ဘယ်အရပ် ဘယ်ဒေသက ကျားကြီးများ ထွက်လာမလဲ ဟူသည့် စိုးရိမ်စိတ်ဖြင့် စောင့်ကြည့်နေသလို သေနတ်ကိုလည်း အသင့်ကိုင်ဆောင်ထားကြသည်။

သို့သော် ကျွန်ုပ်တို့၏ လင့်စင်အနားသို့ ကျားကြီး ရောက်မလာခဲ့ပေ။

ကျွန်ုပ်တို့ လင့်စင်ထိုးရာ အရပ်မှာ ချောက်ကမ်းပါးနှင့် အတန်ငယ်နီးနေသောကြောင့်ပင် တောကောင်များ ရောက်မလာခဲ့ခြင်းဖြစ်လေသလော မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးကို စောင့်ရင်း မိုးစင်စင်လင်းခဲ့ပြီ။

သည်ညအတွက် မည်သည့်အန္တရာယ်မျှမရှိဘဲ မိုးလင်းသွားပြီဖြစ်၍ လင့်စင်ပေါ်မှဆင်းကာ ဦးကြီးတို့အတွက် ထမင်းဟင်းချက်ခဲ့ကြသည်။

နံနက်စာစားပြီးချိန်တွင် ဦးကြီးမှ…

'ကိုင်း… လုပ်ငန်းစကြစို့'

'ဟုတ်ကဲ့ ဦးကြီး'

'ကျုပ်ရယ်၊ မောင်စိုင်းရယ်၊ ဦးမန်းခင်တို့သုံးယောက်က ဒီချောက်ထဲကို ဆင်းကြရမယ်၊ ဦးမန်းခင်က အရင်ဆုံးဆင်းပြီး မောင်စိုင်းက ဒုတိယဆင်းရမယ်၊ ပြီးရင် ကျုပ် လိုက်ခဲ့မယ်'

'ဟုတ်ကဲ့ ဦးကြီး'

ကျွန်ုပ်သည် ကျွန်ုပ်တို့ ဆင်းရမည့် ချောက်ကြီး (သို့မဟုတ်) လှိုဏ်ကြီးကို ငုံ့ကြည့်လိုက်ရာ ရင်ထဲ နွေးခနဲဖြစ်သွားပြီး ကြောက်စိတ်များ ဝင်လာခဲ့သည်။

'ဟယ်… ဘာခွေးအတွက်ပဲ'

ဤသို့ စိတ်တင်းကာ ချောက်ထဲဆင်းရန် စတင်လိုက်သည်။

ပထမဦးစွာ ဦးမန်းခင်၏ ခန္ဓာကိုယ်တွင် ကြိုးများနှင့် ချည်လိုက်သည်။





ဦးမန်းခင်က ထိုကြိုးကို တင်းတင်းကိုင်ကာ တောင်နံရံကို ခြေထောက်နှင့်ကန်ရင်း တောင်တက်သမားများ တောင်ဆင်းသည့်နှယ် ကျင်လည်စွာဆင်းသွားခဲ့သည်။

သူ့နောက်မှ ကျွန်ုပ် ဆင်းခဲ့သည်။

ကျွန်ုပ်၏ခန္ဓာကိုယ်တွင် ကြိုးများ ချည်နှောင်ပေးလိုက်သည်။

ကျွန်ုပ်လည်း ဦးမန်းခင်အတိုင်း ကြိုးကို ကျစ်ကျစ်ပါအောင်ကိုင်ရင်း တောင်ကမ်းပါးနံရံကို ခြေထောက်နှင့် ကန်ရင်းဆင်းခဲ့ရာ ကန်ချက်မှာ အရှိန်လွန်သွားပြီး လူတစ်ကိုယ်လုံး ချာလပတ်လည်သွားပါတော့သည်။

'ဟာ… အရှိန်လွန်ပြီး မထိန်းနိုင်တော့ဘူး'

ကျွန်ုပ် ကိုင်ထားသည့် လက်များမှာ ကြိုးမှလျှောကာ အောက်သို့ အရှိန်ခပ်ပြင်းပြင်းနှင့် ကျသွားပါတော့သည်။

'အမလေး… လုပ်ကြပါဦး'

ကျွန်ုပ်က ကြောက်လန့်တကြား အော်လိုက်ရာ ဦးမန်းခင်က အရင်ဆုံးရောက်နေသူပီပီ ကျွန်ုပ်အား လှမ်းဆွဲလိုက်သဖြင့် အဆင်ပြေသွားခဲ့သည်။

ဦးကြီးက နောက်ဆုံးဆင်းလာသူဖြစ်သည်။

ဦးကြီးမှာ ဝါရင့်မုဆိုးကျော်တစ်ဦးဖြစ်ပြီး တောင်တက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆင်း ကွမ်းကျင်လှသဖြင့် ကျင်လည်စွာ ဆင်းလာခဲ့သည်။

ကျွန်ုပ်တို့သုံးဦးစလုံး လျှိုကြီးအတွင်းသို့ ကောင်းမွန်စွာ ရောက်ရှိခဲ့သည်။ တောအတွင်း၌သာ တောလိုက်ခဲ့ဖူးသည့် ကျွန်ုပ်အဖို့ ဤလျှိုအတွင်းသို့ သွားရခြင်းမှာ ပထမဦးဆုံး အတွေ့အကြုံပင်ဖြစ်ပေသည်။

လျှိုကြီးကား တချို့နေရာများတွင် ကျယ်ဝန်းသကဲ့သို့ တချို့နေရာများတွင် လူတစ်ကိုယ်စာမျှ ဝင်နိုင်ရုံသာရှိသည်။ ထိုလျှိုထဲတွင် အပင်မျိုးစုံ ပေါက်လျက်ရှိသည်။

ကျွန်ုပ်တို့သည် ဘခွေး ကျသွားသည်ဟု ထင်ရသည့် လျှိုဘက်သို့ ဦးတည်၍သွားခဲ့ကြသည်။ လျှိုကြီးကား တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ တစ်နေရာသို့အရောက်တွင် ခပ်ပြေပြေဖြစ်သွားသည်။

ထိုလျှိုမြောင်လမ်းအတိုင်း နာရီပေါင်းများစွာ သွားခဲ့ရာ···

'ဟာ··· ပုပ်စော်နံလိုက်တာ အလွန်ပဲ'

ဦးမန်းခင်က အရင်ဦးဆုံး ပြောလိုက်ရာ ဦးကြီးက···

'ဟုတ်ပါရဲ့ဗျာ၊ တော်တော်နံတာပဲ'

အနံ့ဆိုးကြီးများ တထောင်းထောင်းထွက်နေသည်။ ထို





အနံ့ဆိုးကြီးများကြောင့် ကျွန်ုပ်ပင် အော်ကလီဆန်ကာ အန်ချင်သည့်စိတ်များ ဖြစ်ပေါ်လာခဲ့သည်။

ကျွန်ုပ်က ပါလာသည့် လက်ကိုင်ပဝါဖြင့် နှာခေါင်းကို စည်းလိုက်သည်။

ထို့နောက် လျှိုမြောင်၏ တစ်ဆစ်ချိုးအကွေ့သို့ ကွေ့လိုက်ရာ ရှေ့ခပ်လှမ်းလှမ်းတွင်···

'ဟာ··· အရိုးတွေ တောင်ပုံရာပုံပဲ'

ကျွန်ုပ်မှာ အရိုးများစွာကို တွေ့လိုက်ရသဖြင့် ဤသို့ အော်ပြောလိုက်သည်။

မှန်ပေသည်။

ကျွန်ုပ်တို့ရှေ့ ကိုက် ၅၀ ခန့်တွင် အရိုးများ တောင်လိုပုံနေသည်ကို တွေ့လိုက်ရသည်။

'တော်တော်များတဲ့ အရိုးတွေပဲ'

ဦးမန်းခင်က လှမ်းကြည့်ပြီး ဤသို့ပြောလိုက်သည်။

ဦးကြီးက လှမ်းကြည့်ပြီးနောက်···

'ကျုပ်တို့ အဲဒီအနားကို သွားကြည့်ရအောင်'

ဟု ပြောလိုက်ရာ ကျွန်ုပ်က မပြောဝံ့၍သာ လိုက်ခဲ့ရသည်။

လွန်စွာပုပ်စော်နံနေသည့် နေရာသို့ မသွားချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမန်းခင်နှင့် ဦးကြီးတို့နှစ်ဦးသား ရှေ့မှသွားရာ ကျွန်ုပ်မှာ နောက်မှလိုက်ခဲ့သည်။

ထိုအရိုးများကို ဦးကြီးက မရွံမရှာ ကိုင်ကြည့်ပြီး စုံထောက်သဖွယ် စစ်ဆေးနေခဲ့သည်။

'ဦးမန်းခင် ဒီအရိုးတွေဘက် ဆက်တို့ ချေတို့ အရိုးတွေပဲ၊ ဟိုဘက်မှာလည်း အရိုးတွေတပုံကြီးပဲ'

'ဟုတ်ပါ့ဗျာ၊ ဒီလောက်များတဲ့အရိုးတွေ ဒီနေရာမှာ စုပုံနေတာ ဆန်းတယ်'

'ဟုတ်ပါ့ဗျာ၊ အရိုးတွေက များလိုက်တာ၊ အနည်းဆုံး အကောင်တစ်ထောင်တောင် မကလောက်ဘူး'

'ဒီမှာ ဦးမန်းခင် ကျုပ်တို့တွေ့တဲ့အရိုးတွေထဲမှာ ဦးခေါင်းရိုး မတွေ့ပါလား'

ဦးကြီးက အရိုးများကို ကိုင်ကြည့်ပြီး တအံ့တသြပြောလိုက်သည်။

ထိုအခါကျမှ ကျွန်ုပ်လည်း အရိုးစုများကို သတိထား၍ ကြည့်မိသည်။

မှန်ပေသည်။

အရိုးစုများမှာ ခြေလေးချောင်းသတ္တဝါများ၏ ခန္ဓာကိုယ်မှ အရိုးများ၊ ခြေ၊ လက် စသည့် အရိုးများသာတည်း။





ဦးကြီး ပြောသကဲ့သို့ ထိုခြေလေးချောင်းသတ္တဝါများ၏ ဦးခေါင်းခွံဟူ၍ တစ်ခုမျှပင် မတွေ့ရချေ။

'ထူးဆန်းလိုက်တာ၊ ဒီအရိုးတွေသာ ဒီလောက်များတာ၊ ဦးခေါင်းခွံဆိုလို့ တစ်ခုမှတောင် မတွေ့ရပါလား'

'အဲဒါ အကြောင်းတစ်ခုခု ရှိမယ်'

'ဟုတ်တယ်၊ သတ္တဝါတွေ သေရင် ဦးခေါင်းခွံရိုးက တော့ ရှိမှာပဲ၊ ဘာကြောင့် ဦးခေါင်းခွံရိုး မရှိရတာလဲ'

'ဟုတ်တယ်၊ ဒီခြေလေးချောင်းသတ္တဝါတွေရဲ့ အရိုးတွေဟာ ဘာကြောင့် ဒီနေရာမှာ စုပုံနေရသလဲ'

ဦးကြီးနှင့် ဦးမန်းဝင်းမှာ အတိုင်အဖောက်ညီညီ စကားပြောရင်း ဤအရိုးစုများ၏ ပဟေဠိကို အဖြေညှိနေခဲ့ကြသည်။

'အရိုးစုတွေ ပုံနေတာဟာ အန္တရာယ်ရှိတယ်ဆိုတဲ့ အမှတ်အသားပဲ'

ဦးကြီးက ထိုသို့ ပြောလိုက်ရာ ဦးမန်းခင်က...

'ကိုကြီးစိုင်း ပြောတာ မှန်တယ်၊ ကျုပ်တို့ ရှေ့ဆက်ကြည့်ဦးမှပဲ'

'ဟုတ်တယ်၊ အရိုးတွေဘေးက ကပ်လျှောက်မှ'

ဦးမန်းခင်က ရှေ့ဆောင်သွားရာ ကျွန်ုပ်တို့နှစ်ယောက်မှာ နောက်ကလိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့အရောက်တွင် ကျွန်ုပ်တို့မှာ ဆက်သွား၍ မရတော့ချေ။

ကျွန်ုပ်တို့ ရောက်ရှိနေသည့် လှိုဏ်မြောင်းမှာ တုံးတိတိပြတ်နေသော လှိုဏ်ပြတ်ကြီးဖြစ်ပြီး ထိုမှ အောက်သို့ ပေငါးဆယ်ခန့်နက်ရှိုင်းသည့် လှိုဏ်ကြီးတစ်ခုကို ထပ်မံတွေ့လိုက်ရသည်။

'ကိုကြီးစိုင်းရေ ရှေ့ဆက်သွားလို့ မရတော့ဘူး'

'ဟုတ်ပါရဲ့၊ လှိုဏ်မြောင်းက ထပ်ပြီးနိမ့်ဆင်းသွားပြီ၊ ကြိုးနဲ့ထပ်ဆင်းမှ ရတော့မယ်'

ဦးကြီးက ဤသို့ပြောလိုက်ရာ ကျွန်ုပ်က…

'ဦးကြီး ဘဒွေး ကျသွားတဲ့လှိုဏ်နဲ့ နီးနေပြီလား မသိဘူး'

'အေး… တဘက်ပြာကလေးရှိတဲ့နေရာ လိုက်ကြည့်စမ်း'

ဦးကြီး ပြောသဖြင့် လှိုဏ်မြောင်းတစ်စက်ခန့်ရှိ ချုံပုတ်များကို လှမ်းကြည့်လိုက်ရာ ကံအားလျော်စွာ ဘဒွေး၏ တဘက်ပြာကလေးတင်နေသည့် ချုံပုတ်ကို လှမ်းတွေ့လိုက်ရသည်။

'ဦးကြီးရေ ဟိုခပ်လှမ်းလှမ်းက ချုံပုတ်ပေါ်မှာ တဘက်ပြာလေး တွေ့တယ်'

'ဟေ… ဟုတ်လား၊ အယ်မလဲ မှန်းစမ်း'





'ဟော… ဟိုမှာ'

ကျွန်ုပ်က တဘက်ပြာကလေးရှိသည့်နေရာသို့ ညွှန်ပြလိုက်ရာ…

'ဟုတ်ပြီ… တွေ့ပြီ၊ ငါလိုချင်တာ ဒါပဲ'

ဟူ၍ အော်ဟစ်လိုက်သည်။

ဦးကြီးမှာ တဘက်ပြာကလေးကို တွေ့လိုက်သဖြင့် ဝမ်းသာသွားပြီး…

'မောင်စိုင်းရေ… ကြိုးကို အသင့်ပြင်ဟေ့၊ ဒီလှိုဏ်ထဲ ငါ ဆင်းမယ်'

'ဟုတ်ကဲ့ပါ ဦးကြီး'

'ငါ အခု လှိုဏ်ထဲဆင်းပြီး ကိုပန်းအောင်ကို သွားရှာမယ်၊ တွေ့ရင် ကြိုးချည်ပေးလိုက်မယ်၊ မင်းနဲ့ ဦးမန်းခင်က ဆွဲတင်ပေတော့'

'ဟုတ်ကဲ့ ဦးကြီး'

ထိုသို့ပြောပြီး ဦးကြီးမှာ သူ့တစ်ကိုယ်လုံးတွင် ကြိုးချည်ကာ လှိုဏ်အောက်သို့ ဆင်းသွားခဲ့သည်။

ကျွန်ုပ်နှင့် ဦးမန်းဝင်းမှာ ဦးကြီးကို လှမ်းကြည့်ရင်း လှိုဏ်ပြတ်ထိပ်တွင် ရပ်လျက်နေခဲ့ကြသည်။

ဦးကြီးကို ကျွန်ုပ်တို့နှစ်ဦး လှမ်းမြင်နေရသည်။ ဦးကြီး

အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည် တဘက်ပြာကလေးရှိသည့်နေရာအောက်တည့်တည့်သို့ ရောက်ရှိသွားသည်။

ထိုနေရာရှိ သစ်ပင်ပုများ၊ ချုံပုတ်များကို ဖယ်ရှားရင်း…

'ကိုပန်းအောင်ရေ… ကိုပန်းအောင်'

'ကိုပန်းအောင်ရေ… ကိုပန်းအောင်'

ဟူ၍ အော်ဟစ်ခေါ်ကာ တောနင်းရှာဖွေခဲ့သည်။

သို့သော် ဦးပန်းအောင်၏အရိပ်အခြေကိုမျှလည်းကောင်း၊ အသံတစ်စုံတစ်ရာကိုမျှလည်းကောင်း မမြင်ရ၊ မကြားခဲ့ရပေ။

ဦးကြီးမှာ စိတ်မလျှော့ဘဲ အရှေ့သို့သွားကာ ရှာပြန်သည်။

ကျွန်ုပ်တို့မှာ အမြင့်မှကြည့်နေသည့်အတွက် ဦးကြီးမှာ တစ်ခါတစ်ခါတွင် ချုံပုတ်များနှင့် ကွယ်သွားသဖြင့် ပျောက်သွားသလို တစ်ခါတစ်ခါတွင် သူ့ကို လှမ်းမြင်ရသည်။

ဦးကြီးကလည်း နက်လှစွာသော လျှိုကြီးထဲသို့ရောက်ရန် မလွယ်ကူသော်လည်း ညီအစ်ကိုရင်းတမျှ ချစ်ခင်လှသည့် ဘဒွေး၏ အသက်နှင့်ရင်းရသည့်ကိစ္စ ဖြစ်နေသဖြင့် အားကြိုးမာန်တက် လိုက်ရှာနေခဲ့သည်။

ဤလျှိုကြီးထဲသို့ ဆင်းရသည်မှာ နက်လွန်းသဖြင့် တစ်





ကြိမ်တည်းနှင့် ဆင်း၍မရပေ။ ယခုကဲ့သို့ နှစ်ကြိမ်မျှ ဆင်းမှသာ ရောက်ပေသည်။

ဤလျှိုကြီးသို့ ဆင်းရသူသည်လည်း အသက်အန္တရာယ်နှင့်ရင်းကာ ဆင်းရခြင်းဖြစ်ပေသည်။

ကျွန်ုပ်မှာ…

'ဘဒွေးကို ပြန်တွေ့ပါစေ'

ဟူ၍ အကြိမ်ကြိမ် ဆုတောင်းနေမိသည်။

ဘဒွေးကို ပြန်တွေ့မှသာလျှင် ကျွန်ုပ်၏ချစ်သူအတွက် မျက်နှာပန်းလှပေမည်။ ဘဒွေးကိုသာ မတွေ့ရပါမူ ဤကိစ္စကို မည်သို့ရှင်းရမှန်းပင် မသိတော့ချေ။

ကျွန်ုပ်နှင့် ဦးမန်းခင်တို့နှစ်ဦးမှာ လျှိုတစ်ဝက်ရှိ ကျောက်အစွန်းတွင် ထိုင်ကာ ဦးကြီးကို စောင့်နေခဲ့ကြသည်။ ဦးကြီးကလည်း သူများ၏အပြောကို လုံးဝခံချင်သူမဟုတ်ပေ။ ဦးပန်းအောင်ကို ရအောင်ရှာမည်ဟူသည့် ဆုံးဖြတ်ချက်နှင့် သဲကြီးမဲကြီး ရှာနေခဲ့သည်။

ဦးကြီးမှာ ဖွဲနပဲကြီးစွာ ရှာဖွေခဲ့ရာ ညနေသုံးနာရီခန့် အချိန်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်မှ ဦးကြီးတစ်ယောက် ပြန်ရောက်လာခဲ့သည်။

'ဦးကြီး ဘဒွေးကို မတွေ့ခဲ့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်အောက်တွင် ရောက်နေသည့် ဦးကြီးကို လှမ်းအော်၍ မေးလိုက်ရာ ဦးကြီးက…

'မတွေ့ဘူးဟေ့'

ဟူ၍ လှမ်းအော်ပြောလိုက်သည်။

ဘခွေးကို တွေ့ရမည်ဟူသည့် စိတ်နှင့် စောင့်ဆိုင်းနေခဲ့သမျှ ဦးကြီးထံမှ မတွေ့ရဘူးဟူ၍ ပြောလိုက်သည့်စကားသံကို ကြားရသောအခါ ကျွန်ုပ်ပင် စိတ်အားလျော့သွားခဲ့သည်။

သည်တွင် ဦးမန်းခင်က…

'မောင်စိုင်းရေ မင်းဦးကြီးကို ရအောင်ဆွဲတင်ရအောင်ကွာ'

ဟု ပြောလိုက်သည်။

'ဟုတ်ကဲ့ ဦးမန်း'

ဟု ဆိုကာ ဦးကြီးကို ကျွန်ုပ်တို့နှစ်ဦးက ဆွဲတင်ခဲ့ကြသည်။

'ဟင်း… မောလိုက်တာ'

ဦးကြီးမှာ အသက်ခြောက်ဆယ်ကျော်အရွယ်ဖြစ်၍ လွန်စွာ မောပန်းနေသည်။

ကျွန်ုပ်တို့မှာ ထိုနေရာတွင် ခေတ္တနားပြီး ဦးကြီးကို အမောဖြေစေခဲ့သည်။

အိုယွန်းယှဉ်စာပေ



'နေမဝင်ခင် ပြန်မှဖြစ်မယ်'

'ဟုတ်တယ် ဦးကြီး'

ကျွန်ုပ်တို့သုံးယောက်မှာ မုဆိုးတောကြီးသုံးဦးနှင့် ခွန်ဝင်းနိုင်တို့ စောင့်နေသည့် လှိုဏ်ဆီသို့ ဆက်သွားခဲ့သည်။ ထိုမှ ၎င်းတို့အကူအညီဖြင့် ချောက်ကမ်းပါးပေါ်သို့ တက်ခဲ့ကြသည်။

ချောက်ကမ်းပါးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ခွန်ဝင်းနိုင်က…

'ဦးကြီး ဘခွေးကို မတွေ့ခဲ့ဘူးလား' ဟု လှမ်းမေးလိုက်သည်။

ဦးကြီးက ခေါင်းတယမ်းယမ်းဖြင့်…

'မတွေ့ခဲ့ပါဘူး ခွန်ဝင်းနိုင်ရယ်'

ထို့နောက် ဦးကြီးနှင့် ဦးမန်းခင်က လှိုဏ်ထဲတွင် တွေ့ခဲ့ရသည့် ခေါင်းမပါသည့် အရိုးစုများ တောင်လိုပုံနေသည့်အကြောင်းကို မုဆိုးကျော်များကို ပြောပြခဲ့သည်။

'ကျုပ်တို့သွားတဲ့ လှိုဏ်ကြီးတစ်ဝက်လောက်မှာ ခြေလေးချောင်းရှိတဲ့ တိရစ္ဆာန်တွေရဲ့ အရိုးတွေ အများကြီးပဲတွေ့ခဲ့ရတယ်၊ အရိုးတွေ ဘယ်လောက်များသလဲဆိုရင် တောင်လိုပုံနေတယ်၊ ကျုပ်တို့တောင် အဲဒီနံဘေးကကပ်ပြီးသွားရတယ်၊ ပုပ်စော်နံလိုက်တာလည်း လွန်ပါရောဗျာ'

အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'ဘာကြောင့် တိရစ္ဆာန်တွေရဲ့ အရိုးတွေ အများကြီး အဲဒီမှာ ရှိနေတာလဲ'

'ဒါတော့ ကျုပ်လည်း မသိဘူး၊ ဒီထက်ထူးဆန်းတာကတော့ အဲဒီအရိုးတွေထဲမှာ ဦးခေါင်းခွံ တစ်ခုမှမရှိဘူး'

'အဲဒါ ဘာကြောင့်လဲ'

ထိုသို့ လူကြီးတစ်စုက စဉ်းစားနေစဉ် ခွန်ဝင်းနိုင်က…

'ဒါဆိုရင် အဲဒီ တိရစ္ဆာန်တွေရဲ့ ဦးခေါင်းကို ဖြတ်ပြီးမှ လျှို့ထဲပစ်ချသလားမှ မသိတာ'

ရှူးကြောင်ကြောင်နှင့် ဝင်ပြောလိုက်ရာ…

'ဟုတ်တယ်၊ ဘယ်သူက ခေါင်းဖြတ်မှာလဲ၊ စဉ်းစဉ်းစားစား ပြောပါဦး'

ဟူ၍ ကျွန်ုပ်က ဝင်ပြောလိုက်မှ ဦးကြီးက…

'ခွန်ဝင်းနိုင်ရေ လူကြီးတွေရဲ့ အတွေးကို ပျက်အောင် လျှောက်မပြောနဲ့'

ဟူ၍ ဟန့်တားလိုက်သည်။

ကျွန်ုပ်တို့မှာ ထိုအရပ်တွင် နေဝင်သွားပြီဖြစ်၍ သည်ညအဖို့ လင့်စင်ပေါ်တွင် တစ်ညအိပ်ရန် ဆုံးဖြတ်လိုက်သည်။

❑ ❑ ❑



အခန်း (၁၀)

## လောကကြီး၏ မာယာ

နံနက်လင်း အရုဏ်ကျင်း၍ ရောင်နီပေါ်လာခဲ့ပြီ။

ကျွန်ုပ်တို့အုပ်စုလည်း ရွာသို့ပြန်ရန် အသင့်ပြင်လိုက်ကြသည်။ သေနတ်ထမ်းသူထမ်း၊ ပစ္စည်းကိရိယာများကိုထမ်းသူထမ်းနှင့် မျက်နှာမလှသည့် အိမ်အပြန်ခရီးကို စတင်ခဲ့ပြီ။

မုဆိုးသက်တမ်းတစ်လျှောက် ဦးကြီးမှာ အမဲမရသော တောလိုက်ခြင်းပင် ဖြစ်ပေသည်။

ရွာထိပ်ကိုရောက်သည်နှင့် ရွာသူရွာသားများက အပြေးအလွှား ရောက်လာပြီး…

'ဦးပန်းအောင်ကို တွေ့ခဲ့လား'

ဟူသည့် မေးခွန်းများကို မေးလိုက်သည်။ သူတို့ကလည်း ဦးပန်းအောင်အကြောင်း စိတ်ဝင်စားကာ အလွန်သိချင်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က လက်ခါပြရင်း…

'မတွေ့ခဲ့ဘူး'

ဟူ၍ ပြန်ဖြေလိုက်သည်။ ထိုသို့ဖြင့် ဦးကြီး၏အိမ်သို့ ရောက်ခဲ့ကြသည်။

မှားမကြာမီ ဒေါ်နန်းတွဲနှင့် စောနန်းခမ်းနှင့်အတူ ဆွေမျိုးတစ်စုသည် ဘဒွေး၏အိမ်သို့ ရောက်ရှိလာခဲ့သည်။

'ကိုပန်းအောင်ကို မတွေ့ခဲ့ဘူးလား ကိုကြီးစိုင်း'

'ဟုတ်တယ် နန်းတွဲရယ်၊ ငါလေ ဟိုးချောက်ထဲအထိ နစ်ဆင့်ဆင်းပြီး ရှာခဲ့ပါတယ်၊ ဒါပေမဲ့ ကိုပန်းအောင်ကို လုံးဝ ရှာမတွေ့ခဲ့ဘူး'

ဟူ၍ ရှင်းပြလိုက်ရာ ကျွန်ုပ်ကလည်း…

'ဟုတ်ပါတယ်၊ လျှိုတစ်ဝက်အထိ ကျွန်တော်ပါ လိုက်သွားတယ်၊ ဟိုးအောက်ဆုံးကိုတော့ ဦးကြီးတစ်ယောက်တည်း ဆင်သွားပြီး ရှာခဲ့တာ'

ဟူ၍ ထောက်ခံရှင်းပြလိုက်သည်။

ကျွန်ုပ်၏ စကားအဆုံးတွင် ဒေါ်နန်းတွဲမှာ…

'အမလေး ကိုပန်းအောင်ရဲ့၊ သေရင်လည်း အလောင်းတွေ့ရမယ်၊ ရှင်ရင်လည်း လူကိုတွေ့ရမယ်၊ အခု ဘာမှမတွေ့ရတော့ သေသလား ရှင်သလား မသိရဘူး၊ ကျုပ် ဘာလုပ်ရမလဲ၊





ဆွမ်းပဲသွပ်ရမလား၊ ဒါမှမဟုတ်ရင် ဘာလုပ်ရမလဲ၊ ပြောစမ်းပါ ကိုပန်းအောင်ရဲ့'

ဟူ၍ အော်ဟစ်ငိုယိုနေပါတော့သည်။

ဦးကြီးမှာ လွန်စွာ စိတ်မချမ်းသာသည့်အလား ဘာစကားမျှမပြောဘဲ ငူငူကြီးထိုင်နေခဲ့သည်။

ကျွန်ုပ်မှာ မည်သို့မျှမနေနိုင်ဘဲ…

'အဒေါ် ကျွန်တော့်စိတ်ထင် ပြောရရင် ဘဒွေး မသေလောက်ဘူး၊ ဒဏ်ရာရပြီး တစ်နေရာရာကိုများ ရောက်သွားသလားမှ မသိတာ'

ဟူ၍ အားပေးစကားပြောလိုက်ရာ စောနန်းခမ်းကလည်း…

'ဟုတ်တယ် အဒေါ်ရဲ့၊ ဘဒွေး မသေဘဲ ဒဏ်ရာရသွားတာလောက်ပဲ ဖြစ်မယ်၊ အဲဒါကို တခြားက မုဆိုးတွေ တွေ့လို့ ခေါ်သွားသလားမှ မသိတာ'

'အေး… အဲဒီလိုပဲဖြစ်ပါစေလို့ ငါ ဆုတောင်းတာပဲ'

သည်တော့မှ ဒေါ်နန်းတွဲက အငိုရပ်သွားခဲ့သည်။

'ကဲ… ကဲ… အဒေါ်တို့လည်း ပြန်တော့၊ ညနေမှ ကျွန်တော် လာပြီး တောထဲတအတွေ့အကြုံကို ရှင်းပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး… လာခဲ့ပါဦးကွယ်'

'ဟုတ်ကဲ့ အဒေါ်'

ဒေါ်နန်းတွဲနှင့် ကျွန်ုပ်၏ချစ်သူ စောနန်းခမ်းတို့နှစ်ဦး ပြန်သွားခဲ့သည်။

ကျွန်ုပ်မှာ ရေချိုးပြီးနောက် ဒေါ်နန်းတွဲဆီသို့ သွားခဲ့သည်။

ဒေါ်နန်းတွဲမှာ ကျွန်ုပ် လာသည်နှင့်…

'မောင်စိုင်း… လာပါ… လာပါ၊ အဒေါ် မင်းကို မျှော်နေတာ'

'ဟုတ်ကဲ့ အဒေါ်'

'လာပါ… လာပါ… ခေါင်းရင်းမှာ ထိုင်ပါကွယ်'

ကျွန်ုပ်အား နေရာထိုင်ခင်းပေးကာ သူမ သိလိုသမျှကို မေးမြန်းခဲ့တော့သည်။

ကျွန်ုပ်မှာ လုံးဝလိမ်လည်မပြောတတ်သူဖြစ်၍ ပထမ ဦးဆုံး ဘဒွေး ပါသည့် တောလိုက်စဉ် ဖြစ်ပျက်ခဲ့သမျှအားလုံး ကို အမှန်အတိုင်း ပြောလိုက်သည်။

'ကျွန်တော်တို့ တောအုပ်ထဲဝင်ပြီး နောက်မှာ ပထမဦး ဆုံး ထူးခြားဖြစ်စဉ်ကတော့ ငှက်ဆိုးတစ်ကောင်က ဘဒွေးရဲ့ မျက်နှာကို ရိုက်လိုက်တာပဲ'





'ဟေ… ဟုတ်လား'

'ဦးကြီးက နိမိတ်မကောင်းဘူးလို့ ပြောပြီး ခဏနားနိုင်း တယ်၊ ဒါပေမဲ့ ဘဒွေးက ငှက်သားပေါက်ချိန် အသိုက်နားကို သွားလို့ဖြစ်တာ ကိစ္စမရှိဘူးလို့ ပြောလိုက်တယ်'

'ဩော်… ဩော်…'

'အဲဒီညမှာ ထူးခြားမှုတစ်ခုဖြစ်တယ်၊ ဆတ်တွေဟာ ကြစ်ကွင်းမှာ ကြစ်စာတွေမစားခင် မကောင်းဆိုးဝါးညည်းသံကြီး ကို ကြားရတယ်'

'ဘယ်လို… ဘယ်လို…'

'မကောင်းဆိုးဝါး ညည်းသံကြီး ကြားရတာ ကျွန်တော် ဖြင့် ရင်တောင်တုန်တယ်၊ အဲဒီအသံတွေဟာ ပဲ့တင်သံတောင် ကြားရတယ်'

ကျွန်တော်က မှန်တာပြောပေမယ့် ပုံကြီးချဲ့သွားသလား မသိပါ။

ဒေါ်နန်းတွဲတို့အုပ်စုပင် ကြောက်လန့်သွားခဲ့သည်။

'အမလေး… မကောင်းဆိုးဝါး ညည်းသံ၊ ဟုတ်လား၊ ကြောက်ဖို့ကောင်းလိုက်တာ၊ ဒါဆို တောခြောက်တာပေါ့'

'ဒါတင် ဘယ်ကမလဲ၊ ပေါင်လုံးလောက်ရှိတဲ့ မြွေကြီး က ဘယ်ကပေါ်လာမှန်း မသိဘူး၊ လင့်စင်ကိုတိုက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



လင့်စင်တောင် တုန်သွားတယ်၊ မြွေကြီးကိုယ်က အကွက်အကွက်တွေက သစ်ပင်က အမြေးကွက်အတိုင်းပဲ'

'ဟေ... ဟုတ်လား'

'အဲဒီမြွေကြီးက ဆတ်တစ်ကောင်ကို ရစ်ပတ်ပြီး ဆွဲသွားတာ မြန်မှမြန်ပဲ၊ အဲဒီညက မြွေကြီးကြောင့် ဆတ်တွေ လန့်ပြေးပြီး ဆတ်တစ်ကောင်မှ မရတော့ဘူး'

'ဟေ... ဟုတ်လား'

ထိုသို့ဖြင့် နောက်တစ်နေ့ညတွင် အဝတ်မည်းကြီးဝတ်ကာ ဆံပင်ဖားလျားချထားသည့် မကောင်းဆိုးဝါးမကြီးသုံးယောက်နှင့်တကွ စိမ်းလဲ့လဲ့အရောင်ထွက်နေသည့် ကျားကြီးအကြောင်းလည်း ပြောခဲ့မိသည်။

နောက်တစ်နေ့တွင် တချို့က နတ်ကျား၊ နတ်မြွေဟု ပြောကာ ငြင်းခုံခဲ့ကြသည့်အကြောင်းကို ဆက်ပြောမိသည်။

'အဲဒီအချိန်မှာ ဘဒွေးက ပြောတယ်။ သူ့ အိပ်မက်တဲ့အကြောင်း အဲဒီအိပ်မက်ထဲက လူမည်းကြီးက မင်းတို့ထဲက တစ်ယောက် နေခဲ့ရမယ်လို့ပြောလို့ အဲဒီညမှာ ဆက်မစောင့်ဘဲ ဘဒွေးက ပြန်ဖို့ပြောတယ်၊ ဦးကြီးက ဘာတိရစ္ဆာန်မှမရဘဲပြန်ရင် သိက္ခာကျမယ်ဆိုပြီး ပြန်မယ် မပြန်ဘူး ဖြစ်ခဲ့ကြတယ်၊ ဒါပေမဲ့ အဲဒီညက မပြန်ဖြစ်ခဲ့ဘူး၊ အဲဒီညမှာပဲ ဦးကြီးပစ်တာ





ဆတ်ကြီးတစ်ကောင်ရတယ်၊ ဘဒွေး ပစ်တဲ့ ဆတ်က ဒဏ်ရာရပြီး ပြေးသွားတယ်'

ထို့နောက် ဘဒွေး ကျန်ရစ်ခဲ့သည့်အကြောင်းကို ဆက်ပြောပြခဲ့သည်။

ကျွန်ုပ်က အမှန်တရားကို တစ်ခုမှ မခြွင်းမချန် တင်ပြခဲ့သည်။

သည်တွင် ဒေါ်နန်းတွဲက...

'ဒါဆိုရင် ကိုပန်းအောင်က အိပ်မက်မကောင်းလို့ ပြန်ချင်တယ် ပြောတာကို ကိုကြီးစိုင်းက လက်မခံဘဲ ဆက်နေတာပေါ့၊ ဟုတ်လား'

'ဟုတ်တယ်၊ သူက မုဆိုးတွေ တောလိုက်ပြီး သားကောင်မရဘဲပြန်ရင် သိက္ခာကျတယ်လို့ပြောတာ၊ ကျွန်တော်တို့ကလည်း မပြန်ချင်လို့ ဝိုင်းပြောတော့မှ အဲဒီည ဆက်နေဖြစ်သွားတယ်'

'နင်တို့ ဆက်ပြီးနေလို့ ငါ့ယောက်ျား သေရတာပေါ့၊ ဟုတ်လား'

'ဟင်...'

ကျွန်ုပ်မှာ ကိုယ့်စကားကြောင့် ကိုယ့်ရှုးကိုယ်ပတ် ဖြစ်သွားခဲ့သည်။

'နင်တို့ ကိုကြီးစိုင်းတို့သာ ငါ့ယောက်ျားရဲ့ စကားကို

www.burmeseclassic.com



နားထောင်ခဲ့ရင် ငါ့ယောက်ျား အခုလို အဖြစ်ဆိုးနဲ့ တိုးမှာမဟုတ်ဘူး၊ ငါ့မှာလည်း ဒီလောက်ဒုက္ခပင်လယ် မဝေဘူး၊ အခုတော့ ငါ့ယောက်ျားမှာ သေသလား ရှင်သလားမသိ ဖြစ်နေပြီ’

ပြောလိုက် ငိုလိုက်နှင့် ဒေါ်နန်းတွဲက ကျွန်ုပ်အား ရန်တွေ့လိုက်သည်။ သည်တွင် ဒေါ်နန်းတွဲနှင့် ဘဒွေး၏ အမျိုးများက…

‘ဒါဆိုရင် မင်းတို့ တူအရီးနှစ်ယောက်ရဲ့ အမှားကြောင့် ဒီလိုဒုက္ခရောက်ရတာပေါ့’

မှတ်ချက် ။ ။ ကျွန်ုပ်နှင့် ဦးကြီးမှာ ဦးလေးတစ်ဝမ်းကွဲ တော်စပ်သည်။

‘ဖြစ်မှဖြစ်ရလေကွာ၊ မကောင်းဆိုးဝါး ညည်းသံကြားတာတောင် ဆက်ပြီး ဆတ်ကိုစောင့်သတဲ့၊ ဆတ်ကအဖိုးတန်သလား လူက အဖိုးတန်သလား’

ဘဒွေး၏ ဆွေမျိုးများက ဒေါ်ကြီးမောကြီးနှင့် မေးလိုက်သည်။

ကျွန်ုပ်မှာ ချောင်ပိတ်ရိုက်ခံရသူပမာ…

‘ကျွန်တော်တို့လည်း ဒီလိုဖြစ်မယ်မှန်းမှ မသိတာ၊ ဒီလိုဖြစ်မယ်မှန်းသိရင် တစ်စက္ကန့်တောင် မနေဘူး’

‘ခုမှ ဒီစကားပြောရလား၊ နဂိုကတည်းက ဒီလောက်





တောခြောက်နေမှတော့ တစ်ယောက်ယောက် ဒုက္ခရောက်မယ်မှန်း သိရမှာပေါ့၊ မင်းတို့က ကျောချမ်း စားပြမှန်းသိတဲ့ဟာတွေ’

တဖြည်းဖြည်းနှင့် အပြောအဆို ရိုင်းလာကြသည်။ ကျွန်ုပ်မှာ အမှန်တရားကို ဆက်ပြီးရှင်းပြခွင့် မရတော့ပေ။

‘ကိုကြီးစိုင်းနဲ့ ကိုပန်းအောင်တို့ အတူတူတောလိုက်ရင်း မကျေနပ်တာ တစ်ခုခုရှိလို့နေမှာပေါ့၊ အခုလို အခွင့်ရတုန်း လုပ်ချလိုက်တာနေမှာ’

‘ဟုတ်တယ်၊ ဟိုကောင်လေး ပြောသွားတဲ့ စကားထဲက စကားနောက် တရားပါဆိုသလို ဖြစ်နေပြီ၊ ကိုပန်းအောင်က နိမိတ်မကောင်းလို့ ပြန်ချင်တယ်လို့ ပြောတာကို လူယုတ်မာနှစ်ယောက်က ပေးမပြန်လို့ ဒီပြဿနာဖြစ်ရတာ’

‘ဟုတ်တယ်၊ သေရမှာက စိုင်းနှစ်စိုင်းပဲ၊ အခုတော့ ကျုပ်တို့ ကိုပန်းအောင်က သက်သက် စားစာခံဖြစ်သွားတာ’

တစ်ဖက်သတ် စွပ်စွဲချက်အမျိုးမျိုးနှင့် ကျွန်ုပ်တို့ တူဝရီးမှာ လိမ့်နေအောင် ခံခဲ့ရသည်။

ဦးကြီးကလည်း ဤသို့ သွားပုပ်လေလွင့် စကာမျိုး ပြောသံကြား၍ ဤသို့ မေးမြန်းခဲ့ရာ…

‘နေစမ်းပါဦး… ဒီစကားကို ဘယ်သူပြောတာလဲ’

‘အဲဒီစကားကို ခင်ဗျားရဲ့တူ စိုင်းဆမ်တစ်ကိုယ်တိုင်ပြောတာ’



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သူက ဒီလိုပြောလား'

ရှုပ်ကုန်ပြီ။

အားလုံး ရှုပ်ကုန်ပြီ။

ကျွန်ုပ်မှာ နှစ်ဖက်အမျိုးများကြားတွင် ဒုက္ခလှလှတွေ့လေပြီ။

ဦးကြီးနှင့် ကြီးတော် ဒေါ်အေးလှကလည်း ဤသို့ပြောသဖြင့် ကျွန်ုပ်ကို စိတ်ဆိုးခဲ့သည်။

စောနန်းခမ်းတို့ အမျိုးအုပ်စုကလည်း ဦးကြီး၏တူဖြစ်ပြီး ဤအမှုကို တစ်ကျိတ်တည်း တစ်ဉာဏ်တည်းလုပ်သည်ဟု စွပ်စွဲကာ ကျွန်ုပ်၏ချစ်သူနှင့် တွေ့ခွင့်မပေးတော့ချေ။

ကျွန်ုပ်၏ မိခင်ကြီးက ဤမျှရှုပ်ထွေးသွားသည့် ဘဒ္ဒေးကိစ္စနှင့် ပတ်သက်၍…

'သားရယ် ဘာဖြစ်လို့ အမှန်အတိုင်း ပြောရတာလဲ'

'အမေပဲ ပြောတယ်၊ အမှန်အတိုင်းပြောဆို၊ ဒါကြောင့် သားလည်း အမှန်အတိုင်းပြောလိုက်တာပဲ'

'ခက်တာပဲ သားရယ်၊ လောကကြီးက မာယာများတယ်၊ အမှန်အတိုင်း ပြောတာမှန်ပေမယ့် လူတွေက အမှန်အတိုင်း မတွေးကြဘူး၊ ကိုယ်လိုတာဆွဲပြီးတွေးတော့ အားလုံး မကောင်းဖြစ်ကုန်တာပေါ့'





'ခက်တာပဲ အမေရယ်၊ ကျွန်တော်လည်း ဒီလိုဖြစ်မယ်မှန်းမသိလို့ ပြောမိတာပါ'

'အမှန်အတိုင်းပြောဆိုပေမယ်လို့ ချန့်သင့်တဲ့စကားကို ချန်ပြောရတယ်'

'မသိပါဘူး အမေရယ်၊ လောကကြီးကပဲ မာယာများတာလား၊ လူတွေကပဲ ကွေ့ကွေ့ကောက်ကောက် တွေးတာလားဆိုတာ ကျွန်တော်လည်း မသိဘူး အမေ'

'ဟင်း… ဒီတစ်ယောက်နဲ့တော့ ငါတော့ ဒုက္ခပါပဲ'

ကျွန်ုပ်ဟာ အမေ့ရဲ့ ဒုက္ခအိုးကလေးဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## စုပ်လည်း ဆူး၊ စားလည်း ရှူး

ကျွန်ုပ်မှာ အများတစ်ခုကိုမျှ မလုပ်ရဘဲ ဆွေမျိုးနှစ်စု ကြားတွင် အမုန်းခံသတ္တဝါတစ်ကောင်သဖွယ် ဖြစ်ခဲ့ရသည်။

ကျွန်ုပ်ပဲ ကံဆိုးတာလား။

ဘဒွေးပဲ ကြမ္မာဆိုးနှင့် ကံဆိုးမိုးမှောင်ကျခဲ့သူလား။

သည်လိုတွေးရင်း ဘယ်လိုမျှမနေနိုင်အောင်ဖြစ်မိ၍ ရွာလယ်က ဘကြီးဖြိုးဆီသို့ သွားခဲ့သည်။

ဤတွင် ဘကြီးဖြိုးက သူ ကြားသိထားသည့် ဘဒွေး၏ သတင်းကိုမေးရာ ကျွန်ုပ်က အမုန်တရားကို ပြောပြန်သည်။ ထိုအခါ ဘကြီးဖြိုးကလည်း သူ၏ထင်မြင်ချက်ကို ဆွေးနွေးခဲ့သည်။

'အင်း… ပြောရရင်တော့ တောထဲတောင်ထဲမှာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်မှာနေတဲ့ ရုက္ခစိုးနတ်၊





ဘုမ္မာဒေဝ ဘုမ္မစိုးနတ်ဆိုတာ ရှိတယ်ကွယ့်၊ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးအနက် ကုဝေရနတ်မင်းကြီးဟာ မြင်းမိုရ်တောင်ရဲ့ မြောက်ဘက်နံပါးမှနေပြီး နတ်ဘီလူးများကို အုပ်ချုပ်တယ်လို့ အဆိုရှိတယ်ကွ၊ ဒါ့အပြင် လူပြည်က မြေကြီးနဲ့ ဆက်နွယ်နေတဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်၊ ကိုယ်စောင့်နတ်၊ နတ်ဘီလူး၊ ဂုမ္ဘဏ်ယက္ခိုက်၊ ဂန္ဓဗ္ဗ စတဲ့ နတ်တွေ၊ ဇော်ဂနီ၊ စုန်း၊ ဝေမာနိကပြိတ္တာတို့ဟာ စတုမဟာရာဇ်နတ်မင်းကြီး၏ လက်အောက်ခံတွေဖြစ်တယ်လို့ ကျမ်းစာမှာ ဖော်ပြထားတယ်ကွယ့်'

'ဟုတ်ကဲ့ပါ ဘကြီးဖြိုး'

'အေး… တောစောင့်နတ်၊ တောင်စောင့်နတ်များဟာ တစ်ခါတစ်ရံမှာ တောထဲကို ရောက်နေသူများကို မကြိုက်ရင် နိမိတ်ပြတတ်တယ်တဲ့၊ အခု ငှက်ဆိုးက မောင်ပန်းအောင်ရဲ့ မျက်နှာကို ရိုက်တာ မကောင်းဖြစ်မယ်၊ ပုဗ္ဗနိမိတ်ဖြစ်ပုံရတယ်'

'ဟုတ်ကဲ့ပါ ဘကြီးဖြိုး'

'နောက်တစ်ခုက ကြစ်ကွင်းတွေ လာစားတဲ့ တိရစ္ဆာန်တွေကို ပစ်ရင် တောစောင့်နတ်များ မကြိုက်ဘူးလို့ ရှေးလူကြီးများ အဆိုရှိသကွယ့်၊ ဒါကြောင့် တချို့မုဆိုးတွေဟာ ကြစ်ကွင်းကို ရှောင်ကြတယ်၊ ဒါကတော့ ရှေးအယူအဆပေါ့၊ ဒါပေမဲ့ တချို့



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတွေကတော့ အယူအဆမရှိဘူး၊ ဘကြီးဖြိုးရဲ့ အယူအဆကို ပြောရရင် ကြစ်ကွင်းက ဆားတွေကို ဆတ်တို့ ချေတို့ သမင်တို့က အင်မတန်ကြိုက်တာ၊ ပြီးတော့ ဆားဓာတ်ဟာ သူတို့အတွက် အလွန်လိုအပ်တာမို့ ဒီကောင်တွေက အန္တရာယ်ရှိမှန်းသိပေမယ့် လာစားကြတယ်၊ အဲဒါကို တောမုဆိုးဖြစ်တဲ့ ကျားတို့ ခြသေ့်တို့က သိတယ်၊ ကြစ်ကွင်းကိုလာတဲ့ တိရစ္ဆာန်တွေကို သူတို့က အဲဒီ စားနေတဲ့အချိန်မှာ ကိုက်စားတတ်တယ်၊ တိရစ္ဆာန်တွေဟာ အခြားအချိန်မှာ သတိရှိသလောက် ဆားကိုစားနေတဲ့အချိန်မှာ သတိမရှိဘူး၊ ဒါကြောင့် တောမုဆိုးရှိတဲ့အရပ်ကို လူမုဆိုးတွေက ရှောင်ရတယ်၊ သူတို့က အရင်ရောက်ပြီး ကိုက်မှတော့ တိရစ္ဆာန်တွေက ပြေးပြီပေါ့၊ ဘယ်ရတော့မလဲ၊ မင်းတို့လည်း ဒီလိုဖြစ်ပုံရတယ်'

'ဟုတ်မယ်. ဘကြီးဖြိုးရဲ့'

'မင်းပြောတာ ရှိသေးတယ်၊ မကောင်းဆိုးဝါး ညည်းသံကြားရတယ်ဆိုရင်လည်း မုဆိုးတွေအတွက် နိမိတ်မကောင်းဘူး'

'အဲဒါ ဘာဖြစ်လို့လဲ ဘကြီးဖြိုးရဲ့'

'တောထဲတောင်ထဲမှာ သေပြီး မကျွတ်မလွတ်ဖြစ်တဲ့ မကောင်းဆိုးဝါးတွေ ရှိချင်ရှိမှာပေါ့၊ သူတို့ ညည်းတယ်ဆိုတဲ့ အကြောင်းအမျိုးမျိုးရှိတယ်၊ ပြိတ္တာဘုံဘဝမှာ မနေချင်လို့ မပျော်





မွေ့လို့ ညည်းတာလည်း ဖြစ်ရင်ဖြစ်မယ်၊ တစ္ဆေတွေ မြူးတဲ့အခါမှာလည်း ဒီလို ညည်းသံကြီးမျိုး ကြားရတယ်လို့ ငါတို့အဘိုးပြောဖူးတယ်၊ ဒါပေမဲ့ ဒီတောကြီးထဲမှာ မကောင်းဆိုးဝါးညည်းသံ ကြားတဲ့အကြောင်းကတော့ မုဆိုးတော်တော်များများ ကြားဖူးတယ်လို့ ပြောတာပဲ၊ အဲဒီ ညည်းသံကြီးကြားပြီးရင် တောကောင်မရတတ်ဘူးတဲ့၊ တချို့ကလည်း မင်းပြောသလိုပဲ ကျားကြီးရောက်ရောက်လာတယ်ဆိုပဲ'

'ဟုတ်တယ်၊ အဲဒါက ကျွန်တော့်ရဲ့ ကိုယ်တွေ့ဗျ၊ ပေါက်စက ပြောတာတော့ နတ်ကျားလို့ပြောတာပဲ'

'ဘာပဲဖြစ်ဖြစ် ဒီတောကြီးကိုက လျှို့ဝှက်ချက်တွေ များပါတယ်ကွာ'

'ဟုတ်ပါရဲ့ ဘကြီးဖြိုးရာ'

'ပြီးတော့ မင်းတို့ သရဲမသုံးကောင်ကို မြင်လိုက်သေးတယ် မဟုတ်လား'

'သရဲလား ဘာလားတော့ မသိပါဘူး ဘကြီးဖြိုးရာ၊ ညဦးနက်နက်မှာ မည်းမည်းဝတ်ရုံ ခြုံထားတာပဲ၊ ဒါပေမဲ့ ခဏအတွင်းမှာ ဘယ်လိုပျောက်သွားမှန်း မသိဘူး၊ အရှေ့ဘက်တောအုပ်ထဲ ဝင်သွားတာလား ကိုယ်ပျောက်သွားတာလား မသိဘူး၊ ညကလည်း ခပ်မှောင်မှောင်ဆိုတော့ သိပ်ပြီးမသဲကွဲဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ပြောတာပေါ့၊ မကောင်းဆိုးဝါး ညည်းသံကြားပြီး သရဲမသုံးကောင် ထွက်လာတယ်ဆိုတော့ သေချာပြီပေါ့ကွာ၊ မင်းတို့ လာတာ မကြိုက်လို့ ကိုယ်ထင်ပြတာနေမှာပေါ့ကွ'

ဘကြီးဖြိုးက ဤသို့ပြောလိုက်တော့မှ ကျွန်ုပ်လည်း လန့်ဖျပ်သွားသည်။

'ဟင်… ဒါဆို ကျွန်တော် တွေ့ခဲ့တာ သရဲမတွေပေါ့'

'ဟုတ်မှာပေါ့ကွာ၊ ငါလည်း ငါထင်တာ ပြောရတာ၊ မင်းတို့လိုပဲ ငါ့ရဲ့ယောက်ဖဟာ အဲဒီတောကြီးထဲ တောလိုက်ရင်း မိုးချုပ်သွားလို့ တစ်ညအိပ်လိုက်ရတယ်၊ သူလည်း အဲဒီသရဲမသုံးကောင်ကို တွေ့ဖူးတယ်ဆိုပဲ'

'ကျွန်တော်တို့တော့ အဲဒီဟာတွေနဲ့ တွေ့ပြီးမှ ကံဆိုးမိုးမှောင်ကျတော့တာပဲ'

'အဲဒါ မင်းရဲ့ဦးကြီး ညံ့တာ ပါတယ်၊ တောထဲမဝင်ခင်ကတည်းက တောစောင့်နတ်၊ တောင်စောင့်နတ်ကို တင်မြှောက်ပြီးမှ အမဲလိုက်ပေါ့ကွာ၊ မင်းဦးကြီးက အဲဒီလိုလည်း မလုပ်ဘူး မဟုတ်လား'

'ဟုတ်တယ်… ဦးကြီးက အဲဒီလိုမလုပ်ဘူး၊ သူ လက်တည့်ရင် တောကောင်ရမှာပဲလို့ အမြဲပဲပြောတတ်တယ်'

'အေးလေ… ဒါကလည်း ကြုံလို့ပြောတာပါ၊ အခုတော့





မောင်ပန်းအောင်တို့ ဆွေမျိုးတွေနဲ့ မင်းဦးကြီးတို့ မခေါ်မပြောကြဘူးဆို'

'ဟုတ်ပါတယ် ဘကြီးဖြိုးရာ၊ အခုမှ ကျွန်တော်ပါ ကြားညပ်နေတယ်'

'အခုတော့ ပူပူနွေးနွေးဆိုတော့ ဒေါသစိတ်မပျောက်သေးဘူးပေါ့ကွာ၊ နောက်တော့လည်း အဆင်ပြေသွားမှာပေါ့'

'ဟုတ်ကဲ့ပါ ဘကြီးဖြိုးရယ်'

'ငါလည်း နန်းတွဲကို တွေ့ရင် ပြောပြလိုက်ပါ့မယ်'

'ဟုတ်ကဲ့ ဘကြီးဖြိုး၊ ကျွန်တော် သွားလိုက်ပါဦးမယ်'

ကျွန်ုပ်လည်း ဘကြီးဖြိုးကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

ကျွန်ုပ်တို့ကိစ္စနှင့် ပတ်သက်၍ ရွာထဲက လူအများကလည်း နှစ်ခြမ်းကွဲနေသည်။

တချို့က ဦးကြီးမှာ စေတနာကောင်းသူဖြစ်ပြီး ဤကိစ္စမှာ ဦးကြီး မကောင်းကြံစည်ခြင်းမဟုတ်ဟူ၍ နားလည်ခဲ့ကြသည်။

အချို့မှာကား ဘဲဒွေး ပြန်မည်ကို တားဆီးခဲ့ခြင်းအတွက် ဦးကြီးမှာ အပြစ်ရှိသည်ဟု ဆိုကြသည်။ အထူးသဖြင့် ဘဲဒွေး၏



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအဆွေနှင့် အိမ်နီးချင်းများက ကျွန်ုပ်တို့ဦးကြီး အမျိုးအုပ်စုကို အခေါ်အပြော အဆက်အဆံ မလုပ်ခဲ့ပေ။ ကျွန်ုပ်မှာ ကျွန်ုပ်၏ ချစ်သူ စောနန်းခမ်းဆီသို့သွားကာ အကျိုးအကြောင်းကို ရှင်းပြခဲ့ရာ စောနန်းခမ်းကပင် ခါးခါးသီးသီးဖြင့်...

'ဒီမှာ ကိုစိုင်း၊ ရှင့်ရဲ့ ဦးကြီးကိုလည်း မုန်းတယ်၊ ရှင့်ကိုလည်း မုန်းတယ်၊ နောက်ကို ကျွန်မဆီကို ဘယ်တော့မှ မလာနဲ့'

'နန်းခမ်း ဘယ်လိုပြောလိုက်တာလဲ နန်းခမ်းရယ်'

'ဘယ်လိုပြောရမလဲ၊ ရှင်တို့ခေါ်သွားတဲ့ ကျွန်မရဲ့ဘဒွေးကို ရှင်ကိုယ်တိုင် ပြန်ခေါ်ပေး၊ ဒါပဲ'

'ဟင်... ချောက်ထဲကျပြီး သေသွားတာလားမသိတဲ့ ဘဒွေးကို ငါက တန်ခိုးရှင်မှ မဟုတ်တာ၊ ဘယ်လိုပြန်ခေါ်ပေးမလဲ'

'ဒါဆို ရှင့်ကို ကျွန်မ အဆက်ဖြတ်တယ်၊ ရှင့်မျက်နှာလည်း မတွေ့ချင်ဘူး၊ ပြန်မယ်ဆိုတဲ့ လူတစ်ယောက်ကို သိက္ခာကျမှာစိုးလို့ ဆွဲထားသတဲ့၊ ရှင့်မှာ ဘာသိက္ခာရှိလို့လဲ'

စောနန်းခမ်းက ဘဒွေးအတွက် ရင်ထုမနာဖြစ်နေပုံရသည်။

သည်ကိစ္စမှာ ဘယ်လိုရှင်းရှင်း ရှင်း၍မရမှန်း ကျွန်ုပ်သိလိုက်ပြီ။





သေသည့်သူကို သွားခေါ်ရမည်တဲ့။

မဖြစ်နိုင်မှန်း သိလျက်နှင့် တမင်အမုန်းပွားကာ ဤစကားကို တမင်ရွေးပြောခြင်း ဖြစ်သည်။ ကျွန်ုပ်မှာ ချစ်သူ၏ အမုန်းကြောင့် ဝမ်းနည်းကြေကွဲသည်ထက် အမုန်တရားကို ရှင်းပြခွင့်မရခြင်းအတွက် ပိုပြီးစိတ်ထိခိုက်မိသည်။

စောနန်းခမ်းနှင့် လမ်းခွဲပြီးနောက် အိမ်သို့ပြန်လာရာ ဦးကြီး၏အိမ်ရှေ့သို့ အရောက်တွင်...

'မောင်စိုင်းရေ... မောင်စိုင်း ခဏလာပါဦး'

ကြီးတော် ဒေါ်အေးလှက လှမ်းခေါ်လိုက်သဖြင့်...

'ဟုတ်ကဲ့ လာပါပြီ ကြီးတော်'

ဟု ပြောရင်း ဦးကြီးအိမ်ထဲသို့ ဝင်လိုက်သည်။

'မောင်စိုင်း ထိုင်'

ကြီးတော်မှာ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖွာရင်း...

'မောင်စိုင်း မင်းဟာ တော်တော်မွေတာပဲ' ဟူ၍ အပြစ်တင်လိုက်သည်။

'ဘာဖြစ်လို့လဲ ကြီးတော်'

'မင်းဟာ ဦးကြီးကို အမုန်းပွားစေမယ့်စကားကို မဆင်မခြင်ပြောလို့ မင်းရဲ့ဦးကြီးဟာ တစ်သက်လုံး သိက္ခာနဲ့နေခဲ့သမျှ အခုတော့ ရေစုန်မျောပြီ'

www.burmeseclassic.com



'ဟုတ်ပါတယ် ကြီးတော်ရယ်၊ ကျွန်တော့်ရဲ့အပြစ်ပါ'

'မင်းရဲ့အပြစ်လို့ မင်းက လွယ်လွယ်လေးပြောပေမယ့် မင်းဦးကြီးက ရှက်လှချည်ရဲ့ဆိုပြီး ဒီရွာက ထွက်သွားပြီ'

'ဘယ်ထွက်သွားတာလဲ'

'သူ့သားဆီ သွားဦးမယ်ဆိုပြီး ကျိုင်းတုံကို ထွက်သွားတာပဲ'

'ဟာ… ဟုတ်လား၊ ဒီကိစ္စဟာ ဒီလောက်တောင် ကြီးကျယ်သွားပြီလား'

'ဒီထက်တောင် ဆိုးသေး'

ကြီးတော်က ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာရင်း မချိတင်ကဲဖြစ်ကာ မျက်ရည်တစမ်းစမ်းနှင့်…

'ဦးကြီး ဘယ်လိုဖြစ်သွားသလဲ ကြီးတော်'

'အဲဒီကိစ္စဖြစ်ပြီး သူ စွပ်စွဲခံရကတည်းက ညညမအိပ်တော့ဘူး၊ ဟောဟိုက ဝါးပက်လက်ကုလားထိုင်မှာ ထိုင်ပြီး ငါ့ကို ပြောတော့တာပဲ၊ မောင်စိုင်းအပေါ်မှာ ငါ့ရဲ့ သားလေးအရင်းလို ကောင်းခဲ့တာ၊ အခုတော့ ရည်းစားရတာနဲ့ ငါ့အပေါ် အပြစ်ပုံချပြီး သူ့ရည်းစားဘက်ကို ပါတာတဲ့'

'ဟင်… အဲဒီလိုလည်း မဟုတ်ရဘူး ကြီးတော်ရယ်'

ကျွန်ုပ်မှာ ကြီးတော်ပြောသည့် စကားကြောင့် အသည်း





နှလုံးကို ဆုပ်ဆွဲလိုက်သကဲ့သို့ ပြင်းထန်စွာ ထိုးနှက်ခြင်းကို ခံစားလိုက်ရသည်။

'အဲဒါ ဦးကြီး အထင်မှားတာပါ၊ ကျွန်တော့်ရည်းစားဘက်က ဦးလေးမို့ ပြောတာ မဟုတ်ပါဘူး၊ အဖြစ်မှန်ကို ပြောတာပါ၊ ကျွန်တော်ဟာ ဦးကြီးကို ချစ်သလိုပဲ ဘဒွေးကိုလည်း ချစ်တာပဲ၊ သူတို့နှစ်ယောက်စလုံးရဲ့ လက်ပေါ်မှာ ကြီးပြင်းခဲ့တာ၊ နှစ်ယောက်စလုံးက ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေပါပဲ'

ထိုသို့ ကျွန်ုပ်မှာ ရှိသမျှအင်အားလေးနှင့် အမှန်စကားကို ဆိုလိုက်ပါသည်။ သို့သော်လည်း မည်သည့်ဂြိုဟ်စီးဂြိုဟ်နင်း ဝင်နေသည် မသိပါ။

ရှင်းလေရှုပ်လေ ဖြစ်နေပါသည်။

'မင်းရဲ့ ဦးကြီးဟာ ဘဒွေးအပေါ်မှာ ဘယ်လောက်ချစ်သလဲဆိုရင် ညညမှာ သူတစ်ယောက်တည်း စကားပြောနေတာ ကြီးတော် ကြားလိုက်ရတယ်၊ ကိုပန်းအောင်ရယ် မင်း ပြန်မယ် ပြောတုန်းက ငါ ပြန်သင့်တာပါ၊ ငါဟာ မုဆိုးတစ်ယောက်ရဲ့ သိက္ခာကိုငဲ့ပြီး မပြန်ခဲ့တာပါ၊ အဲဒီလိုသာဖြစ်မယ်မှန်းသိရင် ငါ ပြန်ပါတယ်၊ အခုလည်း မင်းဖြစ်မယ့်အစား ငါပဲ ဖြစ်လိုက်ချင်တယ်၊ ငါဟာ မင်းကို ကယ်တင်ဖို့အတွက် အလွန်နက်တဲ့ ချောက်ကြီးထဲအထိ ဆင်းပြီးကယ်ပါသေးတယ်၊ မင်းကိုမတွေ့ဘဲ့ မကယ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့ဘူးကွာ၊ ငါ့မှာ အပြစ်ရှိပါတယ်၊ အားလုံး ငါ့အပြစ်တွေချည်းပါပဲ၊ ငါ့ကို လာခေါ်ပါတော့ကွာဆိုပြီး ညတိုင်း သွေးရူးသွေးတန်း ပြောနေတော့တာပဲ'

'ဒီလောက်ထိတောင် ဖြစ်သွားပြီလား'

'ဟုတ်တယ် မောင်စိုင်းရယ်၊ မင်းဦးကြီးဟာ စိတ်မကောင်းလွန်းလို့ ကြာရင် ရူးနိုင်တယ်၊ ဒါကြောင့် ဒီပတ်ဝန်းကျင်က ထွက်သွားပါတော့လို့ ပြောတော့မှ ကျိုင်းတုံကို ထွက်သွားခဲ့တာ'

'ဖြစ်မှဖြစ်ရပလေ ကြီးတော်ရယ်၊ စကားတစ်ခွန်းရဲ့ အားလုံးရဲ့ဘဝတွေပျက်သွားပြီ၊ ကျွန်တော်လည်းဘဝပျက်သွားပြီ'

'ဟင်… မင်းက ဘာကြောင့် ဘဝပျက်ရတာလဲ'

'နန်းခမ်းတို့ဘက်ကလည်း ကျွန်တော့်ကို ရစရာမရှိအောင် ပြောလိုက်ပြီ'

'အေးပေါ့ကွာ… သေသလား ရှင်သလားမသိဆိုတော့ သူတို့လည်း ဝမ်းနည်းတဲ့ဒဏ်ကို ခံစားရပေမပေါ့၊ ဒီတော့ ကျန်တဲ့လူတွေကို အပြစ်ဖို့တာ မဆန်းပါဘူး'

'ဟုတ်ပါတယ် ကြီးတော်ရယ်၊ ကျွန်တော့်ရဲ့စကားကြောင့် အားလုံး စိတ်မကောင်းဖြစ်မိပါတယ်၊ ပြန်လိုက်ပါဦးမယ် ကြီးတော်'





ကျွန်ုပ်သည် ဦးကြီးအကြောင်းကိုကြားပြီး စိတ်မကောင်းခြင်းကြီးစွာဖြင့် အိမ်သို့ပြန်လာခဲ့သည်။

အိမ်သို့အရောက်တွင် ကျွန်ုပ်၏ ဖခင်ကြီးက…

'ဟော့ကောင်… မောင်စိုင်း၊ ငါ့ဆီကို လာခဲ့ဦး၊ ပြောစရာရှိလို့'

'ဟုတ်ကဲ့ အဖေ'

'မင်းဦးကြီးလည်း ဘဒွေးကိစ္စနဲ့ပတ်သက်ပြီး စိတ်ထိခိုက်လို့ ကျိုင်းတုံကို ထွက်သွားပြီတဲ့'

'ဟုတ်ကဲ့ အဖေ၊ ကြီးတော် ပြောလို့ သိပြီးပါပြီ'

'ဒါနဲ့ ငါ မင်းကို ပြောထားရဦးမယ်၊ ဦးကြီးက ဘဒွေးအပေါ်မှာ စေတနာယုတ်တာ မရှိဘူး၊ အမှန်ဘရားလုပ်ရင် အထင်လွဲခံရတာ၊ ဘဒွေးရဲ့အမျိုး စောနန်းခမ်းဆိုတဲ့ ကောင်မလေးနဲ့လည်း မပတ်သက်နဲ့၊ သူတို့ကတောင် ငါ့ကို မခေါ်မပြောနိုင်ဖြစ်နေတာ'

'ဟုတ်ကဲ့ အဖေ'

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ပြီ။ ဘဒွေးအမျိုးဖြစ်သော စောနန်းခမ်းနှင့် ကျွန်ုပ်တို့နှစ်ယောက်ကြားတွင် ပြဿနာတက်နေခဲ့သည်။

စောနန်းခမ်း၏ ပြင်းထန်သည့် စွဲချက်ကို ခံစားလာခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကို ဖခင်ကြီးဘက်မှလည်း သူတို့နှင့် မပတ်သက်ရန် ထပ်မံပြောပြန်သည်။

ဤကိစ္စတွင် ကျွန်ုပ်ဘက်မှ မှားယွင်းမှုမရှိပါဘဲလျက် ဤမျှ ပြဿနာတက်ခြင်းမှာ ကျွန်ုပ်၏ရင်ကို ပြင်းထန်စွာ ထိုးနက်သကဲ့သို့ဖြစ်ကာ လွန်စွာခံရခက်နေသည့် ကျွန်ုပ်လည်း အိမ်၌မနေချင်၍ ရွာထိပ်က ခေါင်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ ခေါင်ရည်ဆိုင်သို့ အရောက်တွင်...

'ဟေ့ကောင် ကိုစိုင်း၊ ငါတို့ ဒီဘက်ဝိုင်းမှာရှိတယ်၊ လာဟေ့'

ပေါက်စက လှမ်းခေါ်သဖြင့် ထိုဝိုင်းသို့သွားရာ ခွန်ဝင်းနိုင်၊ အေးမောင်နှင့် ဆန်းဝင်းကိုပါ အဆင့်သင့် တွေ့လိုက်ရသည်။

'ဟာ... လူစုံတက်စုံပါလား၊ ဘယ်လိုဖြစ်ပြီး ဒီကို ရောက်နေတာလဲ'

'ခွန်ဝင်းနိုင် လာခေါ်လို့ ပါလာတာ၊ မင်းကိုတောင် လာခေါ်မလို့'

'ဘာဖြစ်လို့လဲ၊ ကိစ္စရှိလို့လား'

'ရှိတာပေါ့ကွာ၊ ဘဒွေးရဲ့ အမျိုးတွေက ခွန်ဝင်းနိုင်ကို ဘဒွေးကိစ္စ ခေါ်မေးတယ်'

'ဟုတ်လား ခွန်ဝင်းနိုင်'

'ဟုတ်တယ်၊ ငါက အကောင်းပြောတဲ့ကိစ္စမှာ ငါက





လည်း ဦးကြီးဘက်က ပါတယ်ဆိုပြီး ဝိုင်းစွပ်စွဲကြတယ်၊ ဦးကြီးနဲ့ မင်းကိုလည်း ရစရာမရှိအောင်ပြောလို့ ငါလည်း စိတ်ဆိုးဆိုးနဲ့ ဦးကြီး မှန်တဲ့အကြောင်း ပြောပြီး ရန်ဖြစ်လာခဲ့တယ်'

'အင်း... အဲဒီကိစ္စကြောင့် ငါတို့ရွာလည်း နှစ်ခြမ်းကွဲတော့မယ် ထင်ပါရဲ့၊ အစကတည်းက တောလိုက်မသွားခဲ့ဘူးဆိုရင် ဒီပြဿနာတွေလည်း ဖြစ်မှာမဟုတ်ဘူး'

'ဒါကတော့ ဒီလိုဖြစ်မယ်မှန်း ဘယ်သူမှ မသိတာ'

'သူတို့က ပြောတယ်၊ မင်းတို့ သေသေချာချာ မရှာလို့ ဘဒွေးကို မတွေ့တာဖြစ်မှာပေါ့တဲ့'

'အမာ... ငါတို့ ဘယ်လောက်ဒုက္ခခံပြီး ရှာသလဲဆိုတာ ခွန်ဝင်းနိုင် မင်း အသိဆုံးပဲ'

'ငါကတော့ မင်းတို့နဲ့ အတူတူလိုက်ခဲ့တော့ သိတာပေါ့၊ ဒါပေမဲ့ သူတို့က ပြောတယ်၊ သေရင်လည်း အလောင်းတွေ့မယ်၊ ရှင်ရင်လည်း လူကိုယ်တိုင်တွေ့ရမယ်၊ အခုလို ဘာမှမတွေ့တာ ဘာသတင်းမှမကြားတာ ငါတို့ သေသေချာချာမရှာလို့ဖြစ်မှာပေါ့တဲ့'

'အင်း... ဒီအတိုင်းဆိုရင် ဒီပြဿနာဟာ ရှေ့လျှောက် ပိုပြီး ကြီးသထက် ကြီးလာလိမ့်မယ်'

'ဟုတ်တယ်၊ ဘဒွေးဘက်က အမျိုးတွေက လူပျောက်မှုနဲ့ အမှုဖွင့်မယ်လို့ ပြောနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပေါက်စက ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ဘဒွေး တကယ်သေပြီလား၊ အသက်ရှင်သေးသလားဆိုတာ ငါလည်း သိချင်တယ်' ဟူ၍ ကျွန်ုပ်က ပြောလိုက်သည်။

'ငါတို့လည်း သိချင်တာပဲ'

ဤတွင် ကျွန်ုပ်မှာ…

'ငါက အခုမှ စုပ်လည်း စူး၊ စားလည်း ရူးဖြစ်နေပြီ၊ ဘဒွေး တစ်ခုခုမဖြစ်ဘဲ ငါသေသွားတာမှ ကောင်းဦးမယ်'

'မောင်စိုင်း မင်းက ဘာစကားတွေ လျှောက်ပြောနေတာလဲ'

'အဟုတ်ပြောတာကွ၊ ငါ့မှာ ဦးကြီးနဲ့ ကြီးတော်ကလည်း အထင်လွဲတယ်၊ ဦးကြီးကို ချောက်ကျမယ့်စကား ပြောလို့တဲ့၊ ဦးကြီးရဲ့အမျိုး ငါ့အမျိုးတွေကလည်း ငါ့ကို ကြည့်ထားကြတယ်၊ ဘဒွေးရဲ့အမျိုးတွေကလည်း ဦးကြီးရဲ့အမျိုးမို့လို့ ငါ့ကို တစောင်းနဲ့ မျက်ချေး ဖြစ်နေတယ်၊ အရေးထဲမှာ ငါ့ချစ်သူ စောနှမ်းခမ်းကလည်း အဆက်ဖြတ်လိုက်တယ်၊ အဖေကလည်း နှမ်းခမ်းနဲ့ အဆက်အသွယ်ဖြတ်ရမယ်တဲ့၊ ငါမှမရှူး ဘယ်သူရူးမလဲ၊ ငါ တကယ်မခံစားနိုင်တော့ဘူး၊ ငါ သေချင်တယ်၊ ငါ သေချင်တယ်'





ခေါင်းရည်မူးမူးနှင့် ကျွန်ုပ် ပေါက်ကွဲခဲ့ပြီ။

ရင်တွင်းခံစားချက်များကို သူငယ်ချင်းများရှေ့တွင် ဖွင့်ချလိုက်သည်။

'ဟုတ်တယ်ကွာ၊ စေတနာအမှန်ထားရက်သားနဲ့ ကြုံဟ်ဆိုးဝင်တာ ရင်နာတယ်၊ ငါတို့လည်း နေရင်းထိုင်ရင်း ခေါင်းမဖော်ဝံ့အောင်ဖြစ်နေတယ်'

သူတို့ကလည်း ရင်တွင်းခံစားချက်ကို ဖွင့်ဟပြောဆိုကြသည်။

'အေးကွာ… ငါလည်း တောင်ပေါ်ကခုန်ချပြီး သေပစ်ရင် ကောင်းမလား၊ ဘယ်လိုလုပ်ရမှန်းတောင် မသိဘူး၊ ဘဒွေးသေ မသေ သိရအောင် တောအုပ်ကြီးထဲက သရဲမသုံးယောက်ကို သွားရှာပြီး မေးရမလိုဖြစ်နေပြီ'

'အေးကွာ… သူတို့ပြောတာလည်း မှန်တယ်၊ သေရင်လည်း အလောင်းတွေ့ရမယ်ကွ'

ဆန်းဝင်းက သူ့အတွေးကို ပြောလိုက်သည်။

'ဟုတ်ပြီ… ငါ အကြံရပြီ'

ကျွန်ုပ်၏ခေါင်းထဲသို့ အကြံကောင်းတစ်ခု ဝင်းလက်သွားသည်။

'မင်း ဘာအကြံရတာလဲ ပြောပါဦး'

ပေါက်စက ကျွန်ုပ်အား မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ဟာ ဘခွေးရဲ့ကိစ္စကြောင့် နှစ်ဦးနှစ်ဖက်က ငါတို့အပေါ်မှာ အထင်အမြင်မှားနေခဲ့ကြတယ်၊ ဒါကြောင့် ငါတို့အားလုံး ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ဆင်းရဲနေကြတယ်၊ စိတ်ဆင်းရဲတာမှ သေချင်အောင်ကို ဆင်းရဲကြတယ်၊ ဒီတော့ ဒီမှာထိုင်ပြီး စိတ်ဆင်းရဲနေမယ့်အစား တောထဲကိုပြန်သွားမယ်၊ ဒီကိစ္စ ဘယ်လိုဘယ်ပုံဖြစ်တယ်ဆိုတာရယ်၊ ဘခွေး သေမသေ သိရအောင်ရယ် ဆိုတာ တို့တစ်တွေ တောထဲမှာ အချိန်ကြာကြာနေပြီး လေ့လာချင်တယ်'

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ ခွန်ဝင်းနိုင်ကလည်း…

'ကိုစိုင်း ပြောတာ မှန်တယ်၊ ဒီတောကြီးထဲမှာ လျှို့ဝှက်တဲ့ကိစ္စတွေ အများကြီးရှိပုံရတယ်၊ ဟိုတစ်နေ့က လျှိုထဲမှာတွေ့ရတဲ့ အရိုးတောင်ပုံကိစ္စဟာ တစ်ခုခုနဲ့ ဆက်နွှယ်နေမယ်၊ ဘခွေးအခုလို ပျောက်နေတာ တချို့က နတ်ဝှက်တာလို့ ပြောကြတယ်၊ နတ်ဝှက်တာဆိုလည်း တို့ လိုက်ရှာရင် ပြန်တွေ့ရမှာပေါ့'

မချင့်မရဲ ပြန်ပြောလိုက်သည်။

ထိုစဉ် ပေါက်စကလည်း…

'ငါလည်း အဲဒီတောထဲကို အနှံ့သွားပြီး ဘခွေးကို ထပ်ရှာချင်တယ်၊ သေတာတွေ့လည်း အလောင်းပိုက်ပြီး ပြန်မယ်၊ ရှင်တာတွေ့လည်း ဘခွေးကို ထမ်းပြီးပြန်မယ်'





ဟု စိတ်အားထက်သန်စွာ ပြောလိုက်သည့် ဆန်းဝင်းကလည်း…

'ငါတို့ ဒီအတိုင်းနေတာထက်စာရင် တောထဲပြန်သွားကြည့်တာ အကောင်းဆုံးပဲ' ဟု ထောက်ခံပြောဆိုလိုက်သည်။

'ဒါဆို တောထဲပြန်သွားကြဖို့ အားလုံး သဘောတူတယ်ပေါ့၊ ဟုတ်လား အေးမောင်'

ထိုသို့ ကျွန်ုပ်က ပြောလိုက်ရာ အေးမောင်က…

'အေး… ငါလည်း လိုက်မှာပေါ့၊ လင့်စင်ထိုးဖို့ မင်းတို့ လူလိုတယ်မဟုတ်လား'

'အေးပေါ့'

'ဒါဆိုရင် စိန်လိုက်'

ဤသို့ဖြင့် ကျွန်ုပ်တို့ငါးဦးမှာ တောထဲသို့သွားရန် တိတ်တဆိတ် တိုင်ပင်ခဲ့ကြသည်။

'ဒီကိစ္စကို ဘယ်သူ့မှ မပြောနဲ့၊ တို့ကိစ္စ အောင်မြင်မှ ရွာကို ပြန်လာကြမယ်'

'ဟုတ်ပြီ'

ကျွန်ုပ်တို့အုပ်စုမှာ လူငယ်များပီပီ အမှန်တရားကို ရှာဖွေရန် စိတ်ထက်သန်နေသည်။ ထို့ကြောင့် လူကြီးမိဘများကိုပင် မပြောတော့ဘဲ တောတွင်းသို့သွားရန် ရိက္ခာစုဆောင်းပြီး ကြိတ်ကာ အကြံထုတ်နေခဲ့ကြသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## တစ်ကျော့ပြန်ရှာပုံတော်

သည်နေ့ နံနက်စောစောတွင် ကျွန်ုပ်တို့ငါးဦးသည် ပစ္စည်းကိရိယာ ရိက္ခာအစုံအလင်ဖြင့် လွန်ဆန်တောင်တန်းကြီးရှိ တောအုပ်ကြီးထဲသို့ စတင်ခရီးထွက်လာခဲ့သည်။ ဤတောအုပ်ကြီးမှာ ယခင်က တစ်နှစ်နေ၍မျှ တစ်ခေါက်မရောက်ခဲ့ပေ။ ယခုမူ ဘခွေး၏ကိစ္စဖြစ်ကတည်းက ထိုတောအုပ်အတွင်းသို့ ခဏခဏသွားခဲ့ရာ ဤတောလမ်းခရီးကို ကျွန်ုပ်မှာ လွန်စွာကျွမ်းကျင်နေသည်။

ယခုအခေါက် တောတွင်းသို့လာခြင်းမှာ သို့လာခြင်းမှာ အမဲလိုက်ရန် မဟုတ်သဖြင့် စိတ်လက်ပေါ့ပါးနေသည်။ ထို့အပြင် ခေါင်းဆောင်အကြီးအကဲ မုဆိုးကျော်များမပါဘဲ ကျွန်ုပ်တို့ လူငယ်အုပ်စုများသာ လာခဲ့သဖြင့် သဘောအတိုင်း လွတ်လပ်မှုအပြည့်နှင့်။





ထုံးစံအတိုင်းပင် တောတောင်လျှိုမြောင်များကို ဖြတ်သန်းလာခဲ့ရာ နေမွန်းလွဲအချိန်တွင် ချောက်ကမ်းပါးအနီးသို့ ရောက်ရှိလာခဲ့သည်။

'ကဲ… ဒီမှာ စခန်းချမယ်'

ကျွန်ုပ်က ဦးကြီးနှင့်အတူ စခန်းချသည့်နေရာကို ညွှန်ပြရင်း ပြောလိုက်သည်။ ပေါက်စနှင့် ကျွန်ုအဖွဲ့သားများက ပါလာသည့် ပစ္စည်းကိရိယာများကို သစ်ပင်ကြီးအောက်တွင် ချလိုက်သည်။ ထို့နောက် အေးမောင်က…

'ဘခွေးရဲ့ တဘက်ပြာကလေးက ဘယ်နေရာမှာလဲ'

ခရီးရောက်မဆိုက်-သူက တွေ့ချင်ဇောနှင့် ဤသို့မေးလိုက်ရာ ကျွန်ုပ်ကလည်း လွန်စွာပြချင်လှသဖြင့်…

'လာ… လာ… ငါ လိုက်ပြမယ်'

ဟု ပြောပြီး ချောက်ကမ်းပါးအစွန်းသို့ ခေါ်လာခဲ့သည်။

'အေးမောင်… ဟိုမှာ တွေ့လား၊ တဘက်ပြာလေးလေထဲမှာ လွင့်နေတယ်'

'အေး… ဟုတ်တယ်၊ ဘခွေးရဲ့ တဘက်ကလေးကို ငါ တွေ့တယ်'

အေးမောင်က တဘက်ကလေးကို လှမ်းကြည့်ရင်း ပြောလိုက်ရာ ခွန်ဝင်းနိုင်က…



www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်… ကျွတ်… ကျွတ်… ဖြစ်မှဖြစ်ရလေ ဘဒ္ဒေးရယ်'

သူကလည်း စုတ်တသပ်သပ်နှင့် ပြောလိုက်သည်။

ပေါက်စက ကျွန်ုပ်အား…

'ဟိုနေ့က မင်းတို့ အဲဒီအောက်တည့်တည့်ကို ရောက်ခဲ့လား'

'ရောက်တာပေါ့၊ ဦးကြီးကိုယ်တိုင် နှစ်ခါတောင်ဆင်းရတာ'

'ဒီတစ်ခါတော့ အဲဒီလှိုဏ်ကြီးထဲကို ငါကိုယ်တိုင် ဆင်းမယ်'

ဟူ၍ ပေါက်စကပြောလိုက်ရာ ဆန်းဝင်းနှင့် အေးမောင်က…

'ငါတို့လည်း ဆင်းမှာပေါ့ကွ'

ဟူ၍ အလုအယက် ပြောလိုက်သည်။

'ဟေ့ကောင်တွေ… အားလုံးဆင်းလို့တော့ မရဘူး၊ တစ်ယောက်တစ်လှည့်စီဆင်းမှ ဖြစ်တာ၊ ဆင်းတာက လွယ်တယ်၊ ပြန်အတက်မှာ ခက်တယ်၊ လူတစ်ယောက်ကို နှစ်ယောက်ဆွဲတင်မှ ရတာ'

'အေးပေါ့ကွာ… တို့က ငါးယောက်တောင်ရှိတာပဲ၊





သုံးယောက်ဆင်းလို့ရတယ်၊ အပေါ်မှာ နှစ်ယောက်နေခဲ့ပေါ့'

'အေးပါ… ငါတို့ကလည်း အလုပ်မရှိတဲ့သူ မဟုတ်ဘူး၊ ဒီတောကြီးထဲမှာ အေးအေးဆေးဆေးနေပြီး ရှာမယ်'

'ဟေ့ကောင်ရေ… ရိက္ခာက တစ်ပတ်စာပဲ ပါတယ်နော်'

'ဖြစ်ပါတယ်၊ ဒါက အဓိကမဟုတ်ပါဘူး၊ အဓိကက တော့ ဒီလှိုဏ်အောက်ကို ဆင်းဖို့က အဓိကပဲ'

'ငါ့အထင်ပြောရရင်တော့ ဒီတစ်ခါ ငါတို့လာတာ ထူးခြားမှုတစ်ခုခုနဲ့တော့ တွေ့ရမယ်'

'ငါတို့က လူငယ်တွေပဲ၊ အားမာန်အပြည့်နဲ့ ရှာကြမယ်'

'ကောင်းတာပေါ့ကွာ၊ ဒီနေ့တော့ ငါလည်း ဗိုက်ဆာပြီ၊ တို့မှာ ပါလာတဲ့ အစားအစာတွေကို စားလိုက်ကြရအောင်'

'အေး… အဲဒီ အစီအစဉ်က အကောင်းဆုံးပဲ'

ကျွန်ုပ်တို့အုပ်စုမှာ ပါလာသည့် ထမင်းထုပ်များကို ဖြေ၍စားလိုက်ကြသည်။

ထို့နောက် ကျွန်ုပ်က…

'ဟေ့ကောင်တွေ ထမင်းစားပြီး ဗိုက်လေးတယ်ဆိုပြီး လှဲမနေကြနဲ့၊ တစ်ခါတည်း လင့်စင်ထိုးထားမှ၊ တော်ကြာ မိုးချုပ်သွားတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောလိုက်ရာ ကျွန်ုပ်တို့အုပ်စုမှာ လင့်စင်ထိုးခဲ့ကြသည်။

'ဒီနေ့ကတော့ လျှိုထဲသွားလို့ မဖြစ်သေးဘူး'

'ဘာဖြစ်လို့လဲ'

'လျှိုက အနက်ကြီးဆိုတော့ နှစ်ဆင့်ဆင်းရတယ်၊ တစ်ဆင့်တည်းဆိုရင် ကြိုးမမီဘူး'

'ဟုတ်လား'

'ဟုတ်တယ်၊ ခွန်ဝင်းနိုင် သိတယ်၊ တို့ဟာ ဟိုဘက်တောင်ကြောက ပတ်ပြီးသွားရတယ်၊ အရိုးတောင်ပုံတဲ့အနားရောက်ရင် နောက်ထပ်တစ်ဆင့် ကြိုးနဲ့ဆင်းရသေးတယ်'

ဟူ၍ ကျွန်ုပ်က ကျန်လူများကို ရှင်းပြလိုက်သည်။

ပေါက်စ၊ ဆန်းဝင်းနှင့် အေးမောင်တို့မှာ…

'ဘာပဲဖြစ်ဖြစ် ငါတို့လည်း အဲဒီကိုရောက်အောင် ဆင်းမယ်၊ ဒါမှ အတွေ့အကြုံရမှာ'

'ဟုတ်တယ်၊ ချောက်ထဲဆင်းလိုက်တာနဲ့ ရင်ထဲကို သိမ့်ခနဲနေအောင် အေးသွားတာပဲ၊ ဒီလိုအတွေ့အကြုံမျိုးက တော်ရုံတန်ရုံ မုဆိုးတွေမှာတောင် မရကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မုဆိုးတော်တော်များများဟာ ဒီလို လျှိုချောက်ကြီးထဲ မဆင်းကြဘူး'





ထိုသို့ ကျွန်ုပ်က ပြောလိုက်သည်။

'ဟုတ်တယ်ကွ၊ ငါတို့ မုဆိုးကျော်ကြီးဖြစ်တဲ့အခါမှာ တပည့်တွေကို ချောက်ထဲဆင်းနည်း သင်ပေးရဦးမယ်၊ ဟား… ဟား… ဟား…'

ကျွန်ုပ်တို့အုပ်စုမှာ လူငယ်များပီပီ ပြောချင်ရာပြောပြီး တဟားဟားရယ်မောခဲ့ကြသည်။

'ဟေ့ကောင်တွေ… တို့တစ်တွေ လင့်စင်ပေါ်မှာစောင့်ရင်း တောကောင်တွေလာရင် ပစ်မယ်နော်'

'ဟာ… မစ်ကွင်းထဲရောက်တဲ့ သားကောင်ဆိုရင် ပစ်သာပစ်'

'ပစ်မယ်'

သားကောင်က ဘယ်နေမှန်းမသိ။ ကျွန်ုပ်တို့အုပ်စုမှာ သေနတ်ပစ်ရန် လက်ယားနေပါတော့သည်။

ပြောရင်းဆိုရင်း တစ်နေ့ဝင်၍ တစ်မိုးချုပ်ခဲ့ပြီ။

သည်တော့မှ မိဘနှစ်ပါးကို သတိရတာ ကျွန်ုပ်က…

'ငါ့အဖေနဲ့ အမေကတော့ ငါပျောက်သွားလို့ စိတ်ပူနေမလား မသိဘူး'

ဘာမျှမပြောဘဲ ထွက်လာမိသည့်အတွက် စိတ်မကောင်းဖြစ်ပြီး ဤသို့ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စကလည်း…

'ငါတို့လည်း ဘာထူးလို့တုန်း၊ မိဘတွေပြောရင် ဒီတောကြီးထဲ ဘယ်လွှတ်ပါ့မလဲ'

'ဟုတ်ပါ့ကွာ… ဘခွေး ပြဿနာဖြစ်ပြီးနောက်ပိုင်း မုဆိုးတွေတောင် ဒီတောကြီးထဲ သိပ်မသွားကြဘူးကွ'

'ဟုတ်တယ်ကွ… သရဲမသုံးကောင်က တစ်မျိုး၊ မကောင်းဆိုးဝါးညည်းသံက တစ်မျိုး၊ နတ်ဝှက်တယ် ပြောလို ပြောနဲ့ ဘခွေး ပျောက်နေတာနဲ့ ဒီလွယ်ဆန်တောင်ကြီး နာမည်ပျက်သွားပြီ'

'ဟာကွာ… မင်းကလည်း ပြောရှာမယ်'

'ငါလည်း ဒီညမှာ သရဲမသုံးကောင်နဲ့ တွေ့ချင်စမ်းလှတယ်'

ပေါက်စက ဤသို့ အားရပါးရ ပြောလိုက်သည်။

'နေစမ်းပါဦး… မင်းက သရဲမနဲ့တွေ့ရင် ဘာလုပ်မလို့လဲ'

'ဘခွေး ဘယ်ရောက်နေသလဲလို့ မေးမလို့ပေါ့ကွ'

'သရဲမက သိမယ် အားကြီးကြီး'

'ဘခွေး မသေရင်တော့ သိချင်မှ သိမှာပေါ့၊ သေသွားလို့ ဝိညာဉ်ဖြစ်သွားရင် သူတို့နဲ့ တွေ့မှာပေါ့ကွ'





'အင်း… မင်းပြောတာလည်း မဟုတ်ဘူးလို့ မဆိုနိုင်ဘူး၊ ဝိညာဉ်ဖြစ်သွားရင်တော့ တွေ့ကြမှာပဲ'

'ဘခွေးရယ်… ဝိညာဉ်ဖြစ်သွားရင်လည်း ငါ့အလောင်းလေး ဘယ်မှာရောက်နေပြီလို့ အိပ်မက်ပေးစမ်းပါဗျာ၊ ကျွန်တော်တို့မှာ ပြဿနာတက်နေပြီဗျ'

ကျွန်ုပ်က စိတ်ခံစားမှုကြောင့် ဤသို့ပြောလိုက်ရာ ခွန်ဝင်းနိုင်က…

'ဟေ့ကောင် ကိုစိုင်း၊ ဘာတွေလျှောက်ပြောနေတာလဲ'

ဟူ၍ ဟန့်တားလိုက်သည်။

ညဥ့်နက်လာပြီဖြစ်၍ ကျွန်ုပ်တို့အားလုံး လင့်စင်ပေါ်သို့ တက်ခဲ့ကြသည်။ တစ်ညတာအတွက် လင့်စင်ပေါ်မှနေ၍ တစ်စုံတစ်ခု ထူးခြားမှုကို စောင့်ကြည့်နေခဲ့သည်။

သန်းခေါင်ယံအချိန်သို့ ရောက်ခဲ့ပြီ။

မည်သည့်တိရစ္ဆာန်မျှ ထွက်မလာခဲ့ပေ။ ဤနေရာမှာ ကြစ်ကွင်းနှင့် ဝေးခြင်း၊ စမ်းချောင်းနှင့်လည်း အတော်ကွာဝေးသလို ချောက်ကမ်းပါးအနီးတွင် တည်ရှိနေသဖြင့် တိရစ္ဆာန်များ လာတတ်သည့်နေရာမျိုး မဟုတ်ပေ။ သို့သော် ဤနေရာ၌ စခန်းချရခြင်းမှာ အကြောင်းရှိသည်။ ထိုနေ့က ဘခွေးမှာ ထိုနေရာတွင် ပျောက်သွားသည့်အတွက် ထိုနေရာတွင် မည်သည့်ထူးခြားမှု

www.burmeseclassic.com

www.burmeseclassic.com



ရှိလေမည်နည်းဟူသော အတွေးဖြင့် စောင့်ကြည့်ရန်အတွက် စခန်းချခြင်းဖြစ်ပေသည်။

ထိုနေ့ညက လပြည့်ညဖြစ်၍ လမင်းကြီးမှာ ထိန်ထိန်သာနေသည်။ ကျွန်ုပ်တို့ လင့်စင်ပေါ်မှကြည့်ရာ ထိုနေရာတစ်ခုလုံး လင်းထိန်နေသည်။

ထိုသို့ဖြင့် အချိန်မှာ နှစ်နာရီထိုးခန့်အချိန်သို့ ရောက်ခဲ့သည်။ ထိုအချိန်နတွင် လေခပ်ပြင်းပြင်း ရိုက်ခတ်လာပြီး လွှမ်းစွာ ပုပ်စော်နံသည့် အနံ့ဆိုးကြီးများ ပျံ့လွင့်လာခဲ့သည်။ ထိုအနံ့ဆိုးကြီးမှာ အသက်မရှူနိုင်လောက်အောင် ကျွန်ုပ်မှာ ပေါက်စဘက်သို့လှည့်ကာ...

'ဟေ့ကောင် ပေါက်စရေ၊ ထူးတော့ ထူးပြီ၊ အနံ့ဆိုးကြီးလာပြီကွ' ဟူ၍ ခပ်တိုးတိုး ပြောလိုက်သည်။

'ဟုတ်တယ်၊ အိပ်မငိုက်နဲ့နော်၊ တစ်စုံတစ်ခု ထူးခြားရင် ထူးခြားလိမ့်မယ်'

'အေးကွ'

'ဒါနဲ့ ငါ ပစ်ဆိုမှ ပစ်နော်'

'အေးပါကွ'

ထိုသို့ပြောရင်း ကျွန်ုပ်တို့မှာ လင့်စင်ပေါ်မှ စောင့်ကြည့်နေခဲ့သည်။ များမကြာမီအချိန်တွင် လှိုဏ်ကြီးထဲမှ...





'ဟာ... လှိုဏ်ကြီးထဲက အဖြူရောင်အငွေ့တန်းတစ်ခု ထွက်လာတယ်'

မီးခိုးငွေ့လိုလို အဖြူရောင် အလိပ်အလိပ်များ ထွက်လာခဲ့သည်။

'လှိုဏ်ထဲက ဝိညာဉ်တွေ ထွက်လာတာလား မသိဘူး၊ အငွေ့က အမျိုးသမီးတစ်ယောက်ရဲ့ ပုံသဏ္ဍာန်လိုမျိုးပဲ'

'ဟုတ်တယ်၊ ဟိုဘက်မှာလည်း အငွေ့တန်းတစ်ခု ထွက်လာပြီ၊ အဲဒီအငွေ့တန်းက ယောက်ျားတစ်ယောက်လို ပုံသဏ္ဍာန်မျိုးပဲ'

'ဟုတ်ပါကွာ... အငွေ့တန်းတွေအများကြီးပဲ ထွက်လာပြီ၊ ဒါဟာ ဝိညာဉ်တွေများလား'

'အေးကွ... အခိုးအငွေ့လိုလို ဝိညာဉ်လိုလိုနဲ့'

ကျွန်ုပ်တို့သည် လှိုဏ်ထဲမှထွက်လာသော အငွေ့တန်းများကို ကြည့်လိုက်ရာ ထိုအခိုးအငွေ့များမှာ မိန်းမသဏ္ဍာန်ကဲ့သို့လည်းကောင်း၊ ယောက်ျားများ၏ ပုံသဏ္ဍာန်ကဲ့သို့လည်းကောင်း အချို့မှာ တိရစ္ဆာန်များကဲ့သို့ တွေ့ရသည်။

ထိုအခိုးအငွေ့များမှာ ကောင်းကင်ယံ၌ ညနေခင်းအချိန်တွင် တိမ်တောင်တိမ်လိပ်များသည် ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းသကဲ့သို့ တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒါတွေက ဘာကြီးတွေလဲ မသိဘူး'

'ငါထင်တာတော့ မဟုတ်မှလွဲရော၊ ဒီလှိုဏ်ချောက်ကြီးထဲမှာ ဘဒ္ဒေးရဲ့ဝိညာဉ် ရှိပုံရတယ်၊ ဒါကြောင့် ငါတို့ကို အခိုးအငွေ့အဖြစ်နဲ့ ပြတာလား မသိဘူး'

ပေါက်စက ဤသို့ ထင်ရာမြင်ရာတွေ့ရင်း ပြောလိုက်ရာ ကျွန်ုပ်က…

'အေးကွာ… မနက်မိုးလင်းတာနဲ့ အဲဒီလှိုဏ်ထဲရောက်အောင်သွားမယ်'

ဤသို့ ပြောလိုက်သည်။

ထိုအခိုးအငွေ့များကား တစ်နာရီခန့်ကြာအောင် ပေါ်ထွက်နေသည်။ နောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်။

ကျွန်ုပ်တို့မှာ လင့်စင်ပေါ်၌ ဆက်၍စောင့်နေခဲ့သည်။

ထိုစဉ် ခွန်ဝင်းနိုင်က…

'ဟော… ဟောဟို တောင်ပေါ်မှာ မီးရောင်မြင်ရတယ်'

ဟူ၍ အလန့်တကြား ပြောလိုက်ရာ အားလုံးက…

'ဘယ်မှာလဲ'

ဟူ၍ အလောသုံးဆယ် မေးလိုက်သည်။

ခွန်ဝင်းနိုင်က…





'ဟိုမှာ မတွေ့ဘူးလား၊ မီးရောင်က သုံးခုတောင်'

တောင်ဘက်ယွန်းယွန်းရှိ မြင့်မားလှသော တောင်တစ်တောင်ပေါ်တွင် မီးရောင်သုံးခုကို မြင်လိုက်ရသည်။ ယခုလို ညဉ့်နက်နက်၌ ဤမျှမြင့်မားလှသော တောင်ပေါ်တွင် မည်သူက မီးထွန်းညှိမည်နည်း။

'ဒီလောက်မြင့်မားတဲ့ တောင်ပေါ်ကို ဘယ်သူက မီးလာထွန်းမလဲ'

'အေးကွာ… အဲဒီတောင်ကြီးက အမြင့်ဆုံးပဲ၊ ဘယ်သူမှတောင် မတက်ကြဘူး၊ ဒီတောင်ပေါ်မှာ ဘာကြောင့် မီးရောင်ရှိနေတာလဲ'

'အဲဒါ သရဲမီးလားမှ မသိတာ'

ထိုသို့ပြောနေစဉ် မီးရောင်သုံးခုမှာ ရွေ့လျားသွားပြီး ခဏအကြာတွင် လုံးဝပျောက်ကွယ်သွားပါတော့သည်။

'ဟာ… မီးရောင်မရှိတော့ဘူး၊ ပျောက်သွားပြီ'

'ဟုတ်ပါရဲ့၊ မီးရောင်ကလည်း ခဏလေးပဲ တွေ့လိုက်ရတာ'

'ထူးတော့ ထူးဆန်းတယ်ကွာ'

'မနက်ကျရင်တော့ အဲဒီတောင်ပေါ်ကို တက်ကြည့်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စက မချင့်မရဲနှင့် ဤသို့ပြောလိုက်ရာ ကျွန်ုပ်မှာ ဤတောင်အကြောင်း သိထားသူပီပီ…

'ဒီတောင်က နှယ်နှယ်ရရတောင် မှတ်လို့လား၊ အဲဒီတောင်က နတ်တောင်လို့ ဘဒြေး တစ်ခါပြောဖူးတယ်၊ အဲဒီနတ်တောင်ကို ဘယ်သူမှမတက်ကြဘူး'

ကျွန်ုပ်က ဤသို့ ပြောလိုက်သည်။

ပေါက်စက…

'နတ်တောင်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ရောက်တုန်းတော့ တက်ဖြစ်အောင် တက်ကြည့်မယ်'

'အေးပါကွာ… ငါလည်း ဒီတောင်ကြီးအနှံ့ သွားကြည့်မယ်လို့ စဉ်းစားထားတယ်'

ကျွန်ုပ်တို့မှာ နတ်တောင်ပေါ်မှ ထူးဆန်းစွာပေါ်ထွက်လာသည့် မီးရောင်နှင့်ပတ်သက်ပြီး စဉ်းစားစရာအပြည့် ဖြစ်လာသည်။

ဘဒြေး ရှာပုံတော်ဖွင့်ပြီးသည်နှင့် ထိုနတ်တောင်သို့ တက်ရန် စိတ်ကူးရင်း အရုဏ်ကျင်း၍ အလင်းရောက်ခဲ့ပြန်ပြီ။

❑ ❑ ❑



အခန်း (၁၃)

## ထူးဆန်းသော ဂူပေါက်ကြီး

'ကဲ… ခွန်ဝင်းနိုင်ရေ၊ မင်းနဲ့ ငါနဲ့က ဘဒြေး ကျသွားတယ်လို့ထင်တဲ့ လျှိုကြီးကို သွားဖူးတဲ့လူတွေဖြစ်နေတော့ အဲဒီလမ်းအတိုင်းပဲ သွားကြရအောင်'

'ဟုတ်တယ် ကိုစိုင်း၊ အဲဒီလမ်းအတိုင်းပဲ သွားကြမယ်၊ ကိုစိုင်းက ရှေ့က လမ်းပြ၊ ငါတို့က နောက်ကလိုက်မယ်'

'ကောင်းပြီ… သွားကြစို့'

ကျွန်ုပ် ဦးဆောင်ပြီး ဟိုတစ်ခါသွားသည့် တောလမ်းအတိုင်း တစ်ဖက်တောင်ကြောသို့ သွားခဲ့ကြသည်။ ထို့နောက် ဦးမန်းခင်နှင့် ဆင်းသည့်နေရာသို့ ရောက်လာခဲ့သည်။

'ဒီနေရာကဆင်းရင် ချောက်နည်းနည်းတိမ်တယ်'

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ ခွန်ဝင်းနိုင်က…



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဦးမန်းခင်တို့နဲ့ လာတုန်းက ဒီနားက ဆင်းတာပဲ'

ဟူ၍ ပြန်ပြောလိုက်သည်။

ကျွန်ုပ်က…

'ဒီချောက်ထဲကို နှစ်ယောက် ဆင်းမယ်၊ အပေါ်မှာ နှစ်ယောက်နေခဲ့ရမယ်၊ ဘယ်သူဆင်းပြီး ဘယ်သူနေခဲ့မလဲ'

ဟူ၍ လှမ်းမေးလိုက်သည်။

'ကိုစိုင်းရယ် ပေါက်စရယ် အေးမောင်ရယ် ချောက်ထဲဆင်းသွား၊ ဟိုတစ်ဆစ်ချိုးရောက်ရင် ကိုစိုင်းပဲ ဆက်ပြီးဆင်းပါ'

ဆန်းဝင်းရော အေးမောင်ကပါ ဤသို့ပြောလိုက်သည်။

'ကောင်းပြီ… ဒါဆိုရင် ဆန်းဝင်းနဲ့ ခွန်ဝင်းနိုင်က ဒီကမ်းပါးစပ်မှာ နေခဲ့၊ ငါရယ် ပေါက်စရယ် အေးမောင်ရယ် ဒီချောက်ထဲကို ဆင်းမယ်၊ ကဲ… ငါ အရင်ဆင်းမယ်'

ထိုသို့ပြောပြီး ကျွန်ုပ်က ကိုယ်လုံးတွင် ကြိုးချည်လိုက်သည်။

'ကဲ… ငါဆင်းပြီ'

ထိုသို့ပြောပြီး ကြိုးကိုဆွဲကာ ချောက်ထဲသို့ တောင်ဆင်းသူတစ်ဦးကဲ့သို့ တောင်နံရံကို ခြေကန်ပြီး ဆင်းလိုက်သည်။





ပထမအကြိမ်တွင် ခြေကန်ခြင်း မကျွမ်းကျင်၍ ချာလပတ်လည်သွားသော်လည်း ယခုအချိန်တွင် ကြိုးကို ကောင်းစွာထိန်းသွားနိုင်ပြီဖြစ်၍ ချောမောစွာ ရောက်ရှိခဲ့သည်။

'ပေါက်စရေ ဆင်းခဲ့တော့ဟေ့'

'အေး… ငါ ဆင်းလာပြီ'

ထို့နောက် ပေါက်စက ကြိုးကို တွဲလွဲခိုပြီးဆင်းလာရာ ကျွန်ုပ် ပထမဦးစွာ ဆင်းကာစကလိုပင် ချာလပတ်လည်သွားသဖြင့် မနည်းလှမ်းဆွဲလိုက်ရသည်။

'အမလေး… ကံကောင်းလို့'

ထိုသို့ ပေါက်စက အော်ရင်း အောက်သို့ရောက်လာခဲ့သည်။

သူ့နောက်က အေးမောင်။

အေးမောင်လည်း ပေါက်စကဲ့သို့ ချာလပတ်လည်သွားရာ ကျွန်ုပ်နှင့် ပေါက်စက လှမ်းဆွဲလိုက်ကြသည်။

'ဟူး… ရင်တောင်တုန်သွားတယ်'

အေးမောင်က စကားအရာတွင် ခပ်ကြွားကြွားဖြစ်သော်လည်း သတ္တိအရာမှာ ခပ်ကြောင်ကြောင်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့သုံးယောက်မှာ ချောက် (သို့မဟုတ်) လျှိုထဲသို့ ရောက်ရှိလာခဲ့ကြသည်။ ချောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လှိုဏ်တစ်ခုကို ထပ်မံဆင်းရဦးမည်ဖြစ်၍ ကြိုးခွေများကို အသင့် ယူဆောင်ခဲ့ကြသည်။

ဤလှိုဏ်ကြီးထဲတွင် ကျွန်ုပ်မှာ ရောက်ခဲ့ဖူးသူဖြစ်၍ ယခု အကြိမ်တွင် ကျွန်ုပ်မှာ ဆရာကြီးဖြစ်နေပြီ။

'ဖြည်းဖြည်းသွားကြပေါ့၊ လှိုဏ်ကြီးက ကျယ်တဲ့နေရာမှာ ကျယ်တယ်၊ ကျဉ်းတဲ့နေရာမှာ ကျဉ်းတယ်'

'ရပါတယ်ကွာ၊ ငါတို့လည်း ကလေးမှ မဟုတ်တာ'

ကျွန်ုပ်တို့မှာ လှိုဏ်ကြီးထဲတွင် ပေါက်နေသည့် ချုံပုတ်များကို ဖယ်ရှားကာ သွားခဲ့ကြသည်။ ထိုလှိုဏ်ကြီးမှာ အကွေ့အကောက်များ များပြားလျက်ရှိရာ ကျွန်ုပ်တို့သုံးယောက်မှာ အကွေ့အကောက်များသည့် လမ်းအတိုင်း တဖြည်းဖြည်း လျှောက်လှမ်းလာခဲ့ကြသည်။

ကျွန်ုပ်တို့မှာ လှိုဏ်ကြီးထဲတွင် လျှောက်လှမ်းလာခဲ့ရာ မကြာမီ မကွေ့တစ်ခုသို့ ရောက်ရှိခဲ့သည်။

'ဟင်... ပုပ်စော်နံလိုက်တာ၊ အော့... အော့...'

ပေါက်စက ဤသို့ပြောပြီး တအော့အော့ဖြစ်နေသည်။

ကျွန်ုပ်က...

'အဲဒါ အရိုးတောင်ပုံတဲ့နေရာ ရောက်တော့မယ်၊ အဲဒီ အရိုးတွေက အရမ်းပုပ်စော်နံတာပဲ'





ထိုသို့ပြောပြီး လက်ကိုင်ပဝါကိုထုတ်ကာ နှာခေါင်းကို စည်းလိုက်သည်။ ထို့နောက် တစ်ဆစ်ချိုးအကွေ့သို့ ချိုးလိုက်ရာ...

'ဟာ... ဟုတ်ပါရဲ့၊ အရိုးတောင်လို ပုံနေပါလား'

စုပုံနေသော အရိုးစုများကို တွေ့လိုက်ရသဖြင့် အေးမောင်က အံ့သြစွာ အော်ဟစ်လိုက်သည်။

'ဒီနေရာမှာ ဘယ်သူတွေကများ အရိုးတွေ လာပစ်သွားလဲ မသိဘူး'

'အေးကွာ... အဲဒါကို ငါတို့ စဉ်းစားမရတာ'

'အေးကွာ... အရိုးတွေ လာပစ်ရအောင် ဒီတောထဲမှာ ဘယ်သူနေလို့လဲ'

'ကဲပါ... ဒါတွေကို နောက်မှတွေးပေါ့၊ ဟိုမှာ တွေ့လား၊ ဘဒ္ဒေးရဲ့ တဘက်ပြာရှိတဲ့ ချုံပုတ်ကို လှမ်းမြင်ရပြီ၊ ရှေ့လျှောက်ရင် နောက်တစ်ဆင့် လှိုဏ်ထဲထပ်ဆင်းရတော့မယ်'

ကျွန်ုပ်က ဘဒ္ဒေး၏ တဘက်ပြာလေးကို ညွှန်ပြရင်း သူတို့နှစ်ယောက်ကို လှမ်းပြောလိုက်ရာ ပေါက်စနှင့် အေးမောင်မှာ မည်မျှကြောက်ဒူးတုန်သည် မသိ။

'ငါတို့နှစ်ယောက်က လှိုဏ်တစ်ဝက်က စောင့်မယ်၊ လှိုဏ်ကြီးထဲကို မင်း ဆင်းပြီး ဘဒ္ဒေးကို လိုက်ရှာချေ'



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံးက တိုင်ပင်ထားသလားဟု မှတ်ထင်ရသည်။

တစ်လေသံတည်း ထွက်လာသဖြင့် ကျွန်ုပ်က…

‘ဘဒ္ဒေးအတွက်နဲ့ ဒီလောက် သေချင်အောင် ခံစားနေရတာ၊ သေချင် သေပလေ့စေ၊ ငါပဲ ဒီလှိုဏ်ကြီးထဲ ဆင်းမယ်’

သူရဲကောင်းတစ်ယောက်၏ ဟန်ဖြင့် ဝင့်ကြွားစွာ ပြောလိုက်သည်။

အမှန်မှာမူကား ကျွန်ုပ်လည်း လွန်စွာသတ္တိကောင်းလှသူ မဟုတ်ပါ။

တောထဲလည်း တစ်ယောက်တည်းမသွားဝံ့ပေ။ ဤမျှနက်သည့် လှိုဏ်ကြီးထဲသို့ဆင်းရန် သတ္တိရှိလှသည်မဟုတ်ပေ။ ယခုအခါတွင် ကျွန်ုပ်၏ စကားတစ်ခွန်းကြောင့် ပြဿနာအကြီးအကျယ်တက်ကာ ချစ်သူလည်း မုန်း၊ တစ်ခွေလုံး မုန်းကာ အသည်းတဆတ်ဆတ်တုန်မျှ နာကျင်ကြေကွဲနေသည့်အချိန်ဖြစ်၍ သေမထူး နေမထူးဘာဝမျိုးသို့ ရောက်ရှိနေချိန်ဖြစ်သည်။

ထို့ကြောင့် သရဲမသုံးကောင်နှင့်ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ။

ကျားနှင့်ပဲ နပန်းလုံးရ လုံးရ။

မြွေနှင့်ပဲ ဖက်သတ်ရ သတ်ရ။

ဘယ်လိုအန္တရာယ်မျိုးကိုမျှ မကြောက်ရွံ့ဘဲ ရင်ဆိုင်ရန် အသင့်ရှိနေသည်။





သို့အတွက် ကျွန်ုပ်က…

‘အေး… ဘဒ္ဒေးရဲ့ တဘက်ပြာလေးရှိတဲ့ လှိုဏ်ကြီးနောက်ရောက်တဲ့အထိ ငါ ဆင်းရှာမယ်၊ ဘဒ္ဒေးကို တွေ့ရင် ငါ ထမ်းလာခဲ့မယ်’

‘အေးပါ… ငါတို့နှစ်ယောက်က အပေါ်က ကြည့်နေမယ်၊ တကယ်လို့ ကျားနဲ့တွေ့တွေ့ မြွေနဲ့တွေ့တွေ့ ငါတို့ဆင်းလာခဲ့မယ်’

‘ဟေ့ကောင်ရေ… ကျားနဲ့ မြွေနဲ့တွေ့မှ ဆင်းလာလို့တော့ မီမှာမဟုတ်ဘူး၊ ပါသွားပြီဟေ့လို့ပဲ ပြောရမယ်’

ကျွန်ုပ်ကလည်း ခပ်ချဉ်ချဉ်ဖြစ်၍ ထိုသို့သော ဘုကန့်လန့်စကားကို ပြောကာ…

‘ကဲ… ငါ ဆင်းတော့မယ်၊ ကြိုးကို ကိုင်ထားကြဟေ့’

ထိုသို့ပြောပြီး လှိုဏ်ကြီးအတွင်းသို့ ဆင်းလိုက်သည်။

ထိုလှိုဏ်ကြီးမှာ နက်ရှိုင်းသလို ကျယ်လည်း ကျယ်ဝန်းသည်။

အောက်ခြေတွင် ချုံပုတ်ပင်များ ပေါက်နေသည့်အတွက် ထိုချုံပုတ်များကို ဖြဲပြီးသွားခဲ့သည်။ အတန်ကြာသောအခါ ဘဒ္ဒေး၏ တဘက်ပြာကလေးရှိသည့် လှိုဏ်ကြီး၏ အောက်တည့်တည့်သို့ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အုပ်စုသည် ထိုတဘက်ပြာကလေးကို စတွေ့ကတည်းက ဆွဲမယူဘဲ တမင်ပင် အမှတ်အသားအဖြစ် ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဤနေရာကလေး ပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့ လိုက်ရှာနေခြင်းဖြစ်ပေသည်။

ပထမအကြိမ်လာစဉ်က ဦးကြီးတစ်ယောက်သာ ဤလှိုဏ်ကြီးသို့ ဆင်းခဲ့သူဖြစ်သည်။ ကျွန်ုပ်မှ ကိုယ်တိုင်မရှာသည့်အတွက် မချင့်မရဲဖြစ်မိသည်။

'ဦးကြီးမှာ အသက်ကြီးသူဖြစ်၍ မျက်စိလျှမ်းကာ ဘဒွေးကို မတွေ့ခဲ့တာလား'

ဟူသည့်အတွေးမျိုး ပေါ်ပေါက်ခဲ့ဖူးရာ ကျွန်ုပ်ကိုယ်တိုင် ဆင်းရှာရသည့်အခါတွင် . . .

'ဘဒွေးကို တွေ့အောင်ရှာမယ်၊ ဒါမှမဟုတ် နောက်ထပ်သဲလွန်စတစ်ခုခုကို တွေ့အောင်ရှာမယ်'

ဟူ၍ ဆုံးဖြတ်ကာ ကျွန်ုပ်သည် ဤလှိုဏ်ကြီးပတ်ဝန်းကျင်တွင် စေ့စပ်သေချာစွာ လိုက်လံရှာဖွေခဲ့သည်။

ထိုလှိုဏ်ကြီးအတွင်းတွင်ရှိသော သစ်ပင်ပုများ၊ ချုံနွယ်ပိတ်ပေါင်းများပါမကျန်အောင် လိုက်၍ရှာခဲ့သည်။ ကျွန်ုပ်၏အတွေးထဲတွင် ဘဒွေးနှင့်ပတ်သက်သည့် သဲလွန်စတစ်ခုခုတော့ ရလိမ့်မည်ဟု ထင်နေသည်။

အိုယွန်းယုဉ်စာပေ



အများအားဖြင့် ကျွန်ုပ်မှာ ထူးခြားသော ဉာဏ်ရည်ရှိသည်။

တစ်စုံတစ်ခုကို ထူးထူးခြားခြား တွေးမိလျှင် ထိုအကြောင်းအရာများဖြစ်တတ်သည်။ ထို့ကြောင့် ကျွန်ုပ်မှာ ဤလှိုဏ်ကြီးအတွင်း နာရီပေါင်းများစွာ အချိန်ဖြုန်းကာ ရှာဖွေရေးလုပ်ငန်းကို လုပ်ခဲ့သည်။

သည်တစ်ချီတော့ မှန်းချက်နှင့် နမ်းထွက် မကိုက်ခဲ့ပေ။ မည်မျှ ကြိုးစားရှာဖွေစေကာမူ မည်သည့်သဲလွန်စမျှ မတွေ့ရဘဲ အချည်းနှီးဖြစ်ခဲ့ရသည်။

တဖြည်းဖြည်းနှင့် ညနေစောင်းသို့ တိုင်ခဲ့ပြီ။

ပတ်ပန်းကျင်တစ်ခုလုံး နှံ့နှံ့စပ်စပ်လည်း ရှာဖွေခဲ့ပြီးပြီဖြစ်၍ ကျွန်ုပ်လည်း အားလျော့စွာဖြင့် ပြန်လာခဲ့သည်။

ကျောက်ကမူအစွန်းတွင် စောင့်နေသည့် ပေါက်စနှင့်အေးမောင်က . . .

'ကိုစိုင်း ရှာမတွေ့ဘူးလား'

ထိုသို့ အော်ဟစ်၍မေးရာ ကျွန်ုပ်က . . .

'မတွေ့ဘူးဟေ့ . . . ငါ တက်တော့မယ်၊ ဆွဲတင်ကြဟေ့'

ထိုသို့ ပြန်အော်ပြီး လှိုဏ်ကြီးအတွင်းမှ တက်ခဲ့သည်။

အိုယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ကျောက်ကမူကြီးပေါ်သို့ ရောက်ရှိခဲ့ရာ ကျွန်ုပ်တို့မှာ လာလမ်းအတိုင်း ပြန်ခဲ့ကြသည်။

မကြာမီ လွန်စွာပုပ်စော်နံလှသည့် အရိုးတောင်ပုံအနီးသို့ ရောက်လာခဲ့သည်။

ထုံးစံအတိုင်း နှာခေါင်းပိတ်ကာ ထိုအနီးမှ ဖြတ်သန်းလာစဉ်...

'ဘုန်း...' 'အမလေးဗျ...'

'လုပ်ကြပါဦး' 'ဗုဒ္ဓေါ... ဗုဒ္ဓေါ'

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် 'ဘုန်း' ဟူသော ကျယ်လောင်သည့် အသံကြီးကို ကြားလိုက်ရသောအခါ လျှိုကြီးပဲ့ထွက်သွားသကဲ့သို့ ခံစားရကာ အော်မိအော်ရာ လန့်အော်ရင်း အရိုးတောင်ပုံ၏နံဘေးမှ အပြေးကလေး ပြေးထွက်ခဲ့ကြသည်။ ထိုအရိုးတောင်ပုံကို ကျော်ဖြတ်ပြီးမှ ကျွန်ုပ်က...

'ဟေ့ကောင်တွေ... မင်းတို့ ဘာဖြစ်လို့ ပြေးကြတာလဲ'

ဟူ၍ လှမ်းမေးလိုက်ရာ သူတို့က...

'ဘုန်းဆိုတဲ့ အသံကြီးကြားတော့ ပြေးတာပေါ့ကွ၊ အရိုးတောင်တွေ ပြိုကျသလားမှ မသိတာ'

'အေး... အဲဒါ တစ်ခုခုပဲ၊ ငါတို့ အဲဒီနားကို သွားကြည့်ကြရင် ကောင်းမယ်'





'ငါတို့တော့ ကြောက်တယ်ကွာ'

'ကြောက်တော့ ကြောက်တာပေါ့ကွာ၊ ဒါပေမဲ့ ဘာမှန်းညာမှန်း မသိဘဲ ကြောက်တာနဲ့စာရင် သွားတော့ကြည့်သင့်တယ်'

ကျွန်ုပ်သည် တစ်ခုခုဆိုလျှင် လွန်စွာစပ်စုတတ်သူဖြစ်သဖြင့် ဤအသံမှာ အဘယ်အကြောင်းကြောင့်ဟူသည်ကို များစွာသိလိုသည့်အတွက် ဤသို့ ပြောလိုက်သည်။

ထိုအခါ ပေါက်စက...

'ဟုတ်တယ်ကွ၊ ငါတို့ဆီမှာ သေနတ်ပါတာပဲ၊ ခပ်ဝေးဝေးက လှမ်းကြည့်ကြမယ်၊ တောကောင်ဆိုရင် ပစ်ကြတာပေါ့'

'ဟုတ်တယ်၊ သွားကြည့်သင့်တယ်'

ခွန်ဝင်းနိုင်ကလည်း ပေါက်စ၏ စကားကို ထောက်ခံပြောဆိုလိုက်သည်။

ထိုသို့ဖြင့် ကျွန်ုပ်တို့သုံးဦးမှာ ကြောက်ရွံ့သောခြေလှမ်းများဖြင့် ထိုနေရာဆီသို့ ခပ်ဖြည်းဖြည်းသွားရာ...

'ဟာ... ခေါင်းပြတ်ကြီး'

ပေါက်စက ဤသို့ လှမ်းအော်လိုက်သဖြင့် ကျွန်ုပ်ပင်ရင်ထဲ ထိတ်ခနဲဖြစ်သွားခဲ့ပြီး မကြည့်ရဲကြည့်ရဲဖြင့် လှမ်းကြည့်ရာ...



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မင်းကလည်း ခေါင်းပြတ်ကြီးလို့ ပြောလို့ လန့်လိုက်တာ'

'ဟုတ်တယ်လေကွာ၊ ဟိုမှာတွေ့တာ ခေါင်းပြတ်နေတဲ့ အကောင်ကြီး မဟုတ်လား'

ပေါက်စက ဤသို့ပြောရင်း ညွှန်ပြလိုက်ရာ ဆိတ်လော၊ ချေလော၊ စိုင်လောဟူ၍ အမျိုးအမည် ကွဲပြားစွာမသိသည့် ခြေလေးချောင်းသတ္တဝါတစ်ကောင်၏ ခေါင်းပြတ်နေသည့် ခန္ဓာကိုယ်ကြီး ဖြစ်နေသည်။

'ဒီအကောင်ကြီးကို ဘယ်သူကများ ခေါင်းဖြတ်လိုက်တာပါလိမ့်'

'အေးလေ… ဒီအကောင်ကြီးက ဘယ်ကကျလာတာပါလိမ့်'

'အေးကွ… ဒီအကောင်ကြီးကို ဘယ်သူက ပစ်ချလိုက်သလဲ မသိဘူး'

ကျွန်ုပ်တို့မှာ တစ်ယောက်တစ်မျိုး အတွေးမျိုးစုံအောင်တွေးကာ တစ်ယောက်တစ်ပေါက် ပြောနေခဲ့ကြသည်။

သည်တွင် ကျွန်ုပ်က…

'ဒီလိုမျိုး ခေါင်းပြတ်တဲ့အကောင်တွေကို ပစ်ချလို့ ဒီအရိုးတွေဟာ ဦးခေါင်းခွံမပါတာ ဖြစ်မယ်'





ဤသို့ ပြောလိုက်သည်။

'အေး… အဲဒါ ဘယ်ကကျလာသလဲ၊ ကြည့်လိုက်ကြစမ်း၊ တောင်ပေါ်က ကျလာတာလား မသိဘူး'

ကျွန်ုပ်တို့မှာ တောင်ပေါ်သို့ မော့ကြည့်လိုက်ကြသည်။

ထိုတောင်ကြီးမှာ အတော်ပင် မြင့်မားစွာ ထီးထီးကြီးရှိနေသဖြင့် မော့ကြည့်သော်လည်း မည်သည့်အရာမျှ မမြင်ရချေ။

ထို့ကြောင့် တောင်နံရံများကို လှမ်းကြည့်ရာ ချုံပုတ်နှင့်ကွယ်နေသောနေရာတွင် အပေါက်သဏ္ဍာန်ကဲ့သို့ အရာတစ်ခုကို ခပ်ရေးရေး တွေ့လိုက်ရသည်။ ကျွန်ုပ်က…

'ဟော… ဟိုမှာ အပေါက်တစ်ခုရှိတယ်၊ အဲဒီအပေါက်က ကျလာတာဖြစ်မယ်' ဟူ၍ ပြောဆိုညွှန်ပြလိုက်ရာ ကျန်အဖွဲ့သားများက မော့ကြည့်လိုက်ပြီး…

'ဟုတ်တယ်၊ သေသေချာချာကြည့်မှ တွေ့တယ်၊ ချုံပုတ်ကွယ်နေတော့ ဖြုန်းခနဲကြည့်ရင် မတွေ့ရဘူး'

ကျွန်ုပ်တို့မှာ အပေါက်ကြီးကို တွေ့လိုက်ရသဖြင့် လွန်စွာစိတ်ဝင်စားသွားခဲ့ကြသည်။

'ခေါင်းပြတ်တွေ တောင်လိုပုံတဲ့ကိစ္စတော့ သိပြီ၊ ဒါပေမဲ့ အဲဒါ ဘယ်သူ့လက်ချက်လဲဆိုတာ သိဖို့လိုတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဤသို့ ပြောလိုက်ရာ ခွန်ဝင်းနိုင်က…

'ဟုတ်တယ်၊ ဒီကိစ္စ သိဖို့လိုတယ်၊ ဒါဟာ ဘဒ္ဒေးကိစ္စနဲ့ ဆက်စပ်ရင် ဆက်စပ်နေမှာ'

'ဟုတ်တယ်၊ ဟုတ်တယ်'

'ကဲ… ဘဒ္ဒေးကိစ္စနဲ့ ဆက်စပ်သည်ဖြစ်စေ မဆက်စပ်သည်ဖြစ်စေ အတပ်ပြောလို့တော့ မရဘူး၊ ဒါပေမဲ့ ဒီအကြောင်းရင်းက ဘာလဲဆိုတာ သိချင်တယ်'

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ အားလုံးကလည်း…

'ဟုတ်တယ်၊ ဒီအကြောင်းကို သိသင့်တာပေါ့'

'ဒါပေါ့… ဒါပေါ့'

'ဟောဟိုက အပေါက်က အကြီးကြီးပဲ၊ အဲဒီထဲ ဝင်ကြည့်ကြရင် မကောင်းဘူးလား'

'ဝင်ကြည့်တာက အရေးမကြီးဘူး၊ လူတစ်ရပ်လောက်မြင့်တယ်'

'ဩော်… ဒါလေးများ တစ်ယောက်ရဲ့ ပခုံးပေါ် တက်လိုက်ရင် အဲဒီအပေါက်ထဲ တန်းပြီးရောက်သွားမယ်'

'ဟ… ဒါဆို ငါတို့ချည်းပဲ ဝင်လို့ မဖြစ်သေးဘူး၊ ဟိုနှစ်ယောက်ကိုလည်း ပြောပြဦးမှ'





'ဟုတ်တယ်၊ ဟုတ်တယ်'

ထိုသို့ ဆုံးဖြတ်ချက်ချကာ ကျွန်ုပ်တို့သုံးဦးမှာ လှိုဏ်ကြီးအတွင်းမှ ထွက်ခွာလာခဲ့ကြသည်။

အပြန်ခရီးတွင် အသင့်စောင့်နေသည်။

ခွန်ဝင်းနိုင်တို့အုပ်စုနှင့်တွေ့ကာ အရိုးတောင်ပုံအကြောင်း ပြောပြရာ…

'ဟော… ဟုတ်လား'

'ဟုတ်တယ်ကွာ၊ အပေါက်က လူတစ်ရပ်လောက်တော့ မြင့်တယ်'

'အို… ဒါ ဘာခက်လို့လဲ၊ ကြိုးလှေကားလုပ်ပြီးတက်ရင် ရတာပဲ'

'ဟုတ်တယ်၊ ဒါဆိုရင် ငါတို့ ကြိုးလှေကားလုပ်ပြီး အဲဒီပေါက်ထဲ ဝင်ကြည့်ကြမယ်'

'ဘယ်တော့လဲ'

'မနက်ဖြန်'

ကျွန်ုပ်တို့ အုပ်စုသည် လှိုဏ်ရုံတစ်ဝက်ခန့်၌ရှိသော ထူးဆန်းသည့် ဂူပေါက်ကြီးထဲသို့ ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
## နတ်တောင်ပေါ်က နတ်ရုပ်တု

ကျွန်ုပ်တို့အားလုံးမှာ ပြန်ရောက်သည်နှင့် ကြိုးလှေကား စတင်လုပ်ရန် စိတ်ကူးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လျှိုထဲသို့ အားလုံးဆင်းကြမည်ဟု စိတ်ကူးသည့်အတွက် ကြိုးလှေကား မှသာလျှင် အဆင်ပြေပေမည်။

'ဟောကောင်တွေ… ကြိုးလှေကားအကြီးတစ်ခု အသေး တစ်ခု လုပ်မှဖြစ်မယ်'

'ဟုတ်တယ်၊ လျှိုကြီးအဆင်းမှာ ကြိုးလှေကားအကြီး နဲ့ သုံးရမယ်'

ကျွန်ုပ်တို့ငါးဦးမှ လူငယ်အတွေးနှင့် ကြိုးလှေကားနှစ်ခု ပြုလုပ်ခဲ့ကြသည်။

ကြိုးလှေကားလုပ်ခြင်း၊ ထမင်းချက်ရင်းဖြင့် နေမွန်း တည့်အချိန်သို့ ရောက်ခဲ့သည်။





ထမင်းဟင်းများ ချက်ပြုတ်စားသောက်ပြီးနောက် ကျွန်ုပ်တို့အားလုံး တစ်ဖက်တောင်ကြောသို့ ကူးခဲ့ကြသည်။

မကြာမီ လျှိုကြီးထဲသို့ဆင်းသည့်နေရာသို့ ရောက်လာ ခဲ့သည်။

'ကဲ… ဒီနေရာမှာ ငုတ်တိုင်ကြီးကြီးနှစ်ခု စိုက်ရမယ်၊ ပြီးရင် ကြိုးလှေကားကို ငုတ်တိုင်မှာ အသေအချာချည်ကြ'

ကျွန်ုပ်မှာ ဦးကြီးတို့နှင့် အတူတကွ တောလိုက်ဖူးသည့် အတွက် ကြိုးလှေကားလုပ်နည်း၊ ကြိုးလှေကားနှင့်ဆင်းခြင်းကို ကောင်းစွာသိနားလည်ခဲ့သည်။

ထို့ကြောင့် ငုတ်တိုင်ဖြင့် သေချာစွာ ချည်နှောင်နိုင်းခြင်း ဖြစ်သည်။

ထို့နောက် ကြိုးလှေကားကို လျှိုကြီးအတွင်းသို့ ချလိုက် သည်။

'ကိုင်း… မင်းတို့ အရင်ဆုံး ကြိုးလှေကားနဲ့ ဆင်းကြ၊ ပြီးမှ ငါ ဆင်းမယ်'

ကျွန်ုပ်က ဤသို့ပြောလိုက်ရာ သူတို့လေးယောက်မှာ ကြိုးလှေကားနှင့် တစ်ယောက်ပြီးတစ်ယောက် ဆင်းသွားခဲ့သည်။ သူတို့ ဆင်းသွားစဉ် ကြိုးလှေကား နိုင်မနိုင်ကို ကျွန်ုပ် စောင့် ကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလှေကားမှာ သေချာစွာပြုလုပ်ထားသည့်အတွက် ခိုင်ခိုင်မာမာဖြစ်ကြောင်း တွေ့ရှိရသည်။

နောက်ဆုံးတွင် ကျွန်ုပ်လည်း ကြိုးလှေကားမှ ဆင်းလာခဲ့သည်။

ထိုမှတစ်ဆင့် အရိုးတောင်ပုံရှိသည့်နေရာသို့ ကျွန်ုပ် ဦးဆောင်ကာ သွားခဲ့သည်။

များမကြာမီအချိန်တွင် ကျွန်ုပ်တို့ငါးဦးမှာ အရိုးတောင်ပုံနေရာသို့ ရောက်လာခဲ့သည်။

'ဟာ… ပုပ်စော်အရမ်းနံတာပဲ'

'ဟော… ဟိုမှာ မနေ့က ကျလာတဲ့ တိရစ္ဆာန်ခေါင်းပြတ်ကြီး'

'အဲဒီအကောင်ကြီးက ပုပ်စော်တောင်နံနေပြီ'

'ဟုတ်ပါ့ကွာ'

'ဟိုအပေါ်မှာ ချုံပုတ်ကွယ်နေတဲ့ အပေါက်တစ်ခု တွေ့တယ်မဟုတ်လား'

'ချုံပုတ်ပဲ တွေ့တယ်'

'အဲဒီချုံပုတ်ကို ခုတ်ပစ်ရမယ်၊ ဒါမှ အပေါက်ဝကို ကောင်းကောင်းမြင်ရမှာ'

'ဟုတ်တယ်၊ ပေါက်စ တက်ခုတ်ကွာ'





ကျွန်ုပ်တို့သည် ဤသို့ စီမံပြီးနောက် တစ်ယောက်ပခုံး တစ်ယောက်တက်ကာ အပေါက်ဝ၌ ကြိုးလှေကားကို ခိုင်ခံ့အောင် ရိုက်သွင်းလိုက်သည်။

ထို့နောက် ပေါက်စက ကြိုးလှေကားမှတက်ကာ ချုံပုတ်ကို ခုတ်ထွင်ရှင်းလင်းလိုက်ရာ တောင်နံရံတွင် ဂူပေါက်ဝကြီး ပေါ်လာခဲ့သည်။

'ထူးထူးဆန်းဆန်းကွာ… တောင်နံရံမှာ ဂူပေါက်ကြီး ဖြစ်နေရတယ်လို့'

'အေးကွာ… သဘာဝတရားက ထူးဆန်းတယ်၊ လူတွေ လိုက်မမီအောင်ပဲ'

'ကဲ… ကဲ… ဂူပေါက်ကြီးထဲ ဝင်ကြည့်ကြစို့'

သည်တစ်ခါတွင် ကျွန်ုပ်က ဦးဆောင်ပြီး ဝင်ခဲ့သည်။ ဂူပေါက်ကြီးမှာ ကြီးမားပြီး လူတစ်ရပ် ကောင်းစွာလွတ်သည်။

ဂူထဲတွင် လှေကားထစ်ကဲ့သို့ ကျောက်များမှာ အထပ်လိုက်ဖြစ်နေသဖြင့် ခပ်ပြေပြေတက်သွားခဲ့သည်။

တချို့နေရာများတွင် ကျောက်စက်ပန်းဆွဲကဲ့သို့ အချွန်များကျနေသည့် ကျွန်ုပ်တို့သည် ထိုကျောက်ဂူကြီးအား ကြည့်ရှုပြီး တဖြည်းဖြည်း တက်လာခဲ့ရာ နောက်ဆုံးတွင် ထိုအပေါက်ဝမှာ တောင်ထိပ်တစ်ခုတွင် အဆုံးသတ်ကြောင်း တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်ကြီးမှတစ်ဆင့် ကျွန်ုပ်တို့မှာ တောင်ထိပ်သို့ ရောက်ရှိလာခဲ့သည်။

'ဟာ... ငါတို့ တောင်ထိပ်ကိုရောက်လာပြီ'

ကျွန်ုပ်တို့မှာ တောင်ထိပ်မှ ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လိုက်ရာ အမြင့်ဆုံးတောင်ထိပ်တွင် ရောက်နေမှန်းသိလိုက်ရသည်။

'ငါတို့ဟာ အမြင့်ဆုံးတောင်ထိပ်ကို ရောက်နေတာပဲ၊ ဟိုမှာကြည့်စမ်း... တခြားတောင်တွေက ဒီတောင်ထက်နိမ့်တယ်'

ခွန်ဝင်းနိုင်က ကျွန်ုပ်တို့အား ပတ်ဝန်းကျင်ရှိ တောင်များကို လက်ညှိုးထိုးပြီး ပြောလိုက်ရာ ကျွန်ုပ်မှာ ဘခွေး ပြောသည့် စကားကို အမှတ်ရပြီး...

'ဘခွေးက ပြောဖူးတယ်၊ ဒီတောင်တန်းထဲမှာ အမြင့်ဆုံးတောင်က နတ်တောင်တဲ့၊ ဒါဆို ငါတို့ ရောက်တဲ့နေရာက နတ်တောင်ထိပ်ဖြစ်မယ်'

'ဟုတ်မယ်၊ မနေ့ညက မီးရောင်တွေ့တာ ဒီတောင်ပဲ ဖြစ်မယ်'

'ဟုတ်တယ်၊ ဒီတောင်ပေါ်မှာ ဘာတွေထူးခြားမှုရှိသလဲ ဆိုတာ လိုက်ကြည့်ရအောင်'





ကျွန်ုပ်က ဤသို့ပြောလိုက်ရာ အားလုံးက...

'ဟုတ်တယ်၊ လျှောက်ကြည့်ကြမယ်'

ဟူ၍ ဝိုင်းထောက်ခံကြသည့်အတွက် ထိုနေရာမှ လျှောက်ကြည့်ခဲ့သည်။

အတန်ငယ်သွားသောအခါ သစ်ပင်ကြီးတစ်ပင်အောက်တွင် နတ်ကွန်းလိုလို နတ်စင်တစ်ခုကို တွေ့လိုက်ရသည်။

'ဟာ... နတ်စင်တစ်ခုပါလား'

'နတ်စင်ထဲမှာလည်း နတ်ရုပ်တစ်ခုပါလား'

'နတ်ရုပ်ကလည်း အရုပ်ဆိုးလိုက်တာ'

ပေါက်စက နတ်ရုပ်ကိုကြည့်ပြီး ဤသို့ပြောလိုက်သည်။

ကျွန်ုပ်က...

'နတ်ရုပ်ကို အဲဒီလိုမပြောရဘူး'

ဟူ၍ ပြောလိုက်သည်။

ကျွန်ုပ်က ဤသို့ပြောလိုက်သော်လည်း အမှန်မှာ နတ်ရုပ်ကား အမှန်ပင် အရုပ်ဆိုးလှပေသည်။

နတ်ရုပ်မှာ မည်းနက်သော သစ်သားဖြင့် ထုလုပ်ထားပြီး မျက်လုံးကို အနီရောင်ဆေးခြယ်ထားပြီး မျက်လုံးများမှာ ပြူးကျယ်လျက်ရှိသည်။

ကြီးမားသော နားရွက်၊ နှာခေါင်းနှင့် သွားများပေါ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည့် မျက်နှာကြီးမှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ ကြောက်စရာကောင်းလောက်အောင် ထုလုပ်ထားသည့် ရုပ်တုကြီးမှာ လက်ရာမြောက်လွန်းလှပေသည်။

'ဟော… နတ်ရုပ်ရှေ့မှာ ဆတ်ခေါင်းကြီး'

ခွန်ဝင်းနိုင်က ဤသို့ပြောသဖြင့် လှမ်းကြည့်လိုက်ရာ နတ်ရုပ်တုကြီးရှေ့တွင်ရှိသော စင်ပေါ်တွင် ဆတ်ခေါင်းကြီးကို တင်ထားပြီး ထိုခေါင်းအောက်တွင် ခွက်တစ်ခုကို ခံထားသည်။ ထိုခွက်ထဲတွင် ဆတ်ခေါင်းမှ ကျဟန်တူသော သွေးများဖြင့် ခြောက်နေသည်။

'ဟာ… ဒါဟာ ယဇ်ပူဇော်ထားတာပဲ'

ကျွန်ုပ်က ချက်ချင်းသဘောပေါက်ကာ ဤသို့ပြောလိုက်ရာ ဆန်းဝင်းနှင့် အေးမောင်တို့ကလည်း…

'ဟုတ်တယ်၊ ဒါဟာ တိရစ္ဆာန်တွေရဲ့ ခေါင်းကိုဖြတ်ပြီး ယဇ်ပူဇော်ထားတာပဲ' ဟူ၍ အသီးသီးထောက်ခံပြောဆိုလိုက်သည်။

'အင်း… အခုမှ သဘောပေါက်ပြီ၊ တိရစ္ဆာန်တွေရဲ့ ခေါင်းကိုဖြတ်ပြီး ယဇ်ပူဇော်တယ်၊ ခန္ဓာကိုယ်ကြီးကိုတော့ ဟို အပေါ်ကထဲကနေပြီး လွှင့်ပစ်တာနေမှာ'

'ဟုတ်တယ်၊ ဒါကြောင့် အဲဒီအရိုးတွေမှာ ဦးခေါင်းခွံ မပါတာဖြစ်မယ်'





'ဟုတ်ပြီ၊ တစ်ခုတော့ သိသွားပြီ၊ ဒါပေမဲ့ ဒီတိရစ္ဆာန်တွေရဲ့ဦးခေါင်းကိုဖြတ်ပြီး ဘယ်သူက ယဇ်ပူဇော်တာလဲ'

'အေး… ဟုတ်တယ်၊ အဲဒါ သိရအောင် ငါတို့ လျှောက်ကြည့်ရအောင်'

'ကောင်းတယ်ကွာ'

ကျွန်ုပ်တို့မှာ လူအများမရောက်သည့် နတ်တောင်ပေါ်သို့ ရောက်ရှိပြီး ယဇ်ပူဇော်ထားသည့် တိရစ္ဆာန်ခေါင်းပြတ်ကြီးကို တွေ့ခဲ့ရသည်။ ဤသည်မှာ ပဟေဠိတစ်ခု၏ အစတစ်ခုဖြစ်၍ ထိုအစကို ဆွဲထုတ်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်တစ်ရပ်ဟု ယူဆကာ ထိုတောင်ထိပ်ပေါ်၌ လိုက်လံကြည့်ရှုခဲ့သည်။ တောင်ထိပ်ကား အခြားတောင်ထိပ်နှင့်မတူ ကျယ်ဝန်းပြီး သစ်ပင်ကြီးငယ်များ ပေါက်ရောက်နေသည်။

ကျွန်ုပ်တို့ လျှောက်ကြည့်သော်လည်း မည်သည့်ထူးခြားမှုမျှ မတွေ့ရပေ။

တဖြည်းဖြည်းနှင့် ညနေစောင်းအချိန်သို့ ရောက်ရှိခဲ့သည်။

ကျွန်ုပ်တို့သည် တောင်ထိပ်မှနေ၍ နေဝင်ချိန်ကိုကြည့်ရင်း…

'ဒီညအဖို့ တို့တစ်တွေ ဒီတောင်ထိပ်မှာ စခန်းချမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ မီးရောင်တွေ ဘယ်ကလာတယ်ဆိုတာ သိမှာ'

ထိုသို့ ကျွန်ုပ်က ပြောလိုက်ရာ ဆန်းဝင်းက…

'ဘယ်နေရာမှာ စခန်းချမှာလဲ' ဟူ၍ မေးလိုက်ရာ သစ်ပင်ကြီးအား လက်ညှိုးထိုးပြပြီး…

'အဲဒီ သစ်ပင်ကြီးပေါ် တက်ပြီး စောင့်ကြည့်မယ်'

'ကောင်းတယ်'

ကျွန်ုပ်တို့ငါးဦးသည် သည်ညအဖို့ ဤသစ်ပင်ကြီးပေါ်တွင် စောင့်အိပ်ရန် သဘောတူခဲ့ကြသည်။

တဖြည်းဖြည်း ညဥ့်နက်လာပြီဖြစ်၍ ကျွန်ုပ်တို့မှာ တောင်ထိပ်ပေါ်ရှိ သစ်ပင်ကြီးပေါ်သို့တက်ကာ အရိပ်အခြေကို စောင့်ကြည့်နေခဲ့ကြသည်။

ညဥ့်နက်လာသည်နှင့်အမျှ တောင်ထိပ်တွင် လေတဟူးဟူးတိုက်လာသည်။

'ဝိုး… ဝိုး… ဝိုး…'

ထိုစဉ်…

'အဟောင်း… ဟောင်း… ဟောင်း…'

'အဟီး… ဟီး… ဟီး…'

'အဟောင်း… ဟောင်း… ဟောင်း…'

'အဟီး… ဟီး… ဟီး…'





ဟူသော လိုဏ်ခေါင်းသံပါနေသည့် ကြောက်မက်ဖွယ် အသံကြီးကို စတင်ကြားလိုက်ရာ ကျွန်ုပ်တို့အားလုံးမှာ ဆံပင်များ ထောင်ထလာအောင် ကြောက်စိတ်များ ဝင်လာခဲ့သည်။

သည်တွင် ဆန်းဝင်းမှာ…

'ဟော… ဟော… မကောင်းဆိုးဝါးညည်းသံကြီး ကြားရပြီ'

ဟူ၍ ကြောက်ရွံ့တုန်လှုပ်စွာ ပြောလိုက်သည်။

'ဒါဆိုရင် သရဲမကြီးသုံးကောင် လာတော့မယ်နဲ့တူတယ်'

ထိုသို့ ပြောနေစဉ် ကျွန်ုပ်တို့လာသည့် လိုဏ်ခေါင်းပေါက်ဝမှ မီးရောင်လေးတစ်ခု လင်းလက်လာသည်။

'အဟောင်း… ဟောင်း… ဟောင်း…'

'အဟီး… ဟီး… ဟီး…'

ထိုအသံနှင့်အတူ မီးအိမ်ကိုင်ဆောင်လာသည့် မည်းမည်းသဏ္ဍာန်သုံးယောက်သည် လိုဏ်ခေါင်းပေါက်ဝမှ တဖြည်းဖြည်း တက်လာခဲ့သည်။

'ဟော… ဟော… သရဲမသုံးကောင်…

'သူတို့ ဘာလုပ်မလဲ၊ ကြည့်စ… …မယ်'

ထိုအဝတ်မည်းဝတ်ဆင်ပြီး ဆံပြန်သည်…



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းသဏ္ဍာန်များမှာ နတ်ကွန်းရှေ့သွားပြီး တစ်စုံတစ်ရာကို ရွတ်ဆိုနေသည်။

ကျွန်ုပ်တို့မှာ ရှေ့လျှောက် မည်သို့ဖြစ်မည်နည်းဟူသော ကြောက်စိတ်အပြည့်နှင့် ကြည့်နေခဲ့ကြသည်။

သူတို့သည်…

'အဟင်း… ဟင်း… ဟင်း…'

'အဟီး… ဟီး… ဟီး…'

ဟူသော ညည်းသံကြီး ပေါ်ထွက်လာပြီး ကျွန်ုပ်တို့ တက်ရောက်နေသည့် သစ်ပင်ကြီး၏ အရှေ့ဘက်ယွန်းယွန်းရှိ ကျောက်ကမူကြီးဆီသို့ သွားခဲ့ကြသည်။ ထို့နောက် ကျောက်ကမူကြီး ရှေ့ရှိ လုံးဝန်းသော ကျောက်တန်းကြီးကို တွန်းဖယ်လိုက်ရာ…

'အဟင်း… ဟင်း… ဟင်း…'

ဟူသော ညည်းသံကြီးတစ်သံ ပေါ်ထွက်လာပြန်ရာ ကျွန်ုပ်မှာ…

'အဲဒီထဲမှာလည်း သရဲတွေရှိတယ်နဲ့တူတယ်'

… စိတ်ဝယ် တွေးထင်လာသည်။

'အဟ…တို့ရေ… ကျောက်ကမူထဲမှာ သရဲတွေရှိနေ

'အဟင်း…

'အဟီး… ဟီ…

ယွန်းယုဉ်စာပေ



ဟူ၍ ပြောလိုက်သည်။

'ဟော… အထဲကနေ ဘာကောင်ကြီးကို ဆွဲထုတ်လာသလဲ မသိဘူး'

ထိုစဉ် မည်းမည်းသဏ္ဍာန်သုံးကောင်မှာ ကျောက်ကမူကြီးထဲမှ လေးလံသည့် အရာဝတ္ထုတစ်ခုကို ထုတ်လာသည်ကို တွေ့လိုက်ရသည်။

ထိုအရာဝတ္ထုမှ တဟင်းဟင်းညည်းနေသဖြင့်…

'ဆွဲထုတ်လာတဲ့ဟာက ညည်းနေတယ်၊ သရဲလား လူလား မသိဘူး'

'အေးလေ… မှောင်နေတော့ မသဲမကွဲဘူး'

ထိုစဉ် ထိုသရဲမသုံးဦးမှာ မည်သို့လုပ်လိုက်သည် မသိ ဆွဲထုတ်လာသည့် အရာဝတ္ထုထဲမှ…

'အမလေးဗျ… အလိုလေးဗျ…'

ဟူသော အသံကြီးမှာ ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့ရာ…

'ဒီလောက်အော်နေတာ သရဲမဖြစ်နိုင်ဘူး၊ လူပဲဖြစ်မယ်'

ဟူ၍ ကျွန်ုပ်က ပြောလိုက်စဉ် ထိုလူဆီမှ…

'အမလေးဗျ… နာလှချည်ရဲ့'

ဟူသော အသံကို ထပ်မံကြားရပြန်သည်။

ဒိုယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒီအသံ ငါ ကြားဖူးသလိုလိုပဲ'

'ဒါ ယောကျ်ားအသံဗျ၊ ငါတို့လည်း ဒီအသံ ကြားဖူးသလိုလိုပဲ'

ကျွန်ုပ်တို့အားလုံး စဉ်းစားလိုက်ရာ…

'ဟာ… ဒါဟာ ဘဒွေးရဲ့ အသံပဲ'

'ဟုတ်တယ်၊ ဘဒွေးရဲ့အသံပဲ'

'ဘဒွေးရဲ့ သရဲမသုံးကောင်က ပိုင်းဆွဲနေပြီ၊ ငါတို့ ဆင်းကယ်မှ ဖြစ်မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်'

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့သုံးယောက်မှာ မြေပြင်ပေါ်သို့ မည်သို့ရောက်သွားမှန်းမသိအောင် ခုန်ချပြီး ဘဒွေးဆီသို့ အလွန်လျင်မြန်သော အဟုန်ဖြင့် အပြေးသွားလိုက်ပြီး…

'ဘဒွေးလား… ဘဒွေး မဟုတ်လား'

ဟု မေးလိုက်ရာ ထိုသူများမှာ အံ့အားသင့်သွားပြီး…

'မောင်စိုင်းလား၊ ဘဒွေးလေ'

'အမလေး… ဘဒွေးရယ်၊ ဖြစ်မှဖြစ်ရပလေ'

'ကဲ… သရဲမတွေ သေစမ်း'

ပေါက်စက ဤသို့ပြောပြီး သေနတ်ဖြင့် ချိန်ရွယ်လိုက်ရာ…





ဘဒွေးက…

'ဟဲ့… ဟဲ့… မလုပ်ကြနဲ့၊ မှားကုန်မယ်'

ဟူ၍ အမြန်ဆုံးဟန့်တားလိုက်သည်။ သည်တွင် သရဲမသုံးကောင်မှာလည်း ကျွန်ုပ်တို့အား လွန်စွာအံ့အားသင့်စွာဖြင့် ကြည့်နေသည်။

'ဘဒွေးကို ဒီသရဲမသုံးကောင်က ခေါ်သွားတာမဟုတ်လား'

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘဒွေးက…

'သူတို့ဟာ သရဲမတွေ မဟုတ်ပါဘူး၊ ဒီတောင်မှာနေတဲ့ အဘွားအိုသုံးယောက်ပါ'

'ဟင်…'

ဘဒွေး၏ စကားကြောင့် ကျွန်ုပ်တို့အုပ်စုမှာ ပိုမိုအံ့အားသင့်ခဲ့ရသည်။

'ဒါဆိုရင် သူတို့က ခုနက ဘဒွေးကို ဘာလုပ်တာလဲ'

'သူတို့က ဘဒွေးရဲ့ ကျေးဇူးရှင်တွေပါ၊ ဘဒွေးကို ဆေးကုပေးတာ'

'ဟောဗျ…'

'ဒါနဲ့ မင်းတို့က ဒီတောကြီးထဲကို ဘယ်လိုရောက်လာတာတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဘဒ္ဒေး ပျောက်သွားလို့ လိုက်ရှာတာလေ'

'ငါ ဒီမှာရှိမှန်း မင်းတို့ ဘယ်လိုလုပ်သိသလဲ'

'ဘယ်သိမလဲ ဘဒ္ဒေးရယ်၊ ကျွန်တော်တို့လည်း ရမ်းရှာတာပေါ့၊ ဒါနဲ့ ဘဒ္ဒေးက ရွာကိုပြန်မလာဘဲ ဒီတောကြီးထဲမှာ ဘာလုပ်နေတာလဲ'

'မောင်စိုင်းရေ… တောင်ပေါ်က လိမ့်ကျပြီး ခြေထောက်နှစ်ချောင်းစလုံး သွင်သွင်ကျိုးပြီး ဘစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ဖြစ်နေတာ၊ ဘယ်လိုပြန်လို့ရမလဲ'

ထိုသို့ပြောပြီး ဘဒ္ဒေးက ဒဏ်ရာဒဏ်ချက်များပြရာ တစ်ကိုယ်လုံးတွင် ပွန်းပဲ့ကာ ခြေထောက်နှစ်ချောင်းမှာ လုံးဝမထောက်နိုင်ဘဲ သွင်သွင်ကျိုးနေကြောင်း တွေ့ရှိရသည်။

'ဘဒ္ဒေးက ဒီဒဏ်ရာတွေနဲ့ ဖြစ်နေတုန်းမှာ ဒီအသွားတွေက ဒီဂူထဲမှာထားပြီး အစာလည်းကျွေးတယ်၊ ဆေးလည်း ကုပေးတယ်၊ အသွားတို့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်ပါ'

ဤတွင် အသွားကြီးသုံးယောက်မှာ ကျွန်ုပ်တို့ကို ကြည့်နေသဖြင့်…

'အသွားတို့ကို ကျေးဇူးတင်ပါတယ်၊ အသွားတို့ကို သရဲထင်ပြီး ပြောမိဆိုမိတာ ခွင့်လွှတ်ပါ'

'အေးပါကွယ်'





အသွားကြီးသုံးယောက်အား ကျွန်ုပ်တို့အုပ်စုက ဤသို့ တောင်းပန်လိုက်သည်။

ထို့နောက် ဘဒ္ဒေးအား…

'ဘဒ္ဒေးရယ်… မသေကောင်း မပျောက်ကောင်း၊ အခုလို ပြန်တွေ့ရတဲ့အတွက် ကျွန်တော်တို့ အရမ်းဝမ်းသာတာပဲ'

'ငါလည်း မင်းတို့ကို တွေ့ရတာ ဘုရားသိကြားမသလို ပါပဲကွာ'

'ဒါနဲ့ ဘဒ္ဒေး ဘယ်လိုဘယ်ပုံဖြစ်တယ်ဆိုတာ ပြောပြ ပါဦး'

'အေးပါ… ဖြစ်ကြောင်းကုန်စင် ပြောပြပါ့မယ်'

ထိုသို့ဖြင့် ဘဒ္ဒေးက ထိုနေ့သနေက အဖြစ်အပျက်အားလုံးကို ကျွန်ုပ်အား ဤသို့ ပြောပြခဲ့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)
## နှတ်ခေါင်းပေါ်က ပြန်ခဲ့သူ

ထိုနေ့ညနေက ဦးပန်းအောင်၊ မောင်စိုင်း၊ ခွန်ဝင်းနိုင်တို့ သုံးယောက်သည် ဦးကြီးတို့လူစုနှင့်ခွဲကာ ဦးပန်းအောင် ပစ်လိုက်သဖြင့် ဒဏ်ရာရနေသော ဆတ်ကြီးနောက်သို့ လိုက်ခဲ့ကြသည်။ ကနဦးက သူတို့သုံးဦးသည် အတူတူတောလိုက်ခဲ့သော်လည်း ဦးပန်းအောင်က ဆတ်ကြီးကို အမိအရပစ်ရန် လူစုခွဲ၍ လိုက်စေခဲ့သည်။

ဦးပန်းအောင်တစ်ဦးတည်း ဆတ်ကြီးနောက်သို့ လိုက်ခဲ့ရာ ချောက်ကမ်းပါးအနီးရှိ သစ်ပင်တစ်ပင်အောက်တွင် ဆတ်ကြီးကို တွေ့လိုက်ရသည်။

သို့သော် သူမြင်သည့် မြင်ကွင်းမှာ ဆတ်ကြီးတစ်ကောင်တည်းမဟုတ်ဘဲ ဆတ်ကြီး၏လည်ပင်းကို အစွယ်များထနေသည့် မြွေကြီးတစ်ကောင်က ရစ်ပတ်ဆွဲနေသဖြင့် ဆတ်ကြီးမှာ ယက်ကန်ယက်ကန်ဖြစ်နေသည်။





'ဟာ... ငါပစ်လိုက်တဲ့ ဆတ်ကြီးကို မြွေကြီးက အမြီးနဲ့ရစ်ပတ်ပြီး ဆွဲယူနေတာပဲ၊ မြွေကြီးကို သေနတ်နဲ့ပစ်မှပဲ'

ဦးပန်းအောင်က ဤသို့စိတ်ကူးပြီး...

'ဒိုင်း...' 'ဒိုင်း...' 'ဒိုင်း...'

ဟူ၍ သေနတ်နှင့် လှမ်းပစ်လိုက်ရာ မြွေကြီး၏အမြီးကို သေနတ်ထိသွားပြီး ဆတ်ကြီးအား ရစ်ပတ်ထားခြင်းမှ ပြေလျော့သွားပြီး မြွေကြီးမှာ တောထဲဝင်ရောက်ပျောက်ကွယ်သွားသည်။

'မြွေကြီးတော့ ဒဏ်ရာရပြီး တောထဲဝင်သွားပြီ၊ ဆတ်ကြီးကို သွားကြည့်ဦးမှပဲ'

ထိုသို့စဉ်းစားပြီး ဆတ်ကြီးအနီးသို့ ရောက်လာခဲ့သည်။

ဆတ်ကြီးမှာ မြွေကြီးလည်ပင်းညှစ်သည့် ဒဏ်ရာကြောင့် သေပျောက်နေကြောင်း တွေ့ရှိရသည်။

'ဟာ... ဆတ်ကြီး သေနေပြီ၊ ဘာပဲဖြစ်ဖြစ် ဆတ်သေကြီးကို ထမ်းပြီးပြန်မှပဲ'

ဤသို့တွေးပြီး ဆတ်ကြီးကိုထမ်းလိုက်ရာ ကိုပန်းအောင်၏တစ်ကိုယ်လုံးမှာ ဆတ်သွေးများနှင့် ပေကျံသွားတော့သည်။

'ဟာ... ငါ့တစ်ကိုယ်လုံး ဆတ်သွေးတွေ ပေသွားပြီ'

ထိုသို့တွေးတောပြီး ဆတ်ကြီးကိုထမ်းပြီး ထိုသစ်ပင်အောက်မှ ထလိုက်ရာ တစ်စုံတစ်ခုသည် သူ၏ခြေထောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ဆွဲကိုင်လိုက်သည့်နှယ် ခံစားရကာ မြွေကြီးပေါ်သို့ ဘုန်းခနဲလဲကျသွားပြီး ဆတ်ကြီးမှာလည်း အဝေးသို့ လွင့်စဉ်သွား ခဲ့သည်။

'ဘုန်း…'

'ဟာ… ငါ ဘယ်လိုဖြစ်ပါလိမ့်'

ဦးပန်းအောင်၏ ခြေထောက်နှစ်ချောင်းကို မြွေကြီးက ရစ်ပတ်ပြီး အလွန်လျင်မြန်သောအရှိန်ဖြင့် ဆွဲယူသွားခဲ့သည်။ ဦးပန်းအောင်မှာ ခြေထောက်နှစ်ချောင်းအား ကြိုးချည်ပြီး အလွန် လျင်မြန်စွာ ဆွဲသွားသကဲ့သို့ ခံစားရင်း လိုက်ပါသွားခဲ့သည်။ တချို့နေရာများတွင် တွေ့ရသည့် မြက်ဖုတ်များကို ဆွဲရာ တချို့မှာ ထက်ပိုင်းပြတ်ပါသလို တချို့မှာလည်း မြက်ဖုတ်လိုက်ကျွတ်၍ ပါလာသည်။

ဦးပန်းအောင်မှာ မြွေကြီးဆွဲသွားရာသို့ တောက်လျှောက် လိုက်ပါသွားခဲ့သည်။ ထိုမြွေကြီးမှာ ချောက်ကမ်းပါးထဲသို့ အရှိန် ပြင်းစွာ ဆင်းသွားသဖြင့်…

'ဘုရား… ဘုရား… ချောက်ကြီးပါလား'

သူ၏ တဘက်အပြောကလေးမှာ ချောက်ထဲတွင် လွင့် မျောပါသွားတော့သည်။

သူသည် ကြောက်လွန်းအားကြီးသဖြင့် မျက်စိမှိတ်ထား လိုက်သည်။





မြွေကြီးမှာ ချောက်ကမ်းပါးအလယ်လောက်ရှိ အပေါက် မှ နတ်တောင်ထိပ်သို့ ဆွဲယူသွားခဲ့သည်။

(ထိုအပေါက်မှာ ကျွန်ုပ်တို့ တွေ့ရှိသည့် အရိုးတောင် ပုံအနီးရှိ အပေါက်ပင်ဖြစ်သည်။)

လိုဏ်ခေါင်းတစ်ခုလုံးတွင် ခြေထောက်မှ ဆွဲသွားသည့် အတွက် ခြေထောက်နှစ်ချောင်းစလုံး သွင်သွင်ကျိုးကာ လက်နှင့် မျက်နှာအပါအဝင် ခန္ဓာကိုယ်တစ်ခုလုံးမှာ ရစရာမရှိအောင် ဒဏ်ရာဒဏ်ချက်များနှင့် သွေးချင်းချင်းနီကာ နောက်ဆုံးတွင် နတ်စင်ရှေ့သို့ရောက်မှ မြွေကြီးက လွှတ်လိုက်သည်။

ဦးပန်းအောင်သည် ဒဏ်ရာပြင်းထန်စွာရပြီး နတ်စင် ရှေ့၌ သတိလစ်သွားခဲ့သည်။

မည်မျှကြာအောင် သတိလစ်သွားသည် မသိချေ။

ဦးပန်းအောင် သတိပြန်ရချိန်တွင် ညဥ့်သန်းခေါင်ယံ အချိန်သို့ ရောက်ရှိနေသည်။ တောင်ထိပ်အရပ်ဖြစ်၍ လေတဟူး ဟူးတိုက်ခတ်နေသည်။ ထိုစဉ်…

'အဟင်း… ဟင်း… ဟင်း…'

'အဟီး… ဟီး… ဟီး…'

ဟူသော အသံနှင့်အတူ ပဲ့တင်ဟိန်းထွက်လာသည်။

'အလိုလေးလေး… မကောင်းဆိုးဝါး ညည်းသံကြီးပါ လား'



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရပြီး လုံးဝမထနိုင်သည့်အချိန်တွင် မကောင်းဆိုးဝါး ညည်းသံကြီးကို ကြားလိုက်သဖြင့် တစ်ကိုယ်လုံး တုန်တက်သွားအောင် ကြောက်လန့်မိသည်။

ထိုအချိန်တွင် မီးအိမ်ကိုင်ဆွဲထားသော အဝတ်မည်းခြုံထားသည့် သဏ္ဍာန်သုံးခုမှာ လိုဏ်ခေါင်းထဲမှ ထွက်ပေါ်လာခဲ့ရာ…

'ဟာ… သရဲမသုံးကောင် ရောက်လာတာနဲ့တူတယ်'

ဦးပန်းအောင်မှာ ဤသို့ တွေးလိုက်မိသည်။ သို့သော် မလှုပ်ရှားနိုင်သည့် အခြေအနေဖြစ်၍ မျက်စိမှိတ်ကာ ဘုရားစာများကို ရွတ်ဆိုနေမိသည်။

တဖြည်းဖြည်းနှင့် ထိုသဏ္ဍာန်သုံးခုမှာ ဦးပန်းအောင်၏ အနီးသို့ ရောက်လာပြီး…

'ဟင်… သွေးသံရဲရဲနဲ့ပါလား'

အသံတုန်တုန်ယင်ယင်နှင့် ပြောလိုက်သည့်အသံ ကြားလိုက်ရသဖြင့် ဦးပန်းအောင်က အရဲစွန့်ပြီး…

'အသင်တို့က ဘယ်သူတွေလဲ'

ဟူ၍ ခပ်ကြောက်ကြောက်နှင့် မေးလိုက်ရာ…

'ငါတို့က ဒီတောင်ပေါ်မှာနေတဲ့ အဘွားအိုတွေဖြစ်တယ်'

ဤတွင် ဦးပန်းအောင်မှာ အနည်းငယ် အကြောက်ပြေသွားပြီး…





'ဒါဆိုရင် သရဲမဟုတ်ဘူးပေါ့'

ဟူ၍ မေးလိုက်သည်။

'ငါတို့က သရဲမဟုတ်ပါ၊ အသင်ကရော ဘယ်လိုဖြစ်ပြီး ဒီတောင်ပေါ်ကို ရောက်နေရသလဲ'

အဘွားအိုက ဦးပန်းအောင်ကို ဤသို့ပြန်မေးလိုက်သည်။

'ဟုတ်တာပေါ့ကွယ်၊ လွန်ခဲ့တဲ့ သုံး၊ လေးရက်လောက်တုန်းက နွယ်ရှင်တွေဟာ ဆတ်ကြီးတစ်ကောင်ကို ဒီတောင်ပေါ် ဆွဲတင်လာခဲ့တယ်'

'ဟုတ်ပါတယ်၊ အဲဒီညက ကျွန်တော်ဟာ ဒီတောကြီးမှာ ရှိတယ်'

'မှန်းစမ်း… မင်းတစ်ကိုယ်လုံး သွေးတွေအများကြီးပဲ၊ အဘွားတို့ တစ်စွမ်းသလောက် ဆေးကုပေးမယ်'

ထိုသို့ပြောပြီးနောက် တောင်ပေါ်ရှိ ဆေးရွက်များကို ထောင်းကာ ဦးပန်းအောင်၏ ဒဏ်ရာများပေါ်သို့ အရည်ညှစ်ပေးခဲ့သည်။

ဒဏ်ရာပေါ်သို့ ဆေးရည်များ ညှစ်ချသည့်အတွက် ဖျတ်ဖျတ်လူးမျှ နာကျင်မှုကို ခံစားလိုက်ရသည်။

ထိုစဉ် လိုဏ်ခေါင်းဝမှ စိမ်းဖန့်ဖန့်အရောင်တစ်ခု ထွက်ပေါ်လာခဲ့သည်။

ဦးပန်းအောင်က လှမ်းကြည့်လိုက်ရာ တစ်ခါက တော



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ်က တွေ့လိုက်ရသည့် အဏာမြူရောင် တောက်ပနေသည့် ကျားကြီးဖြစ်နေမှန်း သိလိုက်ရသဖြင့် ကြောက်လန့်တကြားဖြစ်ကာ…

'အမလေး… ကျားကြီး၊ ကျားကြီး'

ဟူ၍ အော်ဟစ်လိုက်သည်။

သည်တွင် အဘွားအိုကြီးတစ်ဦးက…

'လူကလေး မကြောက်ပါနဲ့၊ ဒီကျားကြီးဟာ အဘွားတို့ မွေးထားတဲ့ ကျားကြီးပါ'

'ကျားကြီးက ဘာဖြစ်လို့ စိမ်းဖန့်ဖန့်အရောင်တွေတောက်နေရတာလဲ၊ ဘာကျားမို့လို့လဲ အဘွား'

'သြော်… အစိမ်းရောင်တောက်နေတာလား၊ ဒါကြောင့် တချို့က နတ်ကျားလို့ပြောကြတာ၊ အမှန်တော့ ဒီလိုဏ်ဂူထဲမှာ ညအခါ အစိမ်းရောင်ထွက်တဲ့ မီးစုန်းလို့ခေါ်တဲ့ မြေမှုန်တွေ လူးထားတာပါ၊ အရောင်တွေတောက်တော့ တောရိုင်းတိရစ္ဆာန်တွေက ကြောက်တာပေါ့ကွယ်'

'သြော်… လက်စသတ်တော့ နတ်ကျားဆိုတာ ဒါကိုး'

'ကဲ… မင်းရဲ့ဒဏ်ရာတွေ ဘယ်လိုနေသလဲ'

'တော်တော်တော့ သက်သာပါတယ်၊ ဒါပေမဲ့ သိပ်ပြီး မလှုပ်ရှားနိုင်သေးဘူး'

'ဒါဆိုရင် ဒီနားက တောင်ကမူလေးထဲက လိုဏ်ဂူထဲမှာ ဝင်နေလိုက်ပါ'



BURMESE CLASSIC .com



'ဟုတ်ကဲ့ပါ အဘွား'

အဘွားသုံးဦးက ဦးပန်းအောင်ကို ဆွဲသွားပြီး လိုဏ်ဂူအတွင်း ထားခဲ့သည်။ ထို့နောက် နေ့စဉ် ဆေးရည်ညှစ်ပေးခြင်း၊ အစားအစာကျွေးမွေးခြင်းတို့ ပြုလုပ်ကာ ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ဦးပန်းအောင်မှာ အနာများ ကျက်စပြုနေသော်လည်း ခြေထောက်နှစ်ချောင်းမှာ သွင်သွင်ကျိုးနေသဖြင့် ယခုတိုင် ထိုနေရာ၌ နေရခြင်းဖြစ်ပေသည်။

ဘဒွေးက ရှင်းပြီးမှ မကောင်းဆိုးဝါး ညည်းသံအကြောင်း၊ နွယ်ရှင်အကြောင်းနှင့် အဏာမြူရောင် တောက်ပနေသည့် ကျားကြီးအကြောင်းကို သိခွင့်ရခဲ့သည်။

ဦးခေါင်းခွံအရိုးမရှိသည့် အရိုးတောင်ပုံကိစ္စလည်း အတော်ပင် ရှင်းလင်းစွာ သိခဲ့ရပြီ။ တစ်ခု ကျန်နေသေးသည်။

ဤသည်မှာ လှိုဏ်ထဲမှ အခိုးအငွေ့များလော၊ ဝိညာဉ်များလော ထွက်လာသည့်ကိစ္စ ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့က…

'ဘဒွေး ဟိုနေ့ကညက လှိုဏ်ထဲက အခိုးအငွေ့တွေ ထွက်လာတာရော ဘာကြောင့်လဲဆိုတာ ဘဒွေး သိလား'

'သြော်… ဒါလား သိတာပေါ့ကွာ၊ လှိုဏ်ထဲမှာ ရေစပ်စပ်ရှိတယ်၊ တစ်နေ့လုံး ပူထားတာ၊ အဲဒီရေတွေ အငွေ့ပျံပြီး



www.burmeseclassic.com

www.burmeseclassic.com



ညဘက်မှာ အခိုးအငွေ့ဖြစ်ပြီး အပေါ်တက်လာတာ'

'မသိပါဘူး ဘခွေးရယ်၊ ကျွန်တော်တို့က ဘခွေး သေပြီး ဝိညာဉ်ဘဝနဲ့ လမ်းပြတယ်လို့ထင်တာ'

'မင်းတို့ကတော့ကွာ၊ ပြောလိုက်ရင် တလွဲတွေချည်းပဲ'

'ဘခွေးရေ… ဒီတစ်ခါ လုပ်တာတော့ မလွဲတော့ဘူး၊ အမှန်အကန်ပဲနော်'

'ဟုတ်တယ်… ဟုတ်တယ်၊ ဒီတစ်ခါ မင်းတို့လုပ်တာကတော့ ကြက်ကန်းဆန်အိုးတိုးတာပဲ'

'ဟား… ဟား… ဟား…'

အခုမှပင် ကျွန်ုပ်တို့အုပ်စုမှာ လွတ်လပ်စွာ ရယ်မောနိုင်ခဲ့သည်။

ကျွန်ုပ်တို့အုပ်စုမှာ ဘခွေးကို တစ်ယောက်တစ်လှည့်စီ ထမ်းကာ လှိုဏ်မြောင်ကြီးအတွင်းမှ ခက်ခက်ခဲခဲ သယ်ဆောင်လာခဲ့ကြသည်။

ထိုသို့ဖြင့် လင့်စင်အောက်သို့ ရောက်လာခဲ့သည်။ လင့်စင်ကိုဖျက်ပြီး ဘခွေးကို ထမ်းစင်ဖြင့်ထမ်းကာ ရွာသို့ပြန်လာခဲ့သည်။

အပြန်ခရီးတွင် ခေါင်းကိုမော့ကာ ရင်ကိုကော့ပြီး ဝင့်ကြွားသော ခြေလှမ်းများဖြင့် ပြန်လာခဲ့ကြသည်။





ရွာသို့အဝင် ဖိုးနီတို့အုပ်စု နွားကျောင်းနေသည်ကို လှမ်းမြင်ရသဖြင့်…

'ဖိုးနီရေ… ဖိုးနီရေ'

'ဗျာ… ကိုစိုင်း'

'ဘခွေး ပါလာပြီဟေ့'ဟူ၍ ကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာလှမ်းအော်လိုက်ရာ ဖိုးနီမှာ လွန်စွာအားရဝမ်းသာသွားပြီး-

'ဘခွေး ပြန်ပါလာပြီ၊ ဟုတ်လား'

ဟူ၍ အော်ဟစ်ကာ အပြေးကလေး ရောက်လာသည်။

'ဘခွေး ပြန်လာပြီဟေ့'

'ဘခွေး နေကောင်းလား'

'အေးကွယ်'

'ဒါဆို ဖိုးကြည်က ရွာထဲကို အရင်ပြေးပြီး ဘခွေး ပါလာပြီလို့ သွားအော်ချည်'

'အေး… အေး…'

ဖိုးကြည်ကလည်း ပျော်ရွှင်မြူးထူးစွာ ခုန်ပေါက်ပြေးလွှားသွားပါတော့သည်။ ကျွန်ုပ်တို့ ရွာထဲသို့ အရောက်တွင်…

'ဘခွေးရေ… ဘခွေး…'

ဟူသော အသံများနှင့် အပြေးအလွှားလာသည့် လူအုပ်ကြီးကို တွေ့လိုက်ရသည်။

ထိပ်ဆုံးက ဒေါ်နန်းခေါင်ကြီးဖြစ်ပြီး သူ့နောက်က ကျွန်ုပ်၏ချစ်သူ စောနန်းခမ်းပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုစိုင်းတို့အုပ်စု ဘဒွေးကို ခေါ်လာခဲ့ပြီဗျ'

ဖိုးနီက ခပ်ကြွားကြွားကလေး ပြောလိုက်ရာ…

'မောင်စိုင်းကတော့ ဒီရွာက သူရဲကောင်းပါပဲကွာ'

ဘဒွေး၏ အမျိုးတစ်သိုက်က ဤသို့ချီးကျူးလိုက်ရာ ကျွန်ုပ်မှာ လွန်စွာပျော်ရွှင်သွားခဲ့သည်။ ကျွန်ုပ်၏ချစ်သူ စောနန်းခမ်းကလည်း…

'အစ်ကိုစိုင်းက ဘဒွေးကို ရအောင်ရှာလာနိုင်တာ နန်းတော့ အရမ်းချီးကျူးတာပဲ'

'ဒါပေါ့ နန်းရယ်၊ နန်းကိုချစ်တော့လည်း ဘဒွေးကို ရအောင်ရှာတာပေါ့'

'အစ်ကိုစိုင်းက တော်ကို တော်တာပါ'

ချစ်သူ စောနန်းခမ်း၏ စကားကြောင့် ကြက်ကန်းဆန်အိုးတိုးကာ တခွေမကြောက်ဟု ကြွေးကြော်ခဲ့သည့် ကျွန်ုပ်မှာ စိတ်ကြီးဝင်သွားပြီး တိုင်နှင့်ခေါင်းနှင့် ဆောင့်လိုက်မိပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏ မဲလန်ရွာကလေးရှိ ရွာသူရွာသားများမှာ အားလုံးပျော်ရွှင်ငြိမ်းချမ်းလျက်ရှိပြီး ကျွန်ုပ်မှာ ချစ်သူစောနန်းခမ်းကို လက်တွဲကာ ရွာလမ်းကလေးအတိုင်း ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းခဲ့ပါတော့သတည်း။

သိုက်မွှား



BURMESE CLASSIC .com

www.burmeseclassic.com